

# ၂၀၀၇ ခုနှစ် စစ်တမ်း

# မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်းအခြေမဲ့ဖြစ်ရမှုများ

ထိုင်းမြန်မာနယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း

ထိုင်းမြန်မာနယ်စပ်တလျှောက်ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း
အောက်တိုဘာလ ၂၀၀၇ ခုနှစ်

# မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်းအခြေမဲ့မှု
# ၂၀၀၇ ခုနှစ် စစ်တမ်းကောက်ယူချက်

နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူ ကရင်တိုင်းရင်းသားများရေးရာ ကော်မတီ (CIDKP)
ကရင် အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး (KORD)
ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KSWDC)
မွန် အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MRDC)
ရှမ်း အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (SRDC)
များမှ စုစည်းထားသော
ကွင်းဆင်းသုတေသနပြုချက်များနှင့် နောက်ဆုံးအခြေအနေများ

Thailand Burma Border Consortium (TBBC)
2/5 Convent Road, Bangrak, Bangkok, 10500, Thailand
tbbcbkk@tbbc.org
www.tbbc.org

ရှေ့မျက်နှာဖုံး ဓါတ်ပုံ။ ။ CIDKP, River Crossing, Kyaukgyi, 2007
MRDC, Ceasefire Area, Ye, 2007
နောက်ကျောဖုံး ဓါတ်ပုံ။ ။ KORD, Road Crossing, Papun, 2007

# မာတိကာ

စာမျက်နှာ


မြေပုံစာရင်းများနှင့် နေရာအမည်များ
အတိုကောက်များ

အကျဉ်းချုပ် ၂

၁။ နိဒါန်း ၇
၁ – ၁ နိုင်ငံတွင်းအခြေမဲ့မှုနှင့် လူသားချင်းဆိုင်ရာဆောင်ရွက်ချက် ၈
၁ – ၂ အကာအကွယ်ပေးရန် တာဝန်ရှိမှု ၁၃
၁ – ၃ မြန်မာပြည်အတွင်းသတ်တမ်းရှည်ပဋိပက္ခ ၁၅
၁ – ၄ ၂၀၀၇ခုနှစ် စစ်တမ်းကောက်ယူရခြင်းအကြောင်းရင်းနှင့် နည်းနာ ၁၈
၂။ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း အခြေမဲ့မှု၏လားရာများ ၂၅
၂ – ၁ ပဋိပက္ခကြောင့်ဖြစ်ရသော အခြေမဲ့မှု ၂၆
၂ – ၂ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ဖြစ်ရသောအခြေမဲ့မှု ၂၈
၂ – ၃ ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း အခြေမဲ့ဖြစ်မှု ၃၁
၂ – ၄ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတွင်းအခြေမဲ့နေထိုင်သူလူဦးရေ ခန့်မှန်းချက်များ ၃၅
၃။ လူထုအခြေပြုအဖွဲ့အစည်းများမှပေးပို့သော နောက်ဆုံးအခြေအနေများ ၄၃
၃ – ၁ ရှမ်းပြည်နယ်တောင်ပိုင်း ၄၄
၃ – ၂ ကရင်နီပြည်နယ် ၄၆
၃ – ၃ ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ ၄၉
၃ – ၄ ကရင်ပြည်နယ်အလယ်ပိုင်းဒေသ ၅၂
၃ – ၅ မွန်ဒေသများ ၅၄
၃ – ၆ တနင်္သာရီတိုင်း ၅၇
၄။ အကာအကွယ်မဲ့မှုနှင့် အကာအကွယ်ပေးခြင်းစုံစမ်းလေ့လာချက် ၆၁
၄ – ၁ အကာအကွယ်မဲ့မှုအား စုံစမ်းလေ့လာခြင်း ၆၂
၄ – ၂ ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများ ၇၀
၄ – ၃ အကာအကွယ်ပေးခြင်းအားစုံစမ်းလေ့လာမှု ၇၆
နောက်ဆက်တွဲများ ၈၁
၁။ ၂၀၀၇ ခုနှစ် စစ်တမ်းလွှာပုံစံ ၈၂
၂။ မြို့နယ်အလိုက်နေရပ်ရင်းစွန့်ခွာထွက်ပြေးရမှုစစ်တမ်းကောက်ယူလေ့လာချက် ၉၀
၃။ ဖျက်ဆီး၊ ရွှေ့ပြောင်း သို့မဟုတ် စွန့်ပစ်ခံရသည့်ကျေးရွာများ (၂၀၀၆ – ၇) ၉၁
၄။ ရွှေ့ပြောင်းခံရသည့်စုစည်းစခန်းများ (၂၀၀၇) ၉၄
၅။ မြန်မာပြည်အရှေ့ပိုင်း နအဖ၏စစ်တပ်ဌာနချုပ်များ (၂၀၀၇) ၉၈

# မြေပုံစာရင်းများနှင့် နေရာအမည်များ

စာမျက်နှာ

မြေပုံများ


| | |
|---|---|
| မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းများ | ၁၅ |
| စစ်တမ်းကောက်ယူရာဒေသ | ၁၈ |
| မြန်မာနိုင်ငံအရှေ့ခြမ်းစစ်ရေးတိုးချဲ့မှုများ (၂၀၀၈) | ၂၇ |
| လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဆက်နွယ်သော လုပ်ဆောင်နေဆဲ ဖွံ့ဖြိုးရေးစီမံကိန်းများ | ၂၉ |
| မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်းရှိ အခြေမဲ့ ကျေးရွာများ | ၃၃ |
| မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်းရှိ ရွှေ့ပြောင်းရေးစခန်းများ၊ ပုန်းအောင်းရာနေရာများနှင့် အပစ်ရပ်ဒေသများ (၂၀၀၇) | ၃၉ |
| ရှမ်းပြည်နယ်တောင်ပိုင်း | ၄၅ |
| ကရင်နီပြည်နယ် | ၄၇ |
| ကရင်ပြည်နယ်မြောက်ပိုင်းဒေသများ | ၅၁ |
| ကရင်ပြည်နယ်အလယ်ပိုင်းဒေသများ | ၅၃ |
| မွန်ဒေသများ | ၅၅ |
| တနင်္သာရီတိုင်း | ၅၉ |


| အသုံးထွက်နှင့် သမိုင်းဆိုင်ရာ အခေါ်များ | နအဖ၏ အခေါ်များ |
|---|---|
| Burma | Myanmar |
| Irrawaddy Division | Ayeyarwady Division |
| Karenni State | Kayah State |
| Karen State | Kayin State |
| Moulmein | Mawlamyine |
| Mergui | Myeik |
| Pa-an | Hpa-an |
| Pegu Division | Bago Division |
| Salween River | Thanlwin River |
| Sittaung River | Sittoung River |
| Tavoy | Dawei |
| Tenasserim Division | Tanintharyi Division |
| Taungoo | Toungoo |
| Rangoon | Yangon |

# အတိုကောက်များ

| | |
|---|---|
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| CIDKP | နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူ ကရင်တိုင်းရင်းသားများရေးရာ ကော်မတီ |
| DKBA | ဒီမိုကရက်တစ်ဗုဒ္ဓဘာသာတပ်မတော် |
| FBR | Free Burma Rangers |
| IASC | ကမ္ဘာ့ကုသမဂ္ဂအေဂျင်စီများဆိုင်ရာ လုပ်ငန်းကော်မတီ |
| ICRC | နိုင်ငံတကာကြက်ခြေနီအဖွဲ့ |
| IDP | နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ |
| KNLP | ကယန်းပြည်သစ်ပါတီ |
| KNPLF | ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီတိုးတက်ရေးပါတီ |
| KnSO | ကရင်နီသွေးစည်းညီညွတ်ရေးအဖွဲ့ |
| KNU | ကရင့်အမျိုးသားအစည်းအရုံး |
| KNLA | ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KORD | ကရင် အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး |
| KPF | ကရင်ငြိမ်းချမ်းရေးတပ်ဦး |
| KSWDC | ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| MRDC | မွန် အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| NMSP | မွန်ပြည်သစ်ပါတီ |
| OCHA | (ကမ္ဘာ့ကုလသမဂ္ဂ) လူသားချင်းဆိုင်ရာအကူအညီပေးရေး စီမံခန့်ခွဲမှုရုံး |
| PNO | ပအိုဝ် အမျိုးသားအဖွဲ့ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| SSA-S | ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) |
| SSA-N | ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) |
| SSNA | ရှမ်းပြည်နယ်အမျိုးသားတပ်မတော် |
| SNPLO | ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ |
| SRDC | ရှမ်း အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| TBBC | ထိုင်းမြန်မာနယ်ခြားအဖွဲ့ |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNGA | ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ |
| UNSC | လုံခြုံရေးကောင်စီ |
| UWSA | ဝအမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် |



PHOTO : CIDKP, In Hiding, Kyaukgyi, 2007



PHOTO : KHRG, New Arrivals on the Salween River, 2006

# အကျဉ်းချုပ်

# အကျဉ်းချုပ်

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအား မြန်မာစစ်အစိုးရမှ ရက်စက်စွာဖြိုခွင်းလိုက်ခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့ ငြိမ်းချမ်းစွာပြောင်းလဲနိုင်ရန်အတွက် မျှော်လင့်ချက်သည် တဖန်မှေးမှိန်ကွယ်ပျောက်ခဲ့ရပြန်သည်။ ကမ္ဘာအဝှမ်းသို့ ပြန့်နှံ့ရောက်ရှိလာသော ဓါတ်ပုံများက လူထု၏ နိုင်ငံရေးဆန္ဒမှာ အမျိုးသားရင်ကြားစေ့ရေးနှင့် စစ်အုပ်ချုပ်မှု အဆုံးသတ်ရေးဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ဖေါ်ပြနေသည်။ မီဒီယာများလက်လှမ်းမမှီသော စစ်အစိုးရ၏ ရက်စက်မှုနှင့် နေ့တဓူဝ အသက်ရှင်သန်ရေးအတွက် ရုန်းကန်အသက်ရှင်ရမှုသည် မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့ လှည့်လည် နေထိုင်သူများ၏ ထိတ်လန့်ဖွယ်ရာ အခြေအနေများပင်ဖြစ်သည်။

ထိုင်းမြန်မာနယ်ခြားအဖွဲ့ (TBBC) သည် ၂၀၀၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံအရှေ့ခြမ်းဒေသအတွင်း နိုင်ငံတွင်းအခြေမဲ့မှု၏ အကြောင်းရင်းများ မှတ်တမ်းတင်ရန်အတွက် တိုင်းရင်းသားလူမျိုးစုများကို အခြေပြုသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေဆဲဖြစ်သည်။ ၃၈ မြို့နယ်အတွင်း ဖြေဆိုသူများ၏ ဖြေဆိုချက် စစ်တမ်းများအပေါ်အခြေခံ၍ စစ်တပ်တိုးချဲ့ခြင်းနှင့် နိုင်ငံတော်မှ ဆောင်ရွက်သော ဖွံ့ဖြိုးရေးစီမံကိန်းများ၏ သက်ရောက်မှုများအား မှတ်တမ်းတင်ခြင်း နှင့် နိုင်ငံတွင်း အခြေမဲ့ လှည့်လည်နေထိုင်မှု၏ ပမာဏနှင့် ဖြန့်ကျက်မှုများကို ယခုနှစ်သုတေသနပြုချက်က ခန့်မှန်း တွက်ချက်ထားသည်။ အကာအကွယ်မဲ့ခြင်း၊ ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများ နှင့် ပိုမို ကောင်းမွန် သော အကာအကွယ်ရရှိရေး ကြိုးပမ်းအားထုတ်ခြင်းများ၏ လားရာများကို ပြည်နယ်နှင့် တိုင်း ၆ ခု အတွင်း နေထိုင်နေသော အိမ်ထောင်စု ၁၀၀၀ နီးပါးဖြင့် ရွေးချယ်၊ တွေ့ဆုံ မေးမြန်းကာ အဆင့်ဆင့် နမူနာနည်းနာများကို အသုံးပြု၍ စုံစမ်းလေ့လာထားခြင်းဖြစ်သည်။

တနိုင်ငံလုံးတွင် တပ်ဆွဲထားသော မြန်မာစစ်တပ်၏ ရာခိုင်နှုန်း ၃၀ ထက်မကသော အင်အားနှင့် ညီမျှသော ခလရ၊ ခမရ တပ်ရင်းပေါင်း ၂၇၃ ရင်းအား မြန်မာနိုင်ငံအရှေ့ခြမ်းတွင် တပ်ဆွဲထားကြောင်း ယခုနှစ်စစ်တမ်းက တွေ့ရှိခဲ့သည်။ ယေဘုယျအားဖြင့် ယင်းတပ်ရင်းတပ်ဖွဲ့များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စစ်ဌာနချုပ်များဖြစ်သော မြိတ်မြို့ အခြေစိုက် ကမ်းရိုးတန်းစစ်ဌာနချုပ်၊ မော်လမြိုင်မြို့အခြေစိုက် အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူမြို့အခြေစိုက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးမြို့အခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကျိုင်းတုံမြို့အခြေစိုက် ကြိဂံတိုင်းဒေသစစ်ဌာနချုပ်များ၏ အောက်တွင် ရှိကြသည်။ ယခုအစီရင်ခံစာတွင်ပါရှိသော မှတ်တမ်းများအရ စစ်တပ်၏ တန်ပြန်သောင်းကျန်းသူနှိမ်နင်းရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတခုဖြစ်သော မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် တိုင်းပြည်အတွင်းအခြေမဲ့မှု၏ အဓိကအကြောင်းတခုဖြစ်သည့်အပြင် လူသားမျိုးနွယ်တခုလုံးအား ဆန့်ကျင်သော ပြစ်မှုအားကျူးလွန်ခြင်းလည်းဖြစ်ကြောင်း တွေ့ရှိရသည်။ စစ်တပ်အတွင်း ညံ့ဖျင်းသော စီမံခန့်ခွဲမှု၊ မလုံလောက်သောရိက္ခာနှင့် ခက်ခဲသော အခြေအနေများကြောင့် စစ်တပ်အတွင်း စိတ်ဓါတ်ပျက်ပြားမှုများဖြစ်ပေါ်ခြင်းနှင့် လွန်ခဲ့သော နှစ်အတွင်းတွင် တပ်ပြေးမှု ၈ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု စစ်တပ်ခေါင်းဆောင်ပိုင်းကပင် ဝန်ခံခဲ့သည်။

နိုင်ငံတော်မှဆောင်ရွက်သော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ခြင်း ဆိုသည်ထက် အဓိကအားဖြင့် ကျေးလက်ဒေသများအတွင်း စစ်တပ်ထိမ်းချုပ်မှု ပိုမိုအားကောင်း လာစေရေးနှင့် အခြေမဲ့မှုများ ပိုမိုဖြစ်လာစေရေးကိုသာ ထပ်လောင်းအားဖြည့်ရာ ရောက်နေသည်။ သံလွင်မြစ်ကြောင်းတလျှောက်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် ရေကာတာများ ဆောက်လုပ်ရန် သတ်မှတ်ထားသောနေရာများ အနီးတဝိုက်ရှိ ဒေသများတွင် လုပ်ကိုင်စားသောက် နေသော လူထု၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများသည် ပိုမို၍ ယုတ်လျော့လာခဲ့ပြီး အထူးသဖြင့် စက်တင်ဘာလတွင် ကရင်ပြည်နယ်အတွင်းရှိ ဟတ်ကြီးရေကာတာ တည်ဆောက်ရာ နေရာအနီး၌ နောက်ထပ် တပ်အင်အားများပိုမို၍ ချထားခဲ့သည်။ အလားတူစွာပင် ထိုင်းနိုင်ငံသို့ ပို့ဆောင် ပေးနေသော ဓါတ်ငွေ့ပိုက်လိုင်းလုံခြုံရေးအတွက် အဓမ္မလုပ်အားပေးခိုင်းစေမှုကြောင့် မွန်ရွာသားများ ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများသည်လည်း ဆက်လက်၍ ဆိုးဝါးနေဆဲ ဖြစ်သည်။ အစိုးရ၏ ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်း တိုးချဲ့စိုက်ပျိုးခြင်းကြောင့် ရှမ်းပြည်တောင်ပိုင်း ဒေသတွင် မြေယာ သိမ်းယူခြင်း၊ ငွေညှစ်ခြင်း နှင့် အတင်းအဓမ္မ စိုက်ပျိုးခိုင်းခြင်းများကို ပိုမို၍ စနစ်တကျနှင့် ချိုးဖောက်နေသည်ဟူသော အစီရင်ခံတင်ပြမှုများ ရှိခဲ့သည်။ ဒေသခံစစ်တပ်တပ်မှူးများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအကြား ပူးပေါင်းလုပ်ကိုင်နေသော ဆီအုန်းနှင့် ရာဘာစိုက်ခင်း စီမံကိန်းများ ကြောင့် တနင်္သာရီတိုင်း အတွင်းတွင်လည်း အလားတူပြဿနာများပေါ်ပေါက်ခဲ့သည်။ မြောက်ပိုင်း ကရင်နီပြည်နယ်တွင် လယ်မြေဧက ၃၀၀၀ ကျော်အား စက်မှုဇုံတည်ဆောက်ရန်အတွက် သိမ်းယူခဲ့ သည်။

လွန်ခဲ့သောနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှောင်တိမ်း ခြင်းကြောင့်သော်လည်းကောင်း သို့မဟုတ် ယင်းပဋိပက္ခ နှင့် ချိုးဖောက်မှုများ၏ ရလဒ်ကြောင့်သော် လည်းကောင်း ခန့်မှန်းခြေ လူပေါင်း ၇၆၀၀၀ ကျော်သည် ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာ၍ ထွက် ပြေးခဲ့ရသည်။ တနင်္သာရီတိုင်းတွင် ချုပ်ချယ်ကန့်သတ်ချက်များ လျော့ပါးသွားမှုနှင့် အဓိကဆက်နွယ် သောကြောင့် လွန်ခဲ့သောနှစ်တွင် အခြေမဲ့လူဦးရေအရေအတွက် အနည်းငယ် လျော့ကျသွားခဲ့သည်။ ကရင်ပြည်နယ်မြောက်ဖက်ခြမ်းနှင့် ပဲခူးတိုင်းအရှေ့ခြမ်းတွင် အဓမ္မ ပြောင်းရွှေ့မှုများ အဓိက ဖြစ်ပေါ်ခဲ့ပြီး တဆက်တည်းမှာပင် ခန့်မှန်းခြေ အရပ်သားပြည်သူပေါင်း ၄၃၀၀၀ ခန့်သည် တန်ပြန်သောင်းကျန်းသူချေမှုန်းရေးစစ်ဆင်ရေးများကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ ၎င်းမြို့နယ် လေးမြို့နယ်အတွင်း သေဆုံးမှု ကိန်းဂဏန်းကို မသိရှိရသော်လည်း၊ ၂၀၀၇ ခုနှစ် သံတောင်မြို့နယ် တခုတည်းတွင် မြန်မာစစ်တပ်၏လက်ချက်ကြောင့် ကျေးရွာသား ၃၈ ဦး သေဆုံး ခဲ့ရသည်။

၁၉၉၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ခြမ်းတွင် ရွာပေါင်း ၃၀၀၀ ကျော်သည် ဖျက်ဆီးခံရခြင်း သို့မဟုတ် အတင်းအဓမ္မပြောင်းရွှေ့ခံရခြင်း သို့မဟုတ် စွန့်ခွာထွက်ပြေးခဲ့ရခြင်းများ ဖြစ်ခဲ့သည်ဟု ယခင်ကာလများတွင် TBBC က အစီရင်ခဲ့ပြီး ဖြစ်သည်။ ယင်းကွင်းဆင်း အစီရင်ခံချက်များကို ကျေးရွာများအား စွန့်ခွာပြီးနောက်နှင့် မစွန့်ခွာချိန်တွင် ပုဂ္ဂလိက ဂြိုလ်တုများမှ တဆင့် ရိုက်ယူထားသော ပြတ်သားရှင်းလင်းသည့် ဓါတ်ပုံများနှင့် မကြာသေးမီက ပေါင်းစပ်ခဲ့သည်။ ဓါတ်ပုံသက်သေအထောက် အထားများတွင် အဓမ္မပြောင်းရွှေ့ခံခဲ့ရသော ကျေးရွာများမှ အဆောက် အဦးများ ဖယ်ရှားခံရမှုနှင့်

ယခင်ရှိခဲ့သော ဖျက်ဆီးခံခဲ့ရသည့် ကျေးရွာများ၏ မီးလောင်ပြင်များ ပါဝင် သည်။ ယမန်နှစ်အတွင်းတွင် အနည်းဆုံး ကျေးရွာ ၁၆၇ ရွာသည် ရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့ရသည်။

သို့သော် မြန်မာနိုင်ငံအရှေ့ခြမ်းဒေသအတွင်း နိုင်ငံအတွင်းအခြေမဲ့မှုသည် များသောအားဖြင့် ရွာလုံးကျွတ်ပုံစံ အတင်းအဓမ္မပြောင်းရွှေ့ခံရသည်ထက် အုပ်စုငယ်ပုံစံဖြင့် အခြေမဲ့လှုပ်ရှား နေကြသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ မြေသိမ်းခံရခြင်း၊ ပစ္စည်းဥစ္စာအသိမ်းခံရခြင်း၊ အဓမ္မသိမ်းယူရေး ပေါ်လစီ၊ ခွဲတမ်းချသီးနှံစိုက်ပျိုးရခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ဥပဒေမဲ့ အခွန်ကောက်ခြင်း၊ ငွေညှစ်ခြင်းနှင့် စိုက်ခင်းများ၊ ဈေးများသို့သွားလာခွင့် ကန့်သတ် ချုပ်ချယ်ခြင်း များကြောင့် ဖြစ်ပေါ်ရသော ဆင်းရဲမွဲတေမှု၊ အတင်းအကြပ် ပြောင်းရွှေ့ခံရခြင်းများနှင့် ဆက်နွယ်သည်။ ထိုကဲ့သို့သော လုံးဝရှောင်လွှဲ၍မရသော အခြေအနေများသည် ဆန္ဒအလျောက်ဖြင့် သော်လည်းကောင်း၊ အကျိုးအမြတ်အား မျှော်ကိုး၍ သော်လည်းကောင်း၊ သို့မဟုတ် စီးပွားရေးအရ ရွှေ့ပြောင်းအခြေချသော အချက်အလက်များနှင့် ဗီလာဆန့်ကျင် ကွဲပြားသည်။

၎င်းင်းတို့၏အိုးအိမ်များအား အတင်းအကြပ်ဖြင့်သော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း စွန့်ခွာထွက်ပြေးခဲ့ရသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူအရေအတွက်၊ မူရင်းနေရပ်သို့ ပြန်နိုင်ခွင့်မရသေးသော သို့မဟုတ် ပြန်လည်အခြေချနိုင်ခွင့်မရှိသေးသော လူဦးရေအရေအတွက် နှင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်အခြေချနိုင်ခွင့်မရှိသော လူဦးရေစုစုပေါင်း သန်းတဝက်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ယင်းအခြေမဲ့လူဦးရေတွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ထိမ်းချုပ်ထားသော အပစ်ရပ်ဒေသများတွင် လက်တလောယာယီအခြေချနေထိုင်နေသည့် လူဦးရေ ၂၉၅၀၀၀ ပါဝင်သည်။ တဖန် အရပ်သား ၉၉၀၀၀ ကျော်သည် စစ်တပ်၏ တိုက်ခိုက်မှုများကို အများဆုံး ခံရသောဒေသများတွင် နအဖရန်မှ ကင်းဝေးစေရေး ပုန်းခိုနေကြသကဲ့သို့ ခန့်မှန်းခြေ ရွာသား ၁၀၉၀၀၀ သည် နအဖ၏ ပြောင်းရွှေ့အမိန့်ကိုနာခံကာ ရွှေ့ပြောင်းရေးစခန်းများဆီသို့ ပြောင်းရွှေ့ နေထိုင် နေကြသည်ဟု ခန့်မှန်းရသည်။

စုစုပေါင်းကိန်းဂဏန်းများကို ယမန်နှစ်ဖြင့် ယှဉ်ကြည့်ပါက ရွှေ့ပြောင်းရေးစခန်းများအတွင်း နေထိုင်နေသူ ခန့်မှန်းခြေအရေအတွက် နိမ့်ကျသွားရသောအကြောင်းမှာ တနင်္သာရီတိုင်းနှင့် ရှမ်းပြည်နယ် အနီးတဝိုက်ရှိ မူလကျေးရွာများသို့ ရွာသားများပြန်လည်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ပြန်လည်အခြေချခြင်းကြောင့် ဖြစ်သည်။ သို့သော်ငြား ၎င်းရွှေ့ပြောင်းမှုများသည် မည်မျှ တာရှည် ခံမည်ကိုတော့ မသိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကရင်ပြည်မြောက်ပိုင်း၊ ပဲခူးတိုင်း အရှေ့ခြမ်းနှင့် မွန်ပြည်နယ်မြောက်ဖက်ခြမ်းအတွင်း နအဖ၏ အတင်းအကြပ်ပြောင်းရွှေ့မှုနှင့် ကျေးရွာများ စုစည်းမှုသည် တစတစတိုးမြင့်လာနေသောကြောင့်ဖြစ်သည်။ တိုင်းရင်းသား အပစ်ရပ်ဒေသများအတွင်း နိုင်ငံအတွင်းအခြေမဲ့မှုအရေအတွက်ခန့်မှန်းခြေ အများအပြား တိုးတက် လာရခြင်းမှာ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာတပ်မတော် (DKBA) နှင့် လောလောလတ်လတ် တည်ထောင်ထားသော အဖွဲ့အသစ်ဖြစ်သည့် ကေအန်ယူ၊ ကေအန်အယ်အေ ငြိမ်းချမ်းရေးကောင်စီ၏ အာဏာစက်ဝန်းကျ ယ် ပြန့်လာမှုနှင့် ကရင်ပြည်နယ် အလယ်ပိုင်းဒေသအတွင်း မတည်ငြိမ်မှုများကြောင့်ဖြစ်သည်။ ပုန်းခိုရာ

ဒေသများအတွင်း လူဦးရေအနည်းငယ် တိုးလာရခြင်းမှာ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း အကာအကွယ်အမဲ့ဆုံးသောလူထုအတွက် အမြဲတစေဖြစ်ပေါ်နေ သော အရေးပေါ် အခြေအနေကြောင့် ဖြစ်သည်။

ယခုအစီရင်ခံစာ၏ ထူးခြားချက်တခုမှာ လွန်ခဲ့သော နှစ်များအတွင်း TBBC နှင့် လုပ်ငန်းတူ အဖွဲ့များမှ စုပေါင်းကောက်ယူထားသော ယခင်အိမ်ထောင်စုစစ်တမ်းများမှ ရှာဖွေတွေ့ရှိချက်များ အပေါ် နှိုင်းယှဉ်လေ့လာထားမှုများမှ ထွက်ပေါ်လာသော ဖြစ်နိုင်ချေလားရာများ တွက်ချက်ထားမှု ပါဝင်ခြင်း ဖြစ်သည်။ အကာအကွယ်မဲ့မှုနှင့်ပတ်သက်၍ တဦးချင်းဆိုင်ရာလုံခြုံမှုနှင့် လုံခြုံရေးအပေါ် ချိမ်းခြောက်မှုများ ပိုမိုများပြားလာသည့်အပြင် အထူးသဖြင့် ဥပဒေမဲ့ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်း နှင့် စစ်တပ်ရိက္ခာများသယ်ယူပို့ဆောင်ပေးရန် အတင်းအကြပ်ခိုင်းစေခြင်း စသည့် အဖြစ်အပျက်များ ပိုမိုများပြားခဲ့သည်။ စိုက်ခင်းများနှင့် ဈေးများသို့ သွားလာခွင့် ကန့်သတ် ချုပ်ချယ်မှုများသည် နှစ်ဆနီးပါး ပိုဆိုးဝါးလာခဲ့သောကြောင့် အသက်မွေးဝမ်းကြောင်းမှုအပေါ် အန္တရာယ်ပေးချိမ်းခြောက်ခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း နှင့် ဥပဒေမဲ့ အခွန်ကောက် ခြင်းများကို ဖြစ်ပေါ်စေသည်ဟု တွေ့ရှိချက်များက ညွှန်ပြနေသည်။ အိမ်တွင်း အကြမ်းဖက်မှု နှင့် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ အထူးသဖြင့်ပါဝင်သော အမျိုးသမီးများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများသည် မြန်မာစစ်တပ်များနှင့် အနီးစပ်ဆုံးတည်ရှိသော ရွှေ့ပြောင်းရေးစခန်းများနှင့် အုပ်ချုပ်မှု ရောထွေးသော ဒေသများတွင် အများဆုံး ဖြစ်ပေါ်နေသည်ဟု ယူဆနိုင်သည်။

အဟာရချို့တဲ့ခြင်းဆိုင်ရာ စုံစမ်းမှုအားအသုံးပြု၍ အကာအကွယ်မဲ့မှု၏ အတိုင်းအတာပမာဏကို လေ့လာစုံစမ်းခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စံသတ်မှတ်ချက်များအရ စိုးရိမ်ရသော လူထုကျန်းမာရေးပြဿနာတခုဖြစ်ပေါ်နိုင်သော ဆိုးဆိုးဝါးဝါးအဟာရချို့တဲ့မှုသည် ကလေးငယ် ၉ ဒသမ ၅ ရာခိုင်နှုန်းတွင် တွေ့ရှိခဲ့ရသည်။ ကလေးငယ် ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အဟာရ ချို့တဲ့မှုအား ဆိုးဝါးစွာခံစားနေရသည်ဟူသော နိုင်ငံတော်မှ နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်း များနှင့် ယှဉ်ကြည့်ပါက လွဲချော်နေသည်။ နိုင်ငံအဝှမ်းရှိ ကလေးငယ်အရေအတွက် အားလုံး၏ သုံးပုံခန့်သည် နာတာရှည် အဟာရချို့တဲ့ခြင်းကို ခံစားနေရသည်ဟု ဆိုထားသောကြောင့် နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်နေသူများအနက် ထက်ဝက်မျှသော ကလေးငယ်သည် အန္တရာယ် ကျရောက်နိုင်သော အခြေအနေထိ ခံစားနေရကြောင်း မှန်းဆနိုင်သည်။

ရင်ဆိုင်ဖြေရှင်းခြင်းနည်းနာများနှင့် ပတ်သက်၍ လွန်ခဲ့သော နှစ် နှစ်ခန့်အတွင်း စစ်တပ်လှုပ်ရှားမှု များအား တင်ကြိုသတိပေးရာတွင် အရေးကြီးသော အရင်းအမြစ်တခုဖြစ်သည့် ကုန်သည်များနှင့် တခြားသော အရပ်သားများအရေအတွက် ကျဆင်းလာသည်။ ခရီးသွားလာခွင့်များအပေါ် ကန့်သတ်ချုပ်ချယ်မှုများပြားလာခြင်းကြောင့် ကျယ်ပြန့်သော စီးပွားရေး လုပ်ငန်းများနှင့် လူမှုရေးအဝန်းအဝိုင်းများအားနည်းလာသောကြောင့် အရပ်သားများသည် ၎င်းတို့၏ လုံခြုံရေး အစောင့်များအပေါ်တွင်သာ ပိုမို၍ မှီခိုလာကြရသည်။ သို့သော် အိမ်နီးနားချင်းများထံမှ ငွေကြေးနှင့် အကူအညီများ ချေးငှားယူခြင်းအား အသက်မွေးဝမ်းကြောင်း ဖြေရှင်းရန်အတွက် အဓိကနည်းလမ်း

တခုအဖြစ် အသုံးပြုနေဆဲဖြစ်သည်။ လုံခြုံသောပတ်ဝန်းကျင်တခု ပေါ်ပေါက်ရေးအတွက် ဒေသခံလူထုအကြား သို့မဟုတ် လူထုအတွင်းရှိ လူမှုရေးအရင်းအမြစ်များသည် အရေးကြီးသော အချက်တခုအဖြစ် တည်ရှိနေကြောင်း ယင်းအချက်က ညွှန်ပြနေသည်။

အကာအကွယ်များမြှင့်တင်ရေးအားထုတ်ချက်များအပေါ် လူထု၏ ထင်မြင်ချက် နှင့် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းလုပ်ငန်း၏ အကျိုးဖြစ်ထွန်းမှုအပေါ် လူထု၏ မျှော်လင့်ချက်သည် ၂၀၀၅ ခုနှစ်မှစ၍ ကျဆင်းလာခဲ့သည်။ ဖိနှိပ်မှုမျိုးစုံအဆုံးသတ်ရေးအတွက် လူ့အဖွဲ့အစည်းအတွင်း အမြင် သဘောထားများ ပြောင်းလဲလာရေး ကြိုးပမ်းအားထုတ်ချက်များနှင့် ပတ်သက်၍ လက်ငင်း ကာလအတွက် ဥပဒေကြောင်းဆိုင်ရာ ဖြေရှင်းချက်များ မရနိုင်သေးသော်လည်း ရေရှည်အတွက် အထောက်အပံ့ ဖြစ်စေသည်။ လူသားချင်းဆိုင်ရာအထောက်အပံ့များမှတဆင့် အကျိုးခံစားရသော အကာအကွယ် စောင့်ရှောက်မှုများအား ၂၀၀၅ ခုနှစ်ကဲ့သို့ တလုံးတခဲတည်း ထောက်ခံခဲ့ခြင်း မရှိခဲ့သော်လည်း ကျေးရွာသားများက အကောင်းဖက်မှ မြင်နေဆဲဖြစ်သည်။ အကူအညီများ ထောက်ပံ့ပေးခြင်းကြောင့် နိုင်ငံရေးပဋိပက္ခဖြစ်ပွားနေသော နေရာများအတွင်း ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေးဆက်နွှယ်မှုများကို ပိုမိုအားကောင်းစေပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း လျော့ကျစေခဲ့သည်ဟူ၍ ဖြေဆိုသူအများစုက ဆက်လက်အစီရင်ခံနေဆဲဖြစ်သည်။ သို့သော် အပစ်ရပ် ဒေသများတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၏ သတ်ရောက်မှုအပေါ် စိတ်ကျေနပ်မှု အတိုင်းအတာသည် စစ်တမ်းကောက်ယူခဲ့သော လူဦးရေ၏ ထက်ဝက်မကသော လူထုတွင် လျော့နည်းကျဆင်းလာခဲ့သည်။ အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများ တိုးတက်လာခဲ့သည် ဟူသော အချက်ကို အဓိက အကျိုးခံစားခွင့်တခုဟု သတ်မှတ်ခဲ့ပြီး၊ ဖြေဆိုသူအနည်းငယ်ကသာလျှင် လူ့အခွင့်အရေး အခြေအနေတချို့ တိုးတက်မှုရှိခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။

မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းဒေသအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများနှင့် ပတ်သက်၍ ယခုနှစ် ခြောက်ကြိမ်မြောက် နှစ်စဉ်စစ်တမ်းကောက်ယူရာတွင် တွေ့ရှိခဲ့သော အချက်အလက်များ သည် စာဖတ်သူ တော်တော်များများအဖို့ အံ့အားသင့်ဖွယ် ဖြစ်ချင်မှဖြစ်လိမ့်မည်။ သို့သော် ယင်းအခြေအနေများက မှန်ကန်သော နိုင်ငံတကာကြားဝင်မှု အရေးပေါ် လိုအပ်နေသည်ဟု ပြဆိုနေခြင်းက ပိုမို၍ ကရုဏာသက်စရာ ဖြစ်လာသည်။ စစ်အစိုးရသည် လူသားမျိုးနွယ် တခုလုံးအား ဆန့်ကျင်သော ပြစ်မှုနှင့် စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်လာ နေသည်မှာ နှစ်ပေါင်းကြာမြင့်လှပြီဖြစ်ပြီး၊ ကျေးလက်ဒေသနေ ကျေးရွာသားများ၏ ရင်ဆိုင် ဖြေရှင်းခြင်း နည်းလမ်းများသည်လည်း လုံးဝကုန်ခမ်းစ ပြုနေပြီဖြစ်သည်။ မြန်မာပြည်တွင် အပြောင်း အလဲများ ဖြစ်ပေါ်ရန်အတွက်၊ အတင်းအကြပ်ပြောင်းရွှေ့ခံရမှုများ အဆုံးသတ်ရန်အတွက် ငြိမ်းချမ်းသော၊ တရားမျှတသော ခေတ်သစ်တခေတ်ပေါ်ပေါက်စေရေးအတွက် အခွင့်အလမ်းတရပ် ရှိနေသည်။ မြန်မာနိုင်ငံ၏ လူထုအခြေပြုလူ့အဖွဲ့အစည်းက ယင်းအရှိန်အဟုန်ကို ဖန်တီးခဲ့ပြီး ဖြစ်သည်။ ယခုအချိန်တွင် စစ်အစိုးရ တရားလက်လွတ်လုပ်ကိုင်နေမှုများအား အဆုံးသတ်ရေး လုပ်ဆောင်ရန် မှာ နိုင်ငံတကာမိသားစုများ၏ တာဝန်ပင် ဖြစ်နေပါတော့သည်။



**PHOTO:** AP, Saffron Revolution, Rangoon, 2007



**PHOTO:** CIDKP, Fleeing Across Rivers, Tenasserim, 2007

# အခန်း ၁

## နိဒါန်း

# ၁ – ၁ နိုင်ငံတွင်းအခြေမဲ့မှုနှင့် လူသားချင်းဆိုင်ရာဆောင်ရွက်ချက်

နိုင်ငံအတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများသည် ၎င်းင်းတို့၏အိုးအိမ်များမှ အတင်းအကြပ် မောင်းထုတ်ခံရပြီး ၎င်းင်းတို့၏ မူရင်းတိုင်းပြည်များအတွင်းတွင် ဆက်လက်ရှိနေသူများဖြစ်သည်။ နိုင်ငံတကာလူ့အခွင့်အရေး၊ လူသားချင်းဆိုင်ရာ နှင့် ဒုက္ခသည်ဥပဒေများမှ ဆင်းသက်လာသော သတ်မှတ်ချက်များနှင့်အညီ တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

*"လက်နက်ကိုင်ပဋိပက္ခကို ရှောင်ရှားလို၍သော်လည်းကောင်း သို့မဟုတ် ယင်းပဋိပက္ခ၏ အကျိုးရလဒ်ကြောင့် လည်းကောင်း၊ အထွေထွေအကြမ်းဖက်မှု အခြေအနေကြောင့်သော် လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်သော်လည်းကောင်း သို့မဟုတ် လူသားများမှ ဖန်းတီးသော ဘေးဉပါဒ်အန္တရာယ်များကြောင့် ၎င်းင်းတို့၏ အိုးအိမ်များကို အတင်းအကြပ်သော် လည်းကောင်း၊ အမိန့်အရသော်လည်းကောင်း စွန့်ခွာရပြီး နိုင်ငံတကာမှ အသိအမှတ်ပြုထားသော နိုင်ငံနယ်နမိတ်ကို ဖြတ်ကျော်ခြင်း မရှိသူများဖြစ်သည်။."*[1]

ပဋိပက္ခကြောင့် ဖြစ်ပေါ်လာရသော အခြေမဲ့မှုတွင် လက်တွေ့တိုက်ခိုက်မှုများနှင့် နီးစပ်နေမှုကြောင့် သာမက စစ်ပွဲ၏ ကျယ်ပြန့်လှသော အကျိုးဆက်များကြောင့်လည်း ဖြစ်သည်။ ယင်းအကျိုးဆက် များက နိုင်ငံအတွင်းအခြေမဲ့မှုကို ဖြစ်စေနိုင်သောအလားအလာများဟု သတ်မှတ်ထားသည်။ အလားတူစွာပင် နိုင်ငံအတွင်းအခြေမဲ့မှုသည် ဖြစ်ပွားခဲ့ပြီးဖြစ်သော အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများ၏ ရလာဒ်ကြောင့်သာ ဖြစ်ပေါ်လာခြင်းမဟုတ်ပဲ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော ခြိမ်းချောက်မှုကို ရှောင်ရှားလိုသောကြောင့်လည်း ဖြစ်ပေါ်လာရသည်။ ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှု သို့မဟုတ် ချိုးဖောက်မှုကြောင့် မဖြစ်မနေ စွန့်ခွာလာရသည်ဖြစ်စေ၊ သို့မဟုတ် အစိုးရ၏ အမိန့်ကြောင့်ဖြစ်စေ သို့မဟုတ် ကြောက်ရွံ့ရသောကြောင့်ဖြစ်စေ အထက်ဖော်ပြပါ အကြောင်းရင်း နှစ်ရပ်က ဆန္ဒမပါသော နိုင်ငံတွင်းအခြေမဲ့မှု၏ သဘောသဘာဝကို မီးမောင်းထိုးပြ နေသည်။

သို့သော် ကမ္ဘာ့ကုလသမဂ္ဂ၏လမ်းညွှန်ဥပဒေသများတွင် ပဋိပက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု များကြောင့် ထွက်ပြေးလာရသော ဒုက္ခသည်ပုံစံသတ်မှတ်ချက်များထက် နိုင်ငံတွင်းအခြေမဲ့မှု၏ အကြောင်းရင်းများကို ပိုမိုကျယ်ပြန့်စွာ ရှင်းလင်းထားသည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် မဖြစ်မနေရွှေ့ပြောင်းရွှေ့မှုများမှလွဲ၍ "လူထုအကျိုးဖြစ်ထွန်းမှုကို ဘေးဖယ်၍ အတင်းအကျပ် လုပ်ဆောင်ခြင်းဖြင့် ကျိုးကြောင်းမလျော်ကန်သော အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ဖြစ်ပေါ်ရသော နိုင်ငံတွင်းအခြေမဲ့မှုကို လက်မခံဟန့်တားသည်။".[2] ဆင်းရဲမွဲတေမှု ပပျောက်ရေး အတွက် အစစ်အမှန် ကြိုးပမ်းအားထုတ်လုပ်ဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများသည်ပင် စီမံကိန်းများကြောင့် အခြေမဲ့မှုပေါ်ပေါက်လာရသော ပြဿနာများရှိတတ်သည်။ သို့သော် သက်တမ်း ကာလ

[1] Para 2, Introduction, *UN Guiding Principles on Internal Displacement*, 1998, UN document E/CN.4/1998/53/Add.2; November 11, 1998

[2] Principle 6.2 (c), *UN Guiding Principles on Internal Displacement*, 1998

ရှည်ကြာနေသော ပဋိပက္ခ အခြေအနေများအောက်တွင် ဖွံ့ဖြိုးရေး စီမံကိန်းများသည် တခါတရံတွင် စစ်တပ်တိုးချဲ့မှုများနှင့် နီးစပ်စွာ ဆက်နွယ်တတ်ကြသည်။ ထို့ကြောင့် အစိုးရအား ပုန်ကန်ဆန့်ကျင်သည်ဟု ယူဆထားသော လူမှုအဝန်းအဝိုင်းသည် အရင်းအမြစ်၏ မညီမျှသော ကုန်ကျမှုကို ကျခံတတ်ရပြီး၊ ရရှိလာမည့် အကျိုးအမြတ်ကိုလည်း သာတူညီမျှစွာ မခံစားရပေ။ ထိုကဲ့သို့သော ဖြစ်ရပ်များတွင် "ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်ရသော အခြေမဲ့မှုသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာသော ဥပဒေများကို ချိုးဖောက်ရာရောက်ပြီး နိုင်ငံတကာ အသိုင်းအဝန်း၏ တုံ့ပြန်ချက်လိုအပ်သည်။".[3]

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားများဖန်တည်းသော ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ၏လမ်းညွှန်ဥပဒေသများတွင်ပါရှိသော အကိုးအကားများက "အတင်းအကြပ်ဖိအားပေးမှုနှင့် စီးပွားရေးအကြောင်းရင်းနှစ်ရပ်၏ ပေါင်းစပ်မှုကြောင့် မည်ကဲ့သို့ နိုင်ငံတွင်းအခြေမဲ့မှု ဖြစ်ပေါ်လာခဲ့ရသည်ကို ဖော်ပြထားသည်။".[4] ယင်းအကြောင်းရင်းများသည် မြေသိမ်းခံရခြင်း၊ ပစ္စည်းဥစ္စာ အသိမ်းခံရခြင်း၊ အဓမ္မသိမ်းယူရေးပေါ်လစီ၊ ခွဲတမ်းချသီးနှံစိုက်ပျိုးရခြင်း၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊ ဥပဒေမဲ့ အခွန်ကောက်ခြင်း၊ ငွေညှစ်ခြင်းနှင့် စိုက်ခင်းများ၊ ဈေးများသို့ သွားလာခွင့် ကန့်သတ်ချုပ်ချယ်ခြင်းများကြောင့် ဖြစ်ပေါ်ရသော ဆင်းရဲမွဲတေမှု၊ အတင်းအကြပ် ပြောင်းရွှေ့ခံရမှုများနှင့် ဆက်နွယ်သည်။

ဓအရင်းအမြစ်များ၊ လုပ်နိုင်စွမ်းရည်များ၊ ရွေးချယ်ခွင့်များ၊ လုံခြုံမှုနှင့် လုပ်ပိုင်ခွင့်များအား အမြဲတစေ သိမ်းပိုက်ခံနေရသောကြောင့် ဆင်းရဲမွဲတေမှုနှင့် လူ့အဖွဲ့အစည်းမှ ဖယ်ရှားခံရမှုကို ဖြစ်ပေါ်စေ ခြင်းသည် လူ့ဂုဏ်သိက္ခာကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။".[5] ထိုကဲ့သို့သော လုံးဝရှောင်လွှဲ၍မရသော အခြေအနေများသည် ဆန္ဒအလျောက်ဖြင့်သော်လည်းကောင်း၊ အကျိုးအမြတ်အား မျှော်ကိုး၍ သော်လည်းကောင်း၊ သို့မဟုတ် စီးပွားရေးအရ ရွှေ့ပြောင်း အခြေချသော အချက်အလက်များနှင့် ဖီလာဆန့်ကျင် ကွဲပြားသည်။

နိုင်ငံတကာသတ်မှတ်ချက်များတွင် နိုင်ငံတွင်းအခြေမဲ့မှုအား အဆုံးသတ်ရေးနှင့် ပတ်သက်၍ အသေးစိတ် ပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိစွာ မူရင်းဒေသများတွင် ပြန်လည်အခြေချခြင်း သို့မဟုတ် တတိယနိုင်ငံများသို့ ဆန္ဒအလျောက်ပြန်လည်အခြေချခြင်း စသော အဖြေအား ဖြစ်နိုင်ချေရှိသော အဖြေတခုဟု သတ်မှတ်ထားသည်။ နိုင်ငံတွင်းအခြေမဲ့ လှည့်လည် နေထိုင်သူများသည် ခွဲခြားဆက်ဆံခံရခြင်း မရှိစေရန်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပြည့်ပြည့်ဝဝ ပါဝင်နိုင်စေရန် နှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို ခံစားနိုင်စေရန် နိုင်ငံတော်

---

3 Courtland Robinson, 2003, *Risks and Rights: The Causes, Consequences and Challenges of Development-Induced Displacement*, Brookings-SAIS Project on Internal Displacement

4 UN OCHA & Brookings Institution, 1999, *Handbook for Applying the Guiding Principles on Internal Displacement*, New York, p5

5 UN Human Rights Council, 11 Sep 2006, "Extreme Poverty and Human Rights: the Rights of the Poor", Draft Guiding Principles, Annex to UN doc. A/HRC/2/2

အစိုးရများက လုပ်ဆောင်ပေးရန် ဝတ္တရားရှိသည်။ နိုင်ငံတော်အာဏာပိုင်များ၏ တာဝန်တွင် အခြေမဲ့မှုကို ဖြစ်ပေါ်စေခဲ့သော သိမ်းယူခံခဲ့ရသော ပစ္စည်းဥစ္စာများအတွက် ပြန်လည် ပေးလျော်ခြင်း များ ပါဝင်သည်။ ထို့အပြင် နိုင်ငံတွင်းအခြေမဲ့သူများ၏ ပြန်လည်နေထိုင်ခြင်း သို့မဟုတ် ပြန်လည် အခြေချခြင်း နှင့် ပြန်လည်ပူပေါင်းခြင်း၏ အဆင့်များအားလုံးတွင် နိုင်ငံတကာ လူသားချင်း စာနာသော အေဂျင်စီများအား အကန့်အသတ်မရှိ ပါဝင်ခွင့်ရှိရမည်။[6] အခြေမဲ့သူများအတွက် ၎င်းတို့ အိုးအိမ်များ၊ မြေယာများနှင့် ပစ္စည်းဥစ္စာများပြန်လည်ရယူနိုင်ခွင့် အခွင့်အရေးနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းထားသော နိုင်ငံတကာစံသတ်မှတ်ချက်ပြဋ္ဌာန်းချက်များနှင့်အတူ ၎င်းဥပဒေ သများအား အကျယ်ချဲ့ထားပြီး ဖြစ်သည်။[7]

နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ၏ အကျပ်အတည်းကို နားလည်လက်ခံကာ သက်တမ်း ရှည်ပဋိပက္ခများအား အစီအစဉ်တကျတုံ့ပြန်ရန် သင့်လျော်သော အကာအကွယ်ပေးခြင်းနှင့် အဖြေများရရှိရန် စည်းရုံးလှုံ့ဆော်ခြင်းသည် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး အကာအကွယ်မဲ့ ပြည်သူများအတွက် ကျယ်ကျယ်ကျယ်ပြန့်ပြန့် အာရုံစိုက်နိုင်စေရေး ရည်ရွယ်သည်။[8] နိုင်ငံတကာအဆင့်တွင် နိုင်ငံတွင်းအခြေမဲ့လှည့်လည် နေထိုင်နေသူများ အတွက် လိုအပ်သော အကူအညီ၊ ကာကွယ်စောင့်ရှောက်မှုနှင့် ပြန်လည်လျော်ကြေးများ အတွက် ဆောင်ရွက်ရန် ၁၉၉၀ ခုနှစ်နှစ်နှောင်းပိုင်းမှစ၍ ကိုင်တွယ်လုပ်ဆောင်နေသော အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်တွင် အေဂျင်စီတခုတည်းကိုသာ လုပ်ပိုင်ခွင့်ပေးခြင်းထက် အေဂျင်စီများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းကို အခြေခံဆောင်ရွက်သည်။ သို့သော် ပူပေါင်းဆောင်ရွက်ခြင်း နည်းနာသည် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းတို့မှ နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်သူများ အရေးအပေါ် လုပ်ကိုင်ဆောင်ရွက်လိုစိတ်မရှိခြင်း သို့မဟုတ် ဆောင်ရွက်နိုင်သောအခြေအနေမရှိခြင်း တို့ကြောင့် တွင်တွင်ကျယ်ကျယ် မလုပ်နိုင်ဆဲ ဖြစ်နေသည်။[9]

ယင်းပြဿနာအား တုံ့ပြန်သောအားဖြင့် ခေါင်းဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအား ပိုမိုအားကောင်းစေရန်အတွက် လူသားချင်းဆိုင်ရာလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ကမ္ဘာလုံးအဆင့် လုပ်ငန်းစဉ်တခုကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံတကာအဆင့်နှင့် နိုင်ငံတွင်းအဆင့် စုပေါင်းခေါင်းဆောင်မှုဖြင့် ချည်းကပ်မိတ်ဆက်ခြင်း၊ လူသားချင်းစာနာသော လုပ်ငန်းတာဝန်ခံများထားရှိခြင်းစနစ်များအား ပိုမိုအားကောင်းစေရန် အားထုတ်ခြင်း နှင့်  အရေးပေါ် အကူအညီပေးရေး ရန်ပုံငွေအဖွဲ့ကဲ့သို့သော စုပေါင်းဘဏ္ဍာငွေ

6 Principles 28-30, *UN Guiding Principles on Internal Displacement*, 1998

7 Principles 28-30, *UN Guiding Principles on Internal Displacement*, 1998
*UN Principles on Housing and Property Restitution for Refugees and Displaced Persons*, 2005, UN document E/CN.4/Sub.2/2005/17

8 ICRC, 2000, *Internally Displaced Persons : The Mandate and Role of the International Committee of the Red Cross (ICRC)*, Geneva, p2.

9 Simon Bagshaw and Diana Paul, 2004, *Protect or Neglect – Towards a More Effective United Nations Approach to the Protection of Internally Displaced Persons*, The Brookings-SAIS Project on Internal Displacement, UN OCHA – Inter Agency Internal Displacement Division.

ယန္တရားများအား ပြန်လည်ပြင်ဆင်ခြင်း စသည်တို့ပါဝင်သည်။[10] တကမ္ဘာလုံးတွင် နိုင်ငံတွင်း အခြေမဲ့ လှည့်လည်နေထိုင်သူ သန်း–၂၀နီးပါးမျှရှိသော ယင်းကဲ့သို့ ရှုပ်ထွေးများပြောင်လှသော အခြေအနေများ အား အစီအစဉ် တကျဆောင်ရွက်ရန်မှာ[11] အလွန်ကြီးမားသော စိန်ခေါ်ချက် ဖြစ်သည်။ စုပေါင်း အားထုတ်ချက်၊ ထပ်လောင်းအရင်းအမြစ်များဖြင့် ရှင်းလင်းရန်လိုအပ်သော အားနည်းချက်များကို အစောပိုင်းနှစ်များတွင် ရှာဖွေတွေ့ရှိခဲ့သည်။ အထူးသဖြင့် လူသားချင်း စာနာသော လုပ်ငန်းတာဝန်ခံ များထားရှိခြင်းစနစ်အား ချောင်ထိုးထားလိုက်သောကြောင့် လူသားချင်းစာနာမှုလုပ်ငန်းရေးရာပူးပေါင်း ဆောင်ရွက်ရေး ကမ္ဘာ့ကုလသမဂ္ဂရုံး **(OCHA)** မှ ဝန်ထမ်း အထောက်အပံ့ လုံလောက်စွာ မထောက်ပံ့ နိုင်မှုနှင့် ကုလသမဂ္ဂဌာနေတာဝန်ခံများအတွက် တာဝန်ပိုင်းများတွင် အဆင့်ဆင့်ကြန့် ကြာမှုများရှိနေသောကြောင့် ယင်းလုပ်ငန်း ပိုမို အားကောင်း စေရေး ကြိုးပမ်းအားထုတ်ရေးအပေါ် စိုးရိမ်းမကင်းဖြစ်မှုများ ပေါ်ထွက်လာနေဆဲ ဖြစ်သည်။[12]

ကုလသမဂ္ဂဖဟိုပြုသော စုပေါင်းခေါင်းဆောင်မှု **(luster Leadership)** သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ခြင်းမရှိသလို အောက်ခြေလုပ်ငန်းခွင်အဆင့်တွင် လည်း တာဝန်နှင့် ဝတ္တရားများကို သေချာရှင်လင်းစွာ မသတ်မှတ်နိုင်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ချက် များလည်း ရှိနေသည်။[13]

လွန်ခဲ့သော ရာစုနှစ်တဝက်ခန့်ကတည်းမှစ၍ လူသားချင်းစာနာသောလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ ဥပဒေတရပ်ကို ပြဋ္ဌာန်းတည်ဆောက်ထားသော်လည်း စစ်အေးခေတ်နှင့် ရဝန်ဒါလူမျိုးပြုန်း သတ်ဖြတ်မှုပြီးဆုံးသည့်အချိန်မှစ၍ အကာအကွယ်ပေးခြင်း အကြောင်းအရာသာ လူသိရှင်ကြား ဖြစ်လာခဲ့သည်။ လူသားချင်းစာနာသော အစောင့်အရှောက်ကို တစတစပေါ်ပေါက်စေခဲ့သော ကုလသမဂ္ဂ၏ အမိပ္ပါယ်ဖွင့်ဆိုချက်တွင် တဦးချင်းဆိုင်ရာ အခွင့်အရေးများအား အပြည့်အဝ လိုက်နာစေရန် ရည်ရွယ်ဆောင်ရွက်သော လုပ်ငန်းများအားလုံးသည် လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားချင်း စာနာသောဥပဒေနှင့် ဒုက္ခသည်ဥပဒေ စသောဆက်နွယ်သော ဥပဒေများအား စိတ်ရောကိုယ်ပါ တသွေမသိမ်း လိုက်နာဆောင်ရွက်လိုအပ်သည်ဟုဆိုသည်။[14] လက်တွေ့တွင် ယင်းရည်ရွယ်ချက်အား "နိုင်ငံတော်နှင့် တသီးပုဂ္ဂလများသည် စစ်ပွဲအတွင်း ကျရောက်နေသော ပြည်သူများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို တက်နိုင်သမျှ ဖြည့်စွမ်းပေးရန်" ဟု အမိပ္ပါယ်ဖွင့်ဆိုနိုင်သည်။[15]

---

10 IASC, 2006, *Strengthening the Humanitarian Coordination System: Achievements and Next Steps*, IASC Principals Meeting, New York, 12 December 2006.

11 Antonio Guterres, 1 October 2007, Opening Statement by the High Commissioner at the 58th Session of UNHCR Executive Committee, Geneva, p3

12 Humanitarian Policy Group, July 2007, "Lost in Translation: Managing Coordination and Leadership Reform in the Humanitarian System", Policy Brief 27, London, www.odi.org.uk/hpg

13 International Council of Voluntary Agencies (ICVA), October 2005, "What is All This 'Cluster' Talk?", *ICVA Newsletter Special Issue: Humanitarian Reforms, Talk Back.*

14 IASC, 2000, *Protection of Internally Displaced Persons – Inter Agency Standing Committee Policy Paper Series*, No.2, UN, New York, p4

15 Hugo Slim and Luis Enrique Eguren, 2001, *Humanitarian Protection: A Guidance Booklet*, ALNAP, p21

ထို့ကြောင့် လူသားချင်းဆိုင်ရာအထောက်အပံ့များသည် လူထုအား ထိခိုက်အနာတရဖြစ်မှုများမှ ပြန်လည်ကောင်းမွန်လာအောင် ကူညီထောက်ပံ့နိုင်သလို အကာအကွယ်ပေးခြင်းနည်းလမ်းများသည် အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများကို ရပ်တန့်သွားစေရန် အားထုတ်နိုင်ခြင်း သို့မဟုတ် အနည်းဆုံးသက်ရောက်မှုများကို လျော့ကျစေခြင်း၊ အသက်ရှင်ကျန်ရစ်သူများကို တရားရေးဆိုင်ရာနှင့်လူမှုရေးဆိုင်ရာလျော်ကြေးများရပိုင်ခွင့်ရစေခြင်း နှင့် နောက်ထပ်ဆိုးကျိုးများ ထွက်ပေါ်လာခြင်းမှ တားဆီးဟန့်တားနိုင်ခြင်းများကို လုပ်ဆောင်ပေးနိုင်သည်။ ယင်းလုပ်ငန်းစဉ်တွင် ၎င်း၏နိုင်ငံသားများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် အန္တရာယ်ကျရောက်နေသူများအတွက် ရင်ဆိုင်ကိုင်တွယ်ခြင်းနည်းလမ်းများ ပိုမိုအားကောင်းလာစေရန် အဓိကတာဝန်ရှိသော နိုင်ငံတော် အာဏာပိုင်များက လုပ်ဆောင်ရန် လိုအပ်သည်။ ထို့ကြောင့် အကာအကွယ်ပေးခြင်းနှင့် လုပ်ပိုင်ခွင့်အခွင့်အာဏာ ပေးအပ်ခြင်းသည် လူသားလုံခြုံရေးဆိုင်ရာအချက်အလက်များကို အပြန်အလှန် အားဖြစ်စေသည်ဟု အသိအမှတ်ပြုထားသည်။ "အကာအကွယ်ရှိသောလူများတွင် ရွေးချယ်ခွင့် များစွာရှိသည်။ အလားတူစွာပင် လုပ်ပိုင်ခွင့်အခွင့်အာဏာ ပေးအပ်ခြင်းခံရသောလူများသည် အန္တရာယ်များကို ရှောင်ရှားနိုင်သလို အကာအကွယ်ပေးခြင်း စနစ်တွင် တိုးတက်မှုများရှိလာစေရန်လည်း တောင်းဆိုနိုင်သည်။"[16]

လူသားချင်းဆိုင်ရာအကာအကွယ်ပေးခြင်းတွင် လုပ်ငန်းပုံစံသုံးခုပေါင်းစပ်ထားသည်ဟု နားလည်နိုင်သည်။[17] ချက်ချင်းတုန့်ပြန်ချက်များသည် ချိုးဖောက်မှုများကြောင့် ချက်ချင်းလက်ငင်း ရရှိသော ထိခိုက်နစ်နာမှုများကို ရပ်တန့်ရန်၊ ကာကွယ်တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် အတွက်လုပ်ဆောင်သော ချက်ချင်းအားထုတ်ချက်ဖြစ်သည်။ကုစားမှုလုပ်ငန်းသည် ရေရှည် ပြန်လည်ကုစားခြင်းလုပ်ငန်းစဉ်များမှတဆင့် ချိုးဖောက်မှု၏နောက်ဆက်တွဲဖြစ်သော လူ့ဂုဏ်သိက္ခာ ပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်သည်။ ပတ်ဝန်းကျင် တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် သဘောထားများနှင့် အမူအကျင့်များပြောင်းလဲခြင်း၊ လူ့အခွင့်အရေးကို လေးစား တန်ဖိုးထား မြှင့်တင်သော အုပ်ချုပ်မှုပုံစံတခု ပေါ်ထွန်းရေးဖြစ်သည်။ ယင်းလုပ်ငန်းစဉ် သုံးရပ်သည် တခုပြီးတခု အစီအစဉ်တကျမဟုတ်ပဲ လုပ်ငန်းတခုနှင့်တခုသည် ချိုးဖောက်မှုပုံစံ၏ သဘာဝနှင့် အတိုင်းအတာကိုလိုက်၍ ရောနှောဆက်စပ်မှုရှိနေသည်။ အလားတူစွာပင် လုံလောက်သော သတင်းအချက်အလက်များပေးခြင်း၊ အရင်းအမြစ်များ အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် လူသားချင်းဆိုင်ရာလုပ်ငန်း အေဂျင်စီများ၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းများသည် အကာအကွယ်ပေးခြင်းဆိုင်ရာ ဘုံရည်မှန်းချက်ပန်းတိုင်များဆီသို့ ရောက်ရှိနိုင်ရန် တဦးနှင့်တဦး အပြန်အလှန် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်။

အကာအကွယ်ပေးခြင်းအတွက် နည်းနာများတွင် သက်ဆိုင်ရာအာဏာပိုင်များအား အရပ်သားပြည်သူများကို အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများမှ ကာကွယ်ပေးရမည့်၎င်းင်းတို့၏ တာဝန်ဝတ္တရားများကို လိုက်နာရန် ဖိအားပေးခြင်းမှစ၍ ချိုးဖောက်မှုများမှ ပြန်လည်လွတ်မြောက်လာသော အသက်ရှင်

[16] Commission on Human Security, 2003, *Human Security Now*, UN, p12
[17] IASC, 2002, Growing the Sheltering Tree: *Protecting Rights Through Humanitarian Action*, UN, p12

ကျန်ရစ်သူများအတွက် အထောက်အပံ့များပေးခြင်းအထိ ပါဝင်သည်။ အာဏာပိုင်များအား ဖိအားပေးခြင်းကို လူထု မကျေနပ်ချက်များမှတဆင့် ရှုံ့ချခြင်း၊ ပုဂ္ဂလိက စေ့စပ်ဆွေးနွေးခြင်းများမှတဆင့် ဆွဲဆောင်ခြင်း၊ သို့မဟုတ် သံတမန်အကြံပေးများမှ ဆွဲဆောင်ခြင်း သို့မဟုတ် အခြားသြဇာညောင်း သောသူများမှတဆင့် ဆွဲဆောင်ခြင်းများ ဆောင်ရွက်နိုင်သည်။ အကာအကွယ်များ ထောက်ပံ့ပေးရာတွင် အဓိကနည်းလမ်းမှာ ဒေသတွင်း လက်ရှိတည်ရှိနေသော အဖွဲ့အစည်းပုံသဏ္ဍာန်များနှင့် ဝန်ဆောင် မှုလုပ်ငန်းများကို ထောက်ပံ့ခြင်း သို့မဟုတ် လုပ်ပိုင်ခွင့် အခွင့်အာဏာပေးအပ်ခြင်း သို့မဟုတ် ချိုးဖောက်ခံ ရမှုများမှ အသက်ရှင်ကျန်ရစ်သူများကို အကူအညီများ တိုက်ရိုက်ပေးခြင်းအားဖြင့် အာဏာပိုင်များမှ တဆင့်ပေးအပ်ခြင်းစနစ်အား အစားထိုးခြင်း တို့ဖြစ်သည်။

ယခုတင်ပြထားသော အကာအကွယ်ပေးခြင်းဆိုင်ရာ လုပ်ငန်းဘောင်တခု ရှိနေသော်လည်း နိုင်ငံဆယ် နိုင်ငံအတွင်း လူသားချင်းဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် မကြာသေးမီက ပြုလုပ်ထားသော ပြန်လည်သုံးသပ်ချက်များတွင် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများအား" နိုင်ငံတော်အစိုး ရများက အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သောကြောင့် နိုင်ငံတကာ အသိုင်းအဝန်းမှ ဆောင်ရွက်လုပ် ကိုင်သော အကာအကွယ်ပေးခြင်း လုပ်ငန်းတွင် လိုငွေကြီးကြီးမားမား ဆက်လက်ပြနေကြောင်း သက်သေသာဓကများ ရှိနေသည်" ဟုဆိုသည်။[18] အကာအကွယ်ပေးခြင်းလုပ်ငန်းအတွက် ထည့် ဝင်ဆောင်ရွက်ပေးနေသော လုပ်ငန်းများတွင် လူနည်းစုများအား ဥပေက္ခာပြုခြင်း၊ အကာအကွယ်ပေး ခြင်းလိုအပ်ချက်အတွက် ရုပ်ဝတ္ထု အထောက်အပံ့များ ဦးစားပေးခြင်း၊ လုပ်နိုင်စွမ်းနှင့် စိတ်ဆန္ဒ နည်းပါးခြင်း နှင့် လူ့အခွင့်အရေး စောင့်ကြည့်မှုလုပ်ငန်း အားနည်းခြင်းများကြောင့် လိုငွေပြရသည်ဟု သတ်မှတ်ထားသည်။

# ၁ – ၂ အကာအကွယ်ပေးရန် တာဝန်ရှိမှု

ကြီးမားကျယ်ပြန့်သော သတ်ဖြတ်မှုများမှ လူထုအားအကာအကွယ်ပေးရန်တာဝန်ရှိမှုမှာ နိုင်ငံတကာအသိုင်းအဝန်း တခုတည်းတွင်သာ အဓိကမတည်ရှိပေ။ နိုင်ငံတော်အစိုးရများသည် ၎င်းတို့၏ နိုင်ငံသားများ၏ လူ့အခွင့်အရေးအား ကာကွယ်ရန်၊ မြှင့်တင်ရန်၊ လေးစားလိုက်နာရန် အတွက် အဓိကတာဝန်ရှိသူများဖြစ်သည်။ သို့သော် တခါတရံ၌ တာဝန်ရှိသူ အာဏာပိုင်များ ကိုယ်တိုင်ပင် အကြမ်းဖက်မှု၊ ချိုးဖောက်မှုများတွင် အဓိကချိုးဖောက်သူများ ဖြစ်နေတတ်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်များတွင် နိုင်ငံတကာသံတမန်အသိုင်းအဝန်းက နိုင်ငံတော်အစိုးရများ၏ အချုပ်အခြာအာဏာဟူသော စာချောက်ရုပ်ကို ကြောက်ရွံ့သောကြောင့် မည်ကာမတ္တ "ပြည်တွင်းရေး" ကိစ္စတွင် ကြားဝင်ဟန့်တားရန် မဝံ့မရဲဖြစ်နေတတ်ကြသည်။ ယင်းယူဆချက်သည် မထိရောက်သော နိုင်ငံတကာတုန့်ပြန်ချက်များကို ဝမ်းနည်းဖွယ်ရာ ဖြစ်ပေါ်စေသောကြောင့် ၁၉၉၄ ခုနှစ် ရဝမ်ဒါလူသတ်ပွဲ၊ ၁၉၉၅ ခုနှစ် ဘောလကန် လူမျိုးရေးရှင်းလင်သုတ်သင်ပွဲ၊ ၁၉၉၉ ခုနှစ် ကော်ဆိုဗို လူသားမျိုးနွယ်တခုလုံး

[18] John Borton, Margie Buchanan-Smith, Ralph Otto, 2005, *Learning from Evaluations of Support to Internally Displaced Persons*, Channel Research, Belgium.

အားဆန့်ကျင်ပွဲ နှင့် တခြားသော လူသားချင်းစာနာသော အကျပ်အတည်း များ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

သို့သော် မကြာသေးမီနှစ်များတွင် ကြားဝင်နိုင်ခွင့်ကို လုံးဝမဆွေးနွေးသင့်တော့ပဲ နိုင်ငံတကာ အသိုင်းအဝန်း၏ ကြီးစွာသော အန္တရာယ်အတွင်း ကျရောက်နေသူများအား ကာကွယ်ရန် တာဝန်ရှိမှု ကိုသာ ဆွေးနွေးသင့်သည်ဟူ၍ အသိအမှတ်ပြုထားကြသည်။ "ယင်းကိစ္စနှင့် ဆက်နွယ်သော အမြင်တခုမှာ အင်အားကြီးသော ကြားဝင်စွက်ဖက်သူမဟုတ်ပဲ လိုအပ်သော အထောက်အပံ့များ ပေးရန်သာ ဖြစ်သည်။ ယခုခေတ်ကာလတွင် အချုပ်အခြာအာဏာသည် ထိမ်းချုပ်ရန် တခုတည်းသာ မဟုတ်တော့ပဲ တာဝန်ရှိမှုပါ ပါရှိလာသည်။"[19] ၎င်းအယူအဆပြောင်းလဲမှုကို ၂၀၀၅ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ နှစ် ၆၀မြောက် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက တရားဝင် ကြိုဆိုခဲ့ကြပြီး ၂၀၀၆ ခုနှစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးက ထပ်မံ အတည်ပြုခဲ့သည်။ အကယ်၍ နိုင်ငံတော်အာဏာပိုင်များက ကြီးမားကျယ်ပြန့်သောသတ်ဖြတ်မှုများတွင် ကျရောက်နေသော ချိုးဖောက်ခံရသူများ သို့မဟုတ် ချိုးဖောက်ခံရနိုင်ဖွယ်ရှိသူများကို အကာအကွယ်ပေးရန် မစွမ်းဆောင်နိုင် သို့မဟုတ် စိတ်ဆန္ဒမရှိမရှိပါက ယင်းတာဝန်သည် နိုင်ငံတကာ အသိုင်းအဝန်းထံသို့ ကျရောက်လာပြီး သံတမန်ရေး၊ လူသားချင်းစာနာရေး နှင့် အင်အားသုံးရေး အထိပါ အသုံးပြုနိုင်သည်ဟု မူအရ ယခုအချိန်တွင် လက်ခံထားပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လူသားချင်းဆိုင်ရာ ကိစ္စရပ်အား ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကိစ္စရပ်ဆီသို့ ဆွဲယူလာနိုင်သော သမိုင်းဝင် ပြောင်းလဲမှုတရပ် ဖြစ်သည်။

> *"အကယ်၍ ငြိမ်းချမ်းစွာဖြေရှင်းနည်းသည် လုံလောက်မှုမရှိခြင်းနှင့် နိုင်ငံတော် အာဏာပိုင်များမှ သိသာထင်ရှားစွာ ၎င်းတို့၏ပြည်သူလူထုအား လူမျိုးပြုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးရေးရှင်းလင်းသုတ်သင်မှုနှင့် လူသားမျိုးနွယ်တခုလုံးအားကျူးလွန်သောရာဇဝတ်မှုများမှ အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ပါက ကမ္ဘာ့ကုသမဂ္ဂမှ တဆင့် အခန်းနံပါတ် ၆ အပါအဝင် ပဋိညာဉ်စာတမ်းအရ နိုင်ငံတကာအသိုင်းအဝန်းသည် လုံခြုံရေးကောင်စီမှတဆင့် အချိန်ကိုက် ပြတ်ပြတ်သားသား လုပ်ဆောင်ရမည်ဖြစ်ပြီး အကြောင်းအရာ တခုချင်းအလိုက် သင့်လျော်ရာ ဆက်နွယ်ပတ်သက်သော ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်ရမည်။"*[20]

> *"လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် အရပ်သားများနှင့် အခြားသော အကာအကွယ်ပေးရမည့်သူများအား ထင်ထင်ရှားရှားရည်ရွယ်ချက်ရှိစွာ ပစ်မှတ်ထားနေခြင်းနှင့် နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေး*

---

[19] Gareth Evans, "The Responsibility to Protect: Unfinished Business", G8 Summit 2006: Issues and Instruments, www.crisisgroup.org

[20] UNGA, 2005 World Summit Outcome Document, UN doc. A/Res/60/1, 24 October 2005, para 138

*ဥပဒေများ စနစ်တကျ၊ ရည်ရွယ်ချက်ရှိရှိ နှင့် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခြင်း သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု လုံခြုံရေးကောင်စီက မှတ်ယူ၍ ထိုကဲ့သို့ အခြေအနေမျိုးတွင် လိုအပ်ပါက သင့်လျော်သောအဆင့်များကို ပြဌာန်းဆောင်ရွက်နိုင်သည် ဟုထပ်မံအတည်ပြုလိုက်သည်။"*[21]

# ၁ – ၃ မြန်မာပြည်အတွင်းသတ်တမ်းရှည်ပဋိပက္ခ

မြန်မာပြည်၏လွတ်လပ်ရေးအလွန် သမိုင်းကာလတလျှောက်လုံးသည် ဥပဒေဘောင်အတွင်း အဖွဲ့များ၊ လက်နက်ကိုင်အတိုက်အခံအုပ်စုများနှင့် စစ်အစိုးရအကြားဖြစ်ပွားနေသော ပဋိပက္ခကသာ မင်းမူကြီးစိုးနေဆဲဖြစ်သည်။[22] ဆိုရှယ်လစ်နိုင်ငံတော်တည်ဆောက်ရေးနှင့် ကွန်မြူနစ်ခုခံမှုများ အကြား အယူဝါဒရေးရာ ပဋိပက္ခများနှင့် ၁၉၈၈ ခုနှစ်မှစ၍ စစ်အစိုးရနှင့် ဒီမိုကရက်တစ်အတိုက် အခံများ အကြားဖြစ်ပွားနေသော ပဋိပက္ခများကြောင့် နိုင်ငံရေးမတည်ငြိမ်မှုသည် ဆက်လက် အမြစ်တွယ် နေဆဲဖြစ်သည်။ သို့သော် သတ်တမ်းအရှည်ကြာဆုံးသော ပဋိပက္ခမှာ ဗမာလူမျိုးများ ထိမ်းချုပ် သောနိုင်ငံတော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက်တိုက်ပွဲဝင်နေသော စည်းနှောင်မှု အားနည်းသည့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားနေသော ပဋိပက္ခ ဖြစ်သည်။[23]



၁၉၉၀ ခုနှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၁၇ ဖွဲ့မှအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိသွားသောကြောင့် လက်နက်ကိုင် ပဋိပက္ခ၏ အတိုင်းအတာသည် လျော့ကျသွားခဲ့သည်။ ၎င်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား အတိုင်းအတာတခုအထိ ခွင့်ပြုသော အထူးဒေသတည်ထောင်ခွင့်များ ရရှိသော် လည်း ထိုထက်မက နက်နဲကျယ်ပြန့်သော နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရန် ကျန်ရှိနေသေးပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုသည်လည်း ကျယ်ကျယ် ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ၁၉၉၀နှစ်များ အလယ်ပိုင်းခန့်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ရန်ကုန်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးသည် လအနည်းငယ်ခန့်သာ ကြာမြင့်ခဲ့ပြီး၊ ခွန်ဆာ၏ မောင်တိုင်း တပ်မတော် (Mong Tai Army) သည်

---

21 UN Security Council, Resolution 1674, Adopted on 28 April 2006

22 ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်တပ်က The Union of Burma tm; the Union of Myanmar ဟု တရားဝင်ပြောင်းလဲခဲ့သည်။ ပြည်နယ်နှင့် တိုင်းများကို လည်း အမည်ပြောင်းခဲ့သည်။ ဥပမာ were also renamed, including Karen state (now Kayin), Karenni state (now Kayah) and Pegu Division (now Bago) စသည်ဖြင့် ပြောင်းလဲခဲ့သည်။ ယခုအစီရင်ခံစာသည် သမိုင်းဆိုင်ရာ နှင့် စကားပြောအသံဖြင့်ထွက်ဆိုသော အသုံးအနှုန်းများကိုသာ အသုံးပြုသည်။

23 ရခိုင်၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားများအား တခါတရံတွင် လူနည်းစုတိုင်းရင်းသား သို့မဟုတ် ဌာနေတိုင်းရင်းသားများဟု ရည်ညွှန်းပုံဖေါ်ကြသော်လည်း ယေဘုယျအားဖြင့် တိုင်းရင်းသားလူမျိုးစုများဟုသာ ခေါ်ဆိုကြသည်။၈၏ ၏

မူးယစ် ဆေးဝါးနှင့်ဆက်နွှယ်သော စွဲချက်များအတွက် လွတ်ငြိမ်း ချမ်းသာခွင့်ကို လက်နက်နှင့် အလဲအလှယ် ရယူသွားမှု သည် ပိုမိုစစ်မှန်သော တိုင်းရင်းသားအရေးအတွက် ရှမ်းပြည်တပ်မတော် (SSA) ပြန်လည်ဖွဲ့စည်းခြင်းကို ဦးတည်စေခဲ့သည်။ မွန်ပြည်သစ်ပါတီ (NMSP) ၏ အပစ်အခတ်ရပ်စဲရေးသည် ဆက်လက်တည်တန့်နေဆဲ ဖြစ်သော်လည်း ယခင်မွန်တို့ ထိန်းချုပ်ထားသော ဒေသများသို့ မြန်မာစစ်တပ်များချထားခြင်းဖြင့် ၎င်းတို့၏ အာဏာစက်ကို စိန်ခေါ်ခံနေရသည်။ ၁၉၉၄ ခုနှစ် ကရင့်အမျိုးသားအစည်းအရုံးအတွင်း ညီညွတ်ရေးပြိုကွဲခဲ့ရမှုက မြန်မာစစ်တပ်ထိမ်းချုပ်မှုကို ပိုမိုကျယ်ပြန့်စေခဲ့သည်။

တိုင်းရင်းသားဒေသများအတွင်း တိုက်ပွဲများရပ်ဆိုင်းခဲ့သော်လည်း ၁၉၉၈ ခုနှစ်မှစ၍ အသက်မဝင်တော့သော ဟန်ဆောင်တရားဥပဒေစိုးမိုးရေးဖြင့် အုပ်ချုပ်သော စစ်အစိုးရအုပ်ချုပ်မှု အောက်တွင် သာ တိုင်းပြည်သည် ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ် တောင်းဆိုနေသော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေးရရှိရေး၊ စစ်တပ်၊ အတိုက်အခံ အင်အားစု နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ အကြား သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်ရေး စသော တောင်းဆိုချက်ချက်များသည် ဆက်လက်၍ အလေးဂရုအပြုမခံရပဲ ရှိနေသေးသည်။ စစ်အစိုးရ၏ စိတ်ကြိုက်ရေးဆွဲထားသော ဒီမိုကရေစီလမ်းပြမြေပုံ၏ ပထမအဆင့်အဖြစ် ၂၀၀၇ ခုနှစ်တွင် အခြေခံဥပဒေအသစ် ရေးဆွဲရန်အတွက် လမ်းညွှန်ချက်များကို အပြီးသတ်ချမှတ် ရေးဆွဲခဲ့သည်။ သို့သော် တိုင်းရင်းသားလူမျိုးစုများ၏ ဖယ်ဒရယ်ဒီမိုကရေစီပေါ်ထွန်းရေး ပြင်ဆင်တင်ပြချက်များကိုမူ လက်မခံပယ်ချခဲ့သည်။ ယင်းလမ်းညွှန်ချက်များက စစ်တပ်အား အဓိက ဝန်ကြီးဌာနများတွင် နေရာရရေး၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးချယ်ခံစရာမလိုသော ခွဲတမ်းနေရာများစွာပိုင်ဆိုင်ထားရေး နှင့် အခြေခံဥပဒေမှခွင့်ပြုသော ကင်းလွတ်ခွင့်ဖြင့် တရားဝင် လူ့အခွင့်အရေး ချိုးဖောက်နိုင်ခွင့်များကို ပေးထားသည်။

လုံးဝကြိုတင်အသိပေးခြင်းမရှိပဲ ဆင်းရဲတွင်းနက်နေသော နိုင်ငံသားများ၏ အသက်မွေးဝမ်းကြောင်း အား ထပ်ဆင့်ဒုက္ခရောက်စေခဲ့သာ လောင်စာဆီဈေးအဆမတန်တက်မှုက ၂၀၀၇ ခုနှစ် စက်တင်ဘာ "ရွှေဝါရောင်တော်လှန်ရေး" ၏ မီးပွားများ ဖြစ်ခဲ့သည်။ ဆန္ဒပြသံဃာတော်များအား ရက်ရက် စက်စက် တိုက်ခိုက်ခဲ့မှုက အစိုးရဆန့်ကျင်ရေးစိတ်ဓါတ်များ ပိုမိုကြီးထွားလာခဲ့ကြပြီး သံဃာတော် များက စစ်အစိုးရအား ကံဆောင်သပိတ်မှောက်သောအဆင့်အထိ ဦးတည်စေခဲ့သည်။ အမျိုးသား ရင်ကြားစေ့ရေးအတွက် အတိုက်အခံဒီမိုကရေစီအုပ်စုများ၊ တိုင်းရင်းသားများနှင့် စစ်အစိုးရကို တွေ့ဆုံဆွေးနွေးရန်ဟူသော နိုင်ငံရေးအရ ပိုမိုအရေးပါသည့် တောင်းဆိုချက်များကို ဆန္ဒပြပွဲများက တပြည်းပြည်း ထည့်သွင်းတောင်းဆိုလာခဲ့သည်။[24] ယင်းအကြမ်းမဖက်အုံကြွမှုသည် အရှိန် ကောင်းကောင်းဖြင့် စိတ်လှုပ်ရှားဖွယ် ဖြစ်နေသလို စစ်တပ်အုပ်ချုပ်မှုနှင့် ညံ့ဖျင်းသော စီမံခန့်ခွဲမှု အပေါ်လူထု၏ရင်ထဲ တအုံနွေးနွေးဖြစ်နေသော စိတ်ပျက်မှုကိုလည်း ပေါ်လွင်စေသည်။

---

[24] ရခိုင်၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားများအား တခါတရံတွင် လူနည်းစုတိုင်းရင်းသား သို့မဟုတ် ဌာနေတိုင်းရင်းသားများဟု ရည်ညွှန်းပုံဖေါ်ကြသော်လည်း ယေဘုယျအားဖြင့် တိုင်းရင်းသားလူမျိုးစုများဟုသာ ခေါ်ဆိုကြသည်။".

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) က လုပ်ဆောင်နေသောခြိမ်းခြောက်မှုအား နိုင်ငံတကာမှ လက်တုန့်ပြန်သင့်သောဖြစ်ရပ်ကို ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်များဖြစ်သော ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးနှင့် ချဒ်သမ္မတဟောင်း ဘယ်ကပ်ဟောဘယ်တို့နှစ်ဦး ပြုစုသော အစီရင်ခံစာတွင် တိတိကျကျ ထည့်သွင်းဖေါ်ပြထားပြီးဖြစ်သည်။[25] ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ယခင်ကချမှတ်ထားသော ဒေသတွင်း ငြိမ်းချမ်းရေးကို ခြိမ်းခြောက်စေသော နိုင်ငံတွင်း ပဋိပက္ခ၏ အခြေအနေခုနှစ်ရပ်အား မြန်မာနိုင်ငံ အခြေအနေသည် ကြားဝင်ဆောင်ရွက်နိုင်ခွင့်ရှိမရှိကို ပြန်လည်သုံးသပ်ခဲ့သည်။ ထည့်သွင်းစဉ်းစားသောအချက်များမှာ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအား ဖြုတ်ချမှု၊ အစိုးရနှင့် လက်နက်ကိုင်အတိုက်အခံ အုပ်စုများအကြား ပဋိပက္ခ၊ လူသားချင်းစာနာသောဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများအား ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှု၊ ဒုက္ခသည်များ အဆမတန်ထွက်ပြေးနေမှုနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှု စသော နယ်စပ်ဖြတ်ကျော် ပြဿနာရပ်များ ပါဝင်သည်။ လုံခြုံရေးကောင်စီမှ ကြားဝင်ဖြန်ဖြေသော နိုင်ငံတွင်းပဋိပက္ခများအားလုံးတွင် ဖေါ်ပြပါအချက်များ အနက်မှ တခုမဟုတ် တခုအကျုံးဝင်သော်လည်း မြန်မာနိုင်ငံသည်သာလျှင် ဖေါ်ပြပါအချက် ငါးချက်စလုံးနှင့် အကျုံးဝင်သော နိုင်ငံတခု ဖြစ်သည်။

နအဖသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးစေသော အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော လုံခြုံရေးကောင်စီ၏ မူကြမ်းကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် တရုပ်နှင့် ရုရှတို့က ဗီတိုအာဏာသုံးပယ်ချကာ လူ့အခွင့်အရေးချိုးဖောက်မှုများသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီတွင်သာ ဖြေရှင်းရန်လိုအပ်သော အကြောင်းအရာများ ဖြစ်သည်ဟု သဘောထား ပေးခဲ့ကြသည်။ သို့သော်လည်း လုံခြုံရေးကောင်စီနည်းတူ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာစီယမ်)တွင်လည်း မြန်မာနိုင်ငံမှ သတ်တမ်းရှည်ပဋိပက္ခသည် မည်သို့မျှ သည်းခံနိုင်စရာ မရှိတော့ ဟူသော အသိအမှတ်ပြုချက်များ တစတစတိုးတက်လာခဲ့သည်။ ဇူလိုင်လနှင့် ဩဂုတ်လ အတွင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစိုးရနှင့်အကြိမ်ကြိမ် ဆွေးနွေးပွဲများအတွင်း ယင်းအချက်သည် ပေါ်လွင်ခဲ့သည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က နိုင်ငံတကာလူသားချင်းစာနာသောဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများအား နအဖမှ ချိုးဖောက်နေမှုများနှင့် စပ်လျဉ်း၍ ထူးထူးခြားခြား လူသိရှင်ကြား ရှုံ့ချဝေဖန်ခြင်းကလည်း သံတမန်ရေးအရ စိတ်ပျက်မှုများကို ထင်ဟပ်စေခဲ့သည်။[26]

စစ်အစိုးရ၏ ရွှေဝါရောင်တော်လှန်းရေးအား ရက်ရက်စက်စက်ဖြိုခွင်းခဲ့မှုက နိုင်ငံတကာအသိုင်းအဝန်း အကြားတွင် တွေ့ဆုံဆွေးနွေးပွဲမှတဆင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အရယူမည်ဟူသော စစ်အစိုး၏ ပြောဆိုချက်အပေါ် လွန်စွာ စိုးရိမ်မကင်း ဖြစ်လာခဲ့ကြသည်။ ၂၀၀၈ အိုလံပစ်ပွဲတော် နီးကပ်လာသည်နှင့်အမျှ တရုပ်အစိုးရသည်လည်း ရက်စက်ကြမ်းကြုပ်သော စစ်အစိုးရ၏ ထောက်ခံသူ

---

[25] DLA Piper, 2005, “Threat to the Peace: A Call for the UN Security Council to act in Burma”
[26] ICRC, 29 June 2007, “Press Release : Myanmar : ICRC denounces major and repeated violations of international humanitarian law”, Yangon / Geneva

တဦးအဖြစ် သူ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ ဝေဖန်ချက်များအပေါ် တစတစ မခံချိမခံသာ ဖြစ်လာနေသည်။ ယခုအစီရင်ခံစာ ပုံနှိပ်နေချိန်တွင် အုံကြွမှု၏ ရလဒ်သည် မည်သို့ဖြစ်လာမည်ကို အတိအကျမသိနိုင်သေးသော်လည်း ကမ္ဘာ့အဝှမ်းပြန့်နှံ့နေသော ဓါတ်ပုံများက လူထု၏ နိုင်ငံရေးဆန္ဒကို ရှင်းရှင်းလင်းလင်း ဖော်ပြနေပေသည်။ ပြည်သူလူထုသည် ၎င်းတို့၏ အသက်ကိုပင် ပဓာနမထားပဲ အပြောင်းအလဲတခုကို အာသာငမ်းငမ်း တောင်းတနေကြသည်။ ကျိန်းသေပေါက်ပြောနိုင်သည်မှာ ဒီတချိန်တွင် ပြည်သူလူထုသည် စစ်အစိုး၏ ဥပဒေမဲ့လုပ်ဆောင်နေမှုများကို အဆုံးသတ်ရန်အတွက် နိုင်ငံတကာ၏ ထောက်ခံမှု အပြည့်အဝကို ရရှိရန် ထိုက်တန်နေပြီဖြစ်သည်။

## ၁ – ၄ ၂၀၀၇ခုနှစ် စစ်တမ်းကောက်ယူရခြင်းအကြောင်းရင်းနှင့် နည်းနာ

ထိုင်းမြန်မာနယ်ခြားအဖွဲ့ (TBBC) သည် ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာပြည်အရှေ့ခြမ်းအတွင်း နိုင်ငံတွင်းအခြေမဲ့မှု၏ ကျယ်ပြန့်မှု၊ ပမာဏနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်နိုင်ရန် ဒေသခံလူထုအဖွဲ့အစည်းများနှင့် ဆက်စပ်လုပ်ကိုင်နေသည်။[27] လွန်ခဲ့သောနှစ်အတွင်း လူထုသည် ပိုမို၍ အခြေမဲ့ဘဝသို့ ရောက်ခဲ့ရသည်။ တချို့သော အခြေမဲ့သူများက ၎င်းတို့၏ ကျေးရွာဟောင်းများသို့ ပြန်လည်နေထိုင်ရန် ကြိုးပမ်းသကဲ့သို့၊ မြန်မာပြည်အတွင်းရှိ အခြားသောနေရာများ သို့မဟုတ် ထိုင်းနိုင်ငံတွင် ပြန်လည်အခြေချရန် အားထုတ်ခဲ့ကြသည်။ ပတ်ဝန်းကျင်အခြေအနေများသည် အမြဲတစေဖြစ်ပေါ်ပြောင်းလဲမှုများ ရှိနေသည်နှင့်အမျှ အခြေအနေများအပေါ် စုံစမ်းလေ့လာနေမှုများ ကိုလည်း ပုံမှန်ပြင်ဆင်မှုများ ပြုလုပ်နေရန် လိုအပ်သည်။ ထို့ကြောင့် ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ နိုင်ငံတွင်းအခြေမဲ့မှု၏ ပမာဏနှင့် ကျယ်ပြန့်မှုအပေါ် ခန့်မှန်းချက်၊ အကာအကွယ်မဲ့မှုအတိုင်းအတာ၊ ရွာသားများ၏ ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများနှင့် အကာအကွယ်များတိုးတက်လာရေး ကြိုးပမ်းချက်များကို ပြန်လည်သုံးသပ်ချက် စသည်တို့ကို အချိန်နှင့်တပြေးညီ သိရှိစေရန်ဖြစ်သည်။




မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်းရှိ နေရာတော်တော်များများသည် နိုင်ငံတကာလေ့လာသူများအတွက် လက်လှမ်းမမှီရာ နေရာများအဖြစ် ဆက်လက်တည်ရှိ

ရှမ်းပြည်နယ်တောင်ပိုင်း (စာမျက်နှာ ၄၅)
ကရင်နီပြည်နယ် (စာမျက်နှာ ၄၇)
ကရင်ပြည်နယ်မြောက်ပိုင်းဒေသများ (စာမျက်နှာ ၅၁)
ကရင်ပြည်နယ်အလယ်ပိုင်း (စာမျက်နှာ ၅၃)
မွန်ဒေသများ (စာမျက်နှာ ၅၅)
တနင်္သာရီတိုင်း (စာမျက်နှာ ၅၉)

[27] Previous surveys can be accessed from www.tbbc.org/resources.html

နေဆဲဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာ ဒေသများ အတွင်း သတင်းကောက်ယူရေးမှာ လွန်စွာအန္တရာယ်ထူ ပြောလှသည်။ ထို့ကြောင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သော လူထုအခြေပြုအဖွဲ့အစည်းများ၏ တရွေ့သားမျှ နောက်မဆုတ်သော ရည်မှန်းချက်၊ ရဲစွမ်းသတ္တိတို့သာ မပါရှိခဲ့ပါက ယခုအစီရင်ခံစာ မည်သို့မျှ ရေးသားနိုင်ခြင်း မရှိပေ။ မေးခွန်းများအား နိုင်ငံတွင်းအခြေမဲ့မှုဆိုင်ရာ လမ်းညွှန်းချက်များနှင့် ဖြစ်နိုင်ချေများ တွက်ချက်ရန် အတွက် ယမန်နှစ်က အသုံးပြုခဲ့သော မေးခွန်းများမှတဆင့် စုပေါင်း ရေးဆွဲထားခဲ့သည်။

နိုင်ငံတွင်းအခြေမဲ့မှု၏ ပမာဏနှင့် ဖြန့်ကျက်မှု စစ်တမ်းနှင့် စစ်ရေးတိုးချဲ့မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်း များ၏ သက်ရောက်မှုစစ်တမ်းကို ၂၀၀၇ ခုနှစ် ဂျွန်နှင့် ဇူလိုင်လအကြား မြို့နယ် ၃၈ မြို့နယ်တွင်နေထိုင်သော အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်း ခန်းများဖြင့် အခြေခံထားသည်။[28] အောက်ဖော်ပြပါ သူများအတွက် လူဦးရေခန့်မှန်းချက်များကို စုစည်းထားသည်။

- နအဖစစ်ကြောင်းများရန်မှထွက်ပြေးစွန့်ခွာ၍ စစ်ရေးအရတိုက်ခိုက်မှု အပြင်း ထန်ဆုံးသောနေရာရှာပုန်းများတွင် ပုန်းအောင်းနေသူများ၊
- နအဖမှ အတင်းအကြပ်မောင်းထုတ်၍ ပြောင်းရွှေ့ရေးစခန်းများဆီသို့ အမိန့်အရ ပြောင်းရွှေ့နေထိုင်နေရသူများ၊
- လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ပွဲ၏ ဒဏ်ကြောင့် ထွက်ပြေးစွန့်ခွာလာခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အတင်းအကြပ် ပြောင်းရွှေ့ခိုင်းခြင်း၊ သို့မဟုတ် ထိုင်းနိုင်ငံဒုက္ခသည်စခန်းများမှ ပြန်ရောက်လာခြင်း စသည့် အခြေအနေများကြောင့် တိုင်းရင်းသားအဖွဲ့အုပ်ချုပ်ရာအပစ်အခတ်ရပ်စဲထား သောဒေသများတွင်နေထိုင်နေသူများ စသည်တို့ဖြစ်သည်။

လွန်ခဲ့သောနှစ်များကဲ့သို့ပင် လူများသည် ၎င်းတို့၏ အိုးအိမ်များမှ အတင်းအကြပ်စွန့်ခွာခဲ့ရကာ နှစ်ဖက်အုပ်ချုပ်မှုရှိသောဒေသများတွင် နိုင်ငံတွင်းအခြေမဲ့အနေအထားဖြင့် ဆက်လက်တည်ရှိ နေသော သို့မဟုတ် မြို့ပြများသို့ သွားရောက်အခြေချနေထိုင်နေသော လူဦးရေအတိအကျကို ခန့်မှန်းတွက်ဆရန် မဖြစ်နိုင်ပေ။ ထို့အပြင် မတူညီသောနေရာများအား ခွဲခြားသတ်မှတ်ရန် မလွယ်ကူခက်ခဲသော အခြေအနေအပြင် အခြေမဲ့သူနှင့် နေထိုင်သူလူဦးရေအကြား ခွဲခြားသတ်မှတ်ရန် ခက်ခဲသောကြောင့် ယင်းခန့်မှန်းချက်များသည်သာ အကောင်းဆုံးသော ခန့်မှန်း ချက်များ ဖြစ်သည်။ အောက်ခြေမြို့နယ် အဆင့်တွင်ကောက်ယူလာသော ခန့်မှန်းချက်များအား ယမှန်နှစ်ခန့်မှန်းချက်များ၊ တိုင်းရင်းသား လူမျိုးစုများကို အခြေခံသောအဖွဲ့အစည်းများ၏ ကွင်းဆင်း ဝန်ထမ်းများမှ ပေးပို့သော နောက်ဆုံး အခြေအနေများနှင့် နှိုင်းယှဉ် လေ့လာခဲ့သည်။

အကာအကွယ်မဲ့မှု၊ ရင်ဆိုင်ဖြေရှင်းခြင်းနည်းနာများ၊ အကာအကွယ်ပေးခြင်းနှင့် ပတ်သက်သော စုံစမ်းလေ့လာမှုများကို မြန်မာနိုင်ငံအရှေ့ခြမ်းတလွှား ပြန့်ကျဲနေထိုင်နေကြသော အိမ်ထောင်စု ၁၀၀၀

---

[28] The questionnaires are reproduced in Appendix 1.

နီးပါးနှင့် တွေ့ဆုံမေးမြန်းထားချက်များမှ ထုတ်ယူထားခြင်း ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ၆ ခုအတွင်း ပြန့်ကျဲနေထိုင်နေသော ယင်းအိမ်ထောင်စုများကို ရွေးချယ်ရန်အတွက် အဆင့်ဆင့်သော နမူနာပုံစံများကို အသုံးပြုခဲ့ပြီး ယင်းပုံစံများကို ပုန်းခိုရာနေရာများ၊ တိုင်းရင်းသားများ၏ အပစ်ရပ် နေရာများ၊ အစိုးရ ပြောင်းရွှေ့ရေးစခန်းများနှင့် ရောနှောအုပ်ချုပ်ခံနေရသောဒေသများ အတွင်း မျှတစွာ ဖြန့်ဝေခဲ့သည်။ နမူနာပုံစံသည် ၂၀၀၄ ခုနှစ်တွင် TBBC နှင့် လုပ်ဖေါ်ကိုင်ဖက်အဖွဲ့အစည်းများမှ စုပေါင်းပြုလုပ်ခဲ့သော အကာအကွယ်မဲ့စစ်တမ်းအတွက် အသုံးပြုခဲ့သော ပုံစံကို အခြေခံခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ပြီးမြောက်ခဲ့သော အကာအကွယ်ပေးခြင်း ဆိုင်ရာ စစ်တမ်းတခုကိုလည်း အခြေခံခဲ့သည်။ ယင်းပုံစံက ရှာဖွေတွေ့ရှိချက်များကို အချိန်ကာလနှင့် ယှဉ်တွဲကြည့်နိုင်ခြင်းနှင့် လားရာများ တွက်ချက်ရာတွင်လည်း အထောက်အကူပြုကြသည်။

လူဦးရေ ခန့်မှန်းချက်များကို နယ်နမိတ် သတ်မှတ်ရန်အတွက် အောက်ဖေါ်ပြပါ မတူညီသော နယ်မြေအလိုက် ဖွင့်ဆိုထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အသုံးပြုခဲ့သည်။

- တောပုန်းဒေသများသည် တိုက်ပွဲများအဖြစ်များဆုံးနေရာဖြစ်ပြီး ထိုနေရာများတွင် နေထိုင်သော သူများသည် နအဖစစ်ကြောင်းများမှ ရှာမတွေ့စေရန်အတွက် ပုန်းခိုသည့် နေရာများဖြစ်သည်။
- ပြောင်းရွှေ့ရေးစခန်းဆိုသည်မှာ နအဖမှ အတင်းအကြပ် မောင်းထုတ်လိုက်သောကြောင့် မနေမရ နေထိုင်နေရသော ရွာပေါင်းစု ဖြစ်သည်။
- အပစ်ခတ်ရပ်စဲရေးဒေသများဆိုသည်မှာ တိုင်းရင်းသားလူမျိုးစုအာဏာပိုင်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အချို့ရရှိထားသော အထူးဒေသများဖြစ်ပြီး နအဖ၏ တိုက်ခိုက်မှုကို အကန့်အသတ်ဖြင့် အာမခံပေးနိုင်သော နေရာများသည်။
- အုပ်ချုပ်ရေးအရရောထွေးသောဒေသများဆိုသည်မှာ ပုံမှန်အားဖြင့် နအဖ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ကျေးလက်ဒေသများဖြစ်ကြပြီး လက်နက်ကိုင်အတိုက်အခံများ၏ လွှမ်းမိုးမှု တစုံတရာရှိနေသော နေရာများဖြစ်သည်။

မတူညီသောနေရာများ နယ်နမိတ်သတ်မှတ်ခြင်းသည် သီအိုရီအရသာဖြစ်ပြီး လက်တွေ့တွင် မတူကွဲပြားသော နေရာအမျိုးအစားများ သတ်မှတ်ရာတွင် တိကျမှုမရှိပေ။ ဥပမာ နအဖအား လူလုံးလုံးဝမပြရဲသော တိုက်ခိုက်မှု အများဆုံးဖြစ်ပွားနေသော နေရာများတွင် နေထိုင်နေသော အရပ်သားများနှင့် အကယ်၍ နအဖစစ်ကြောင်း ချဉ်းကပ်လာပါက အိမ်ကရှောင်ထွက်ပြေးရသော အုပ်ချုပ်ရေးအရရောထွေးသောဒေသများတွင် နေထိုင်နေသောကျေးရွာသားများအကြား ခွဲခြားသတ်မှတ်ရန် ခက်ခဲသည်။ အလားတူစွာပင် ယခင်က အတင်းအကြပ်မောင်းထုတ်ခံခဲ့ရပြီး၊ ရွှေ့ပြောင်းခံခဲ့ရသောသူများသည် ယခုအချိန်တွင် အကန့်အသတ်များ အောက်တွင် ရှိနေသေးသော်လည်း ၎င်းင်းတို့နေထိုင် လိုသောနေရာအား ရွေးချယ်နိုင်ခွင့် အတိုင်းအတာတခုအထိ ရှိနေသော လူများကို နအဖ၏ ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်သောသူများ သို့မဟုတ် အုပ်ချုပ်ရေးအရရောထွေးသောနေရာများတွင် နေထိုင်သော သူများဟု သတ်မှတ်လျှင် သတ်မှတ်နိုင်သည်။




မူလက သတ်မှတ်ထားခဲ့သလို ပြည်နယ်တခုတွင် အိမ်ထောင်စု ၂၀၀ အား တွေ့ဆုံမေးမြန်းရန်မှာ မဖြစ်နိုင်ခဲ့ပေ။ ပဲခူးတိုင်းတွင် တိုင်းရင်းသား အပစ်ရပ်ဒေသများ မရှိသောကြောင့် တွေ့ဆုံမေးမြန်းခန်း ၁၅၀ သာ ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း အချက်အလက်စုဆောင်းရာတွင် အဓိကကွဲလွဲမှုတခုမှာ မွန်ပြည်နယ်တွင် နမူနာပုံစံများကို ကွင်းဆင်းဝန်ထမ်းများက နားလည်မှုလွဲခြင်း ဖြစ်ခဲ့သည်။ တွေ့ဆုံမေးမြန်းခန်းအခု ၂၀၀ ပြုလုပ်ခဲ့ပြီး တွေ့ဆုံမေးမြန်းခန်းအားလုံးသည် အပစ်ရပ်ဒေသများတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဖြေဆိုချက် ၁၀၀ ကျော်ကို စံသတ်မှတ်ထားသောလူဦးရေမှ ချန်လှပ်ထားခဲ့လိုက်ရသည်။






စစ်တမ်းကောက်ယူခဲ့သော ရွာသားတဝက်သာသာသည် အမျိုးသမီးများဖြစ်ခဲ့ပြီး ၂၀၀၅ ခုနှစ် အိမ်ထောင်စု စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူ သုံးပုံနှစ်ပုံသည် အမျိုးသားများ ဖြစ်ခဲ့ သောကြောင့် ယှဉ်ကြည့်ပါက အများကြီး တိုးတက်ခဲ့သည်။ လူထုအခြေပြု အဖွဲ့အစည်းများ၏ ကွင်းဆင်းဝန်ထမ်း များအကြားတွင် လိင်ကွဲပြားမှုနှင့် ပတ်သက်၍ ပိုမိုသိမြင်လာနေသည်ကို ယင်းအချက်က ထင်ဟပ်စေသည်။ သို့သော် အသက်အရွယ်ဖြန့်ကျက်မှုတွင် ယခင်စစ်တမ်းများ ကဲ့သို့ပင် ဖြေဆိုသူများသည် အသက် ၁၈ နှစ်အရွယ်နှင့် အထက်ရှိရမည်ဟု အသေးစိတ် ဖေါ်ပြထားခဲ့သည်။







အိမ်ထောင်စုစစ်တမ်းအတွက် ဖြေဆိုသူများမှာ မတူညီသော တိုင်းရင်းသား ၁၃ မျိုးမှ လာရောက်ခြင်း ဖြစ်သောကြောင့် အမျိုးအစားစုံသော လူဦးရေပါဝင်ကြောင်းကို ညွှန်ပြနေသည်။ ဖြေဆိုသူများတွင် စကောကရင်လူမျိုးအများစုပါဝင်နေခြင်းက ကရင်ပြည်နယ်အတွင်း ပဋိပက္ခ ဖြစ်ပွားသော ဒေသများအတွင်း ၎င်းင်းတို့နေထိုင်နေခြင်းကြောင့်သာမကပဲ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်း အတွင်း ၎င်းတို့နေထိုင်နေကြသောကြောင့် ဖြစ်သည်။ အလားတူစွာပင် မြန်မာနိုင်ငံ အရှေ့ခြမ်း အတွင်း ဘာသာရေးအရမတူကွဲပြားမှုတွင်လည်း စစ်တမ်းသည် ဗုဒ္ဓဘာသာဝင်အများစုကို လက်လှမ်းမှီခဲ့ပြီး ခရစ်ယန်ဘာသာဝင်အနည်းစုနှင့် နတ်စားကိုးကွယ်သူ အများစုကိုသာ ကောက်ယူနိုင်ခဲ့သည်။

နမူနာသတ်မှတ်ထားသောလူဦးရေ၏ ထက်ဝက်ကျော်ခန့်မှာ လွန်ခဲ့သော ၁၀ နှစ်အတွင်း အတင်းအကြပ် အခြေမဲ့ဘဝရောက်ခဲ့ရခြင်းမရှိပဲ၊ အခြေမဲ့ဘဝရောက်ပြီးနောက် ၎င်းတို့နေရာဟောင်း များဆီသို့ ပြန်လည်ရောက်ရှိနေခြင်း သို့မဟုတ် အခြားနေရာများတွင် ပြန်လည်အခြေချနေထိုင် နေသူများ ဖြစ်ကြောင်း အစီရင်ခံခဲ့သည်။ သို့သော် အခြေမဲ့အခြေအနေတွင် ဆက်လက်ရှိနေသော ဖြေဆိုသူ အချိုးအစားမှာ အနည်းငယ်သာရှိနိုင်ကြောင်း ထင်ဟပ်စေသည်။ ဖြေဆိုသူအချို့သည် လွန်ခဲ့သော ဆယ်နှစ်ကျော်တွင် အခြေမဲ့ဘဝသို့ ပထမရောက်ခဲ့ကြရပြီး နောက်ပိုင်းတွင် အဓမ္မ ပြောင်းရွှေ့ခြင်းမှ လျော့ပါးကောင်းလျော့ပါးသွားနိုင်သည်လည်း ဖြစ်နိုင်သည်။ ၎င်းင်းတို့အနက်မှ အခြေမဲ့ဘဝ ရောက်ခဲ့သူအများစုသည် နေရင်းရပ်သို့ အောင်အောင်မြင်မြင် ပြန်နိုင်ခဲ့ပြီး၊ ပြန်လည် အခြေချနိုင်ခဲ့သော်လည်း ခိုင်မာသော အသက်မွေးဝမ်းကြောင်းနှင့် လူ့အဖွဲ့အစည်းသို့ ပြန်လည်

ဝင်ရောက်နိုင်ရေးအတွက် အဆင်သင့်မဖြစ်သေးပဲ ရှိနေနိုင်သေးသည်။ ထို့ကြောင့် ကနဦး ဖြေဆိုချက်များနှင့် ပတ်သက်၍ ပိုမိုပြည့်စုံသော စုံစမ်းလေ့လာချက်တခုတွင် ဖြေဆိုသူ ၄၇ ရာခိုင်နှုန်း ကျော်သည် နိုင်ငံတွင်းအခြေမဲ့ဘဝတွင် ဆက်လက်ရှိနေသေးသည်။




လွန်ခဲ့သော ဆယ်နှစ်အတွင်း အခြေမဲ့ဘဝသို့ရောက်ခဲ့သူများအနက်မှ ဖြေဆိုသူများအား တာရှည်ခံသော နေရပ်ရင်းပြန်မှု၊ ပြန်လည်အခြေချမှုနှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများကို မေးမြန်းသော အခါတွင် ယင်းအချက်က ပိုမို၍ခိုင်မာလာသည်။ အခြေမဲ့သူများ၏ ၃၉ ရာခိုင်နှုန်း သည် အသက်မွေးဝမ်းကြောင်းနှင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်နေသည်ဟု အစီရင်ခံ ခဲ့သည်။ သို့သော် အစိုးရအာဏာပိုင်များမှ သူပုန်ထောက်ခံသူများဟု ခေါင်းစဉ်တပ်၍ အဓိက ပစ်မှတ်ထားခံထားရသည့် ရွာသားများ နေထိုင်သော ရွာပုန်းများမှ ဖြေဆိုသူ ၄၃ ရာခိုင်နှုန်း ပါဝင်သည်။ ခိုင်မာသော နေရပ်ရင်းပြန်မှု သို့မဟုတ် ပြန်လည်အခြေချမှုနှင့် ပတ်သက်သော မွေးခွန်းများအပေါ် ထိုကဲ့သို့သော အကောင်းမြင်တုန့်ပြန်ချက်တခု ထွက်ပေါ်လာရခြင်းမှာ ကွင်းဆင်း ဝန်ထမ်းများကို လေ့ကျင့်ရာတွင် နည်းနာပိုင်းအားနည်းချက်ကို ပေါ်လွင်စေသည်။ လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာ ပြေးလွှားနေခဲ့ရပြီးနောက် တော်တော်တန်တန်တည်ငြိမ်သော ပတ်ဝန်းကျင်တခုပေါ်တွင် နိုင်ငံတွင်းအခြေမဲ့သူ အသိုင်းအဝန်းအကြား ကာလတိုခိုင်မာမှု တခုအဖြစ်လည်း ယင်းအချက်က ထင်ဟပ်စေသည်။

နေရပ်ပြန်ခြင်း (သို့) အခြေချနေထိုင်ခြင်း အားတုံ့ပြန်ချက်များ
(စစ်တမ်း – ၆၉၂ အိမ်ထောင်စု။ ၃၉% ရေရှည်)





**PHOTO** : KORD, Generations in Hiding, Taungoo, 2007

# အခန်း ၂

## မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းအတွင်း အခြေမဲ့မှု၏ လားရာများ

# ၂ – ၁ ပဋိပက္ခကြောင့်ဖြစ်ရသော အခြေမဲ့မှု

မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း အခြေမဲ့မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စစ်ပွဲ၏ အကျိုးသက်ရောက်မှု အထူးသဖြင့် တန်ပြန်သောင်းကျန်းသူဆန့်ကျင်ရေးမဟာဗျူဟာများ၏ အကျိုးသတ်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့်မှတ်တမ်းတင်ထားပြီး ဖြစ်သည်။[29] ဆယ်စုနှစ်များစွာ ကြာညောင်းဖြစ်ပွားနေသော အငယ်စားပဋိပက္ခများ ကာလတလျှောက်လုံးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)နှင့် ၎င်းလက်ထက်မတိုင်မီ အစိုးရများသည်လည်း သောင်းကျန်းသူဆန့်ကျင်ရေးမဟာဗျူဟာတွင် အရပ်သားလူထု အပေါ်တွင်သာ ပစ်မှတ်ထားခဲ့သည်။ ဖြတ်လေးဖြတ်မူဝါဒသည် တိုက်ခိုက်မှုဖြစ်ပွားနေသော ဒေသအတွင်းရှိ ကျေးရွာများကို အစိုးရထိန်းချုပ်ရာဒေသအတွင်းသို့ အတင်းအကြပ် ရွှေ့ပြောင်းခြင်းဖြင့် လက်နက်ကိုင်အတိုက်အခံများ၏ လူသစ်စုဆောင်းမှု၊ သတင်းအချက် အလက်ရရှိမှု၊ အထောက်အပံ့ရရှိမှုနှင့် ဘဏ္ဍာငွေရရှိမှုများကို ချိနဲ့စေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။ ထိုမူဝါဒသည် အတိုက်အခံများထိန်းချုပ်ရာ အမဲရောင်နယ်မြေမှသည် တိုက်ခိုက်မှုများ ဖြစ်ပွားဆဲရှိရာ အညိုရောင်နယ်မြေနှင့် နောက်ဆုံးအဆင့်အဖြစ် ရန်ကုန်အစိုးရထိန်းချုပ်သော အဖြူရောင်နယ်မြေအဖြစ်သို့ သွတ်သွင်းရန်ဖြစ်သည်။

အတင်းအကြပ်ပြောင်းရွှေ့ရေးအမိန့်ကို မလိုက်နာသော ရွာသားများအား သူပုန်ထောက်ခံသူအဖြစ် သတ်မှတ်ခြင်းခံရသည်။ စစ်တပ်မှ အရပ်သားများကို ထပ်ခါတလဲလဲ ပစ်မှတ်ထားခြင်းသည် မြန်မာနိုင်ငံကလေးစားလိုက်နာရန်တရားဝင်လတ်မှတ်ရေးထိုးထားခဲ့သော နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။[30] ထို့ကြောင့် ပဋိပက္ခကြောင့်ဖြစ်ရသောအခြေမဲ့မှုတွင် မြန်မာစစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျချိုးဖောက်နေခြင်းသည်သာမကပဲ လူသားမျိုးနွယ်တခုလုံးအားဆန့်ကျင်သောပြစ်မှုကိုလည်း ကျူးလွန်နေခြင်းဖြစ်ကြောင်း သုံးသပ်နိုင်သည်။

အသက်အန္တရာယ်ခြိမ်းခြောက်မှုသည် တန်ပြန်သောင်းကျန်းသူဆန့်ကျင်ရေးမူဝါဒ၏အဆိုးဝါးဆုံးသော လက္ခဏာရပ်ဖြစ်ပြီး၊ စစ်ရေးအရတိုက်ခိုက်မှု၊ သိမ်းကျုံးသတ်ဖြတ်မှု၊ မြေမြှုပ်မိုင်းနှင့် လူမဆန်စွာအပြစ်ပေးမှုများလည်း ပါဝင်သည်။ သို့သော် စိုက်ပျိုးခင်းများ၊ အိုးအိမ်များကို ဖျက်ဆီးခြင်း၊ မြေယာသိမ်းယူခြင်းနှင့် ရိက္ခာပစ္စည်းများကိုသိမ်းယူသောကြောင့် စစ်ရေးအရ တိုက်ခိုက်မှုရှိသော နေရာများအတွင်းနေထိုင်နေသော ရွာသားများ၏ အသက်မွေးဝမ်းကြောင်းမှုကို ထိခိုက်စေသည်။

---

[29] Internal Displacement Monitoring Centre, 28 March 2007, *Myanmar (Burma) : A Worsening Crisis of Internal Displacement*, www.internal-displacement.org
UN Human Rights Council, 12 February 2007, *Report of the Special Rapporteur on the Situation of Human Rights in Myanmar, Paulo Sergio Pinheiro*, A/HRC/4/14
Human Rights Watch, 2005, *They Came and Destroyed our Village Again: The Plight of Internally Displaced Persons in Karen State*, Vol.17, No. 4(C).

[30] Geneva Conventions I-IV, 1949, Common Article 3.

# မြန်မာပြည်အရှေ့ပိုင်းစစ်တပ်အင်အားတိုးချဲ့မှုများ၊ ၂၀၀၇



မည်သည့်ဘက်ကမဆို စစ်ရေးအရတိုက်ခိုက်မှုတခုဖြစ်ပြီးတိုင်း ယေဘုယျအားဖြင့် အရပ်သားပြည်သူများအန္တရာယ်ရှိမှုသည် တိုးပွားလာစမြဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် လက်နက်ကိုင်အတိုက်အခံများ တိုက်ခိုက်မှုများပြုလုပ်နိုင်ရန် ထောက်ပံ့ပေး သည်ဟု နအဖက ယူဆသောကြောင့် ရွာသားများအပေါ် လက်စားချေ လက်တုန့်ပြန်သောကြောင့် ဖြစ်သည်။

တနိုင်ငံလုံးတွင်တပ်ဆွဲထားသော မြန်မာစစ်တပ်၏ ရာခိုင်နှုန်း ၃၀ ထက်မကသော အင်အားနှင့် ညီမျှသော ခလရ၊ ခမရ တပ်ရင်းပေါင်း ၂၇၃ ရင်းအား မြန်မာနိုင်ငံအရှေ့ခြမ်းတွင် တပ်ဆွဲထားကြောင်း ယခုနှစ်စစ်တမ်းက တွေ့ရှိခဲ့သည်။.[31] ယေဘုယျအားဖြင့် ယင်းတပ်ရင်းတပ်ဖွဲ့များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စစ်ဌာနချုပ်များဖြစ်သော မြိတ်မြို့ အခြေစိုက် ကမ်းရိုးတန်းစစ်ဌာနချုပ်၊ မော်လမြိုင်မြို့အခြေစိုက် အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူမြို့အခြေစိုက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးမြို့အခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကျိုင်းတုံမြို့အခြေစိုက် တြိဂံတိုင်းဒေသစစ်ဌာနချုပ်များ၏ အောက်တွင် ရှိကြသည်။ သို့သော် မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း လှုပ်ရှားစစ်ကြောင်းများအား တပ်ကူဖြည့်ပေးရန်အတွက် ရန်ကုန်နှင့်မန္တလေးတိုင်းမှ တပ်ရင်းများကို တပ်ချထားသည်။ "စစ်အကြီးအကဲများအား ကြောက်ရွံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးစိတ်ပြင်းထန်ခြင်း နှင့် အခြေခံအားဖြင့် လူမျိုးစွဲအမြင်"[32] များပါဝင်သော အစွန်းရောက်အမျိုးသားရေးတန်ဖိုးများကို အာဏာရှင်ဆန်သောစည်းကမ်းများ၏ အလေ့အထတွင် ပေါ်လွင်သည်။ သို့သော် စစ်တပ်အတွင်း ညံ့ဖျင်းသောစီမံခန့်ခွဲမှု၊ မလုံလောက်သောစားနပ်ရိက္ခာနှင့် ခက်ခဲသော အခြေအနေများကြောင့် စစ်တပ်အတွင်း စိတ်ဓါတ် ပျက်ပြားမှုများဖြစ်ပေါ်ခြင်းနှင့် လွန်ခဲ့သော နှစ်အတွင်းတွင် တပ်ပြေးမှု ၈ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု စစ်တပ်ခေါင်းဆောင်ပိုင်းကပင် ဝန်ခံခဲ့သည်။[33]

## ၂ – ၂ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ဖြစ်ရသောအခြေမဲ့မှု

မြန်မာပြည်သည် ဆင်းရဲမွဲတေမှုပပျောက်ရေးလုပ်ငန်းနှင့်နှိုင်းယှဉ်ကြည့်ပါက အိမ်နီးနားချင်းနိုင်ငံများတွင် နောက်အကျဆုံးတိုင်းပြည်အဆင့်သို့ရောက်ရှိနေပြီး၊ ကုသမဂ္ဂအေဂျင်စီများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ မကြာသေးမီက ထုတ်ပြန်သော အစီရင်ခံစာများအရ မြန်မာနိုင်ငံသည် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များပါ အားလုံးနှင့်သက်ဆိုင်သော တိုင်းတာချက်များနှင့် ပတ်သက်၍ ယုံကြည်စိတ်ချလောက်သော အချက်အလက်များ၊ လွဲချော်မှုများ သို့မဟုတ် ကျဆုံးမှုများကို ထောက်ပံ့ပေးနိုင်ခြင်းမရှိပေ။[34] ဤသို့ဖြစ်ရခြင်းသည် အစိုးရဘဏ္ဍာငွေ၏ ၄၀ ရာခိုင်နှုန်းကို စစ်တပ်အတွက်အသုံးပြုထားသောကြောင့်ဖြစ်ပြီး[35] နှစ်စဉ်ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးအတွက်

---

[31] Network for Democracy and Development, May 2007, *Civil and Military Administrative Echelon of State Peace and Development Council in Burma*
[32] International Crisis Group, 2001, "Myanmar: The Military Regime's View of the World", p4
[33] Samuel Blyt, 4 April 2007, "Myanmar Army Document Spotlights Low Morale", Jane's Defence Weekly
[34] *A Future Within Reach: Reshaping Institutions in a region of Disparities to meet the Millenium Development Goals in Asia and the Pacific*, UNESCAP, UNDP and ADB, 2005, New York, p13
[35] International Crisis Group, 2004, *Myanmar: Aid to the Border Areas*, Yangon / Brussles, p14.

# လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆက်နွယ်သည့် လုပ်ဆောင်ဆဲဖွံ့ဖြိုးရေးစီမံကိန်းများ ၂၀၀၆–၂၀၀၇



လူတဦးလျှင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာမျှပင်မရှိပေ။[36] မကြာသေးမီက ထုတ်ပြန်ထားသော နိုင်ငံပေါင်း ၁၈၀ တွင် ရှင်းလင်းပြတ်သားသောအုပ်ချုပ်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာတွင် စနစ်တကျခြစားမှုသည် မြန်မာနိုင်ငံနှင့်ဆိုမားလီးယားတွင် ဖြစ်ပွားမှု အများဆုံးဟု တွေ့ရှိရသည်။[37]

ဆင်းရဲမွဲတေမှုသည် နိုင်ငံအဝှမ်းလက္ခဏာတရပ်ကဲ့သို့ ဖြစ်နေသောအချိန်တွင် အနိမ့်ကျဆုံးသော နေရာများသည် နယ်စပ်တလျှောက်ရှိ ဒေသများဖြစ်ပြီး ထိုဒေသများတွင် ကာလကြာမြင့်နေပြီဖြစ်သောပဋိပက္ခက လူသား၊ စီးပွားရေးနှင့် သဘာဝအရင်းအနှီးများကို ပိုမို၍ အားနည်းယုတ်လျော့စေခဲ့သည်။ အခြေခံအဆောက်အအုံများနှင့် စီးပွားဖြစ်စိုက်ပျိုးရေးစနစ်ကိုသာ အလေးထားသောကြောင့် အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်သည် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း ဆင်းရဲမွဲတေမှုပပျောက်ရေးကို အနည်းငယ်သာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။[38] ဆန့်ကျင်ဖက်အားဖြင့် နိုင်ငံတော်မှဦးစီးသောဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဦးဆောင်ပြုချက်များသည် လူထုဘဝကို ယုတ်လျော့စေပြီး “ကျေးလက်လူထုအပေါ် စစ်တပ်ထိန်းချုပ်မှု ပိုမိုရရှိလာစေရေး အတွက်သာ လုပ်ဆောင်ခြင်း” ဖြစ်သည်။[39]

မြန်မာနိုင်ငံအတွက် တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အကြီးမားဆုံးသော ကဏ္ဍမှာ စွမ်းအင်ကဏ္ဍဖြစ်သော်လည်း ဓါတ်ငွေ့ပိုက်လိုင်းများနှင့် သံလွင်မြစ်တလျောက် တည်ဆောက်ရန် ရည်ရွယ်ထားသော ရေအားလျှပ်စစ်ထုတ်ရေကာတာများကြောင့် လွန်ခဲ့သောနှစ်အတွင်း လူအခွင့်အရေးချိုးဖောက်မှု ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်ခဲ့သည်။ ရှမ်းပြည်နယ်အတွင်း တာဆန်းရေကာတာ တည်ဆောက်ရန် သတ်မှတ်ထားသောနေရာတဝိုက်တွင် ခန့်မှန်းချေလူပေါင်း ၃၅၀၀၀ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး ကျန်ရှိသောပြည်သူများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများသည်လည်း လမ်းဖောက်ရန် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ သစ်အများအပြားထုတ်ယူသောကြောင့် တောပြုန်းခြင်းများကြောင့် ဆက်လက်ပျက်ဆီးနေဆဲဖြစ်သည်။ တချိန်တည်းမှာပင် တနင်္သာရီတိုင်းရှိ ရတနာဓါတ်ငွေ့ပိုက်လိုင်းနှင့် မွန်ပြည်နယ်အတွင်းရှိ ကန်ဘောက်–မြိုင်ကလေး ဓါတ်ငွေ့ပိုက်လိုင်း များအနီးတဝိုက်တွင် တည်ရှိသော ကျေးရွာများသည် ဒေသခံအာဏာပိုင်များမှ အခကြေးငွေ တစုံတရာမပေးပဲ အတင်းအဓမ္မ ကင်းစောင့်ခိုင်းခြင်းခံနေရဆဲ ဖြစ်သည်။

လွန်ခဲ့သောနှစ်အတွင်းတွင် အစားထိုးလောင်စာဆီတခုအဖြစ် ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်ရန်အတွက် ကြက်ဆူပင်စိုက်ပျိုးရေးစီမံကိန်းကို နိုင်ငံတော်မှ ဦးစီးဦးဆောင်ကာ တိုးမြှင့်စိုက်ပျိုးသော စီးပွားဖြစ်စိုက်ပျိုးရေးကသာ မင်းမူခဲ့သည်။ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း မြေပိုင်ရှင်များကို

---

[36] Center for Public Health and Human Rights, March 2006, *Responding to AIDS, TB, Malaria and Emerging Infectious Diseases in Burma*, Johns Hopkins Bloomberg School of Public Health, p7

[37] Transparency International, 2007, Corruption Perceptions Index, www.transparency.org/news_room/latest_news/press_releases/2007/2007_09_26_cpi_en

[38] International Crisis Group, 2004, *Myanmar: Aid to the Border Areas*, Yangon / Brussels, p4

[39] Human Rights Watch, 2005, They Came and Destroyed our Village Again: The Plight of Internally Displaced Persons in Karen State, Vol. 17, No. 4(c), p43

လျော်ကြေးတစုံတရာပေးခြင်းမရှိပဲ မြေကေပေါင်းထောင်နှင့်ချီ၍ ဒေသခံ အာဏာပိုင်များက သိမ်းယူခဲ့ပြီး နအဖနှင့် ပုဂ္ဂလိကငွေကြေးထောက်ပံ့ထားသော အစုစပ်စီးပွားရေးလုပ်ငန်းများကိုသာ အဓိကအကျိုးဖြစ်စေသည်။ မလုပ်မနေရ ကိုတာစနစ်များ နှင့် အတင်းအကြပ် ပျိုးပင်စိုက်ပျိုး ခိုင်းခြင်းများက အသက်မွေးဝမ်းကြောင်းမှုကို ပိုမို၍ အားယုတ်စေသည်။ မြေပိုင်ရှင် ဟောင်းများနှင့် အလုပ်သမားများသည် မည်သို့သောအခါမျှ သီးနှံရိတ်သိမ်းချိန်တွင် အကျိုးအမြတ်တစုံတရာ ခံစားရကြောင်း မည်သည့်အထောက်အထားမျှ မရှိပေ။

## ၂ – ၃ ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း အခြေမဲ့ဖြစ်မှု

ဌာနေတိုင်းရင်းသားဆိုင်ရာ လူသားချင်းစာထောက်ထားမှုနှင့် လူအခွင့်အရေးအုပ်စုများမှ ကွင်းဆင်းစစ်တမ်းများကောက်ယူပြီး၊ တီဘီဘီစီမှ စုစည်းထားသောစစ်တမ်းများအရ ၁၉၉၆ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အကြား မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်းရှိရွာပေါင်း ၃၀၀၀ ထက်မနည်းဖျက်ဆီးခံရခြင်း၊ အတင်းအကြပ်ရွှေ့ပြောင်းခံရခြင်း သို့မဟုတ် စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ယခင်ကတင်ပြခဲ့ပြီး ဖြစ်သည်။[40] စခန်းများအတွင်းသို့ဒုက္ခသည်များ အစုလိုက်အပြုံလိုက်ဝင်ရောက်လာခြင်း၊ ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများ နှင့် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူလူဦးရေ ခန့်မှန်းချက်များကို အခြေခံကြည့်သော် ယခုအစီရင်ခံစာတင်သွင်းသောကာလတွင် မြန်မာနိုင်ငံအရှေ့ခြမ်း၌ ပြည်သူတစ်သန်းကျော် ၎င်းတို့အိုးအိမ်များမှအတင်းအကြပ်မောင်းထုတ်ခြင်း ခံခဲ့ရသည် ဟုနားလည် နိုင်သည်။

ယင်းကွင်းဆင်း အစီရင်ခံချက်များကို ကျေးရွာများအား စွန့်ခွာပြီးနောက်နှင့် မစွန့်ခွာချိန်တွင် ပုဂ္ဂလိကဂြိုလ်တုများမှတဆင့်ရိုက်ယူထားသော ပြတ်သားရှင်းလင်းသည့်ဓါတ်ပုံများနှင့် မကြာသေးမီကပေါင်းစပ်ခဲ့သည်။ ဥပမာ ယခုအစီရင်ခံစာတွင်အသုံးပြုဖေါ်ပြထားသော ဂြိုလ်တုမှရိုက်ယူထားသောဓါတ်ပုံတွင် ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာတရွာမှအဆောက်အဦးပေါင်း ၂၄ လုံးကို ဖယ်ရှားခံရသည်ကိုရှင်းရှင်းလင်းလင်းတွေ့နိုင်သည်။ ယင်းနေရာသည် ၂၀၀၆ ခုနှစ်တွင် တီဘီဘီစီမှ မှတ်တမ်းယူထားသောအတင်းအကြပ်ရွှေ့ပြောင်းခံရသောနေရာဖြစ်သည်။[41] အလားတူစွာပင် တိုက်ခိုက်ခံရသော၊ ဖျက်ဆီးခံရသော ကျေးရွာများနှင့်ပတ်သက်၍ အခြားသောကွင်းဆင်း အစီရင်ခံချက်များကိုလည်း မျက်စိဖြင့်မြင်တွေ့နိုင်သောမီးလောင်ပြင်များဖြင့် သက်သေပြုထားသည်။

ယမန်နှစ် တနှစ်တည်းတွင်ပင်လျှင် လူပေါင်း ၇၆၀၀၀ သည် လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်သော်လည်းကောင်း၊ ရှောင်ရှားလို၍သော်လည်းကောင်း သို့မဟုတ် သက်ရောက်မှုကြောင့်သော်လည်းကောင်း ၎င်းတို့၏အိုးအိမ်များကိုမဖြစ်မနေစွန့်ခွာခဲ့ရသည်ဟု ယခု

---

[40] TBBC, 2006, “Internal Displacement in Eastern Burma”, www.tbbc.org

[41] Science and Human Rights Program, 2007, *High Resolution Satellite Imagery of the Conflict of Burma*, American Association for the Advancement of Science, Washington DC. www.aaas.org/news/releases/2007/media/0928burma_report.pdf
See also, TBBC, 2006, “Internal Displacement in Eastern Burma”, www.tbbc.org pp 33 & 56

နှစ်စစ်တမ်းကခန့်မှန်းထားသည်။ ယင်းလူဦးရေတွင် လွန်ခဲ့သော၁၂လအတွင်း လုံး၀အခြေမဲ့ ဖြစ်သွားသောမှတ်တမ်းတင်ထားသည့် ရွာပေါင်း ၁၆၇ရွာမှ ပြည်သူများပါ၀င်သည်။ ယမန်နှစ်က နှင့်ယှဉ်လျှင် အခြေမဲ့လူဦးရေအရေအတွက်အနည်းငယ်ကျဆင်းသွားခဲ့သည်။ အကြောင်းရင်းမှာ တနင်္သာရီတိုင်းအတွင်း ကန့်သတ်ချုပ်ချယ်မှုများ အနည်းငယ်ကျဆင်းသွားခြင်းနှင့် အဓိကဆက်နွယ် သည်။ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ခြမ်းအတွင်းတွင် အတင်းအကြပ်ရွှေ့ပြောင်း နေထိုင်ရမှုများအများဆုံးဖြစ်ပွားခဲ့ပြီး တန်ပြန်သောင်းကျန်းသူစီမံချက်များကြောင့် ခန့်မှန်းခြေ အရပ်သားပြည်သူပေါင်း ၄၃၀၀၀ ခန့် အခြေမဲ့ဖြစ်ခဲ့ရသည်။

## ၂၀၀၂ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အကြား အခြေမဲ့မှုနှုန်းထား

| တိုင်းနှင့် ပြည်နယ်များ | လက်နက်ပဋိပက္ခနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အခြေမဲ့ခံရသည့်အရပ်သားများ | | | | | |
|---|---|---|---|---|---|---|
| | ၂၀၀၂–၃[42] | ၂၀၀၃–၄[43] | ၂၀၀၄–၅[44] | ၂၀၀၅–၆[45] | ၂၀၀၆–၇ | တနှစ်ပျမ်းမျှ |
| ရှမ်းတောင်ပိုင်း | ၁၅၅၀၀ | ၁၅၅၀၀ | ၂၃၁၀၀ | ၁၆၂၀၀ | ၁၅၄၀၀ | ၁၇၁၀၀ |
| ကရင်နီ | ၆၁၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၇၄၀၀ | ၂၈၀၀ | ၇၀၀၀ |
| ပဲခူးအရှေ့ပိုင်း | ၃၀၅၀ | ၃၀၅၀ | ၅၉၀၀ | ၁၃၄၀၀ | ၁၁၅၀၀ | ၇၄၀၀ |
| ကရင် | ၃၀၅၀၀ | ၃၀၅၀၀ | ၂၉၅၀၀ | ၃၀၁၀၀ | ၄၃၄၀၀ | ၃၂၈၀၀ |
| မွန် | ၈၁၅၀ | ၈၂၀၀ | ၁၀၀၀၀ | ၁၁၀၀ | ၁၂၀၀ | ၅၇၀၀ |
| တနင်္သာရီ | ၁၅၂၀၀ | ၁၅၁၅၀ | ၆၀၀၀ | ၁၃၈၀၀ | ၁၇၀၀ | ၁၀၄၀၀ |
| စုစုပေါင်း | ၇၈၅၀၀ | ၇၈၅၀၀ | ၈၇၀၀၀ | ၈၂၀၀၀ | ၇၆၀၀၀ | ၈၀၄၀၀ |

[42] TBBC, 2004, “Internal Displacement and Vulnerability in Eastern Burma”, www.tbbc.org
[43] Ibid. (Estimates were originally for a 2 year period between 2002 and 2004)
[44] TBBC, 2005, “Internal Displacement and Protection in Eastern Burma”, www.tbbc.org
[45] TBBC, 2006. “Internal Displacement in Eastern Burma”, www.tbbc.org

# မြန်မာနိုင်ငံအရှေ့ပိုင်း အခြေမဲ့ရွာများ ၁၉၉၆–၂၀၀၇




| တိုင်းနှင့်ပြည်နယ်များ | ဖျက်ဆီး၊ ရွှေ့ပြောင်း၊ သို့မဟုတ် စွန့်ပစ်ခံရသည့်ရွာများ | | | | |
|---|---|---|---|---|---|
| | 1996-02 | 2002-04 | 2004-05 | 2005-06 | 2006-07 |
| ပဲခူးတိုင်းအရှေ့ပိုင်း | ၁၁၃ | ၂၅ | ၇ | ၇၄ | ၄၃ |
| ကရင်ပြည်နယ် | ၅၃၄ | ၁၁၉ | ၄ | ၁၁၉ | ၈၀ |
| ကရင်နီပြည်နယ် | ၂၀၀ | ၅၂ | ၂ | ၂ | ၁၇ |
| မွန်ပြည်နယ် | ၇၂ | ၁၀ | ၄ | ၀ | ၁ |
| ရှမ်းပြည်နယ် | ၁၄၇၈ | ၃၃ | ၁၇ | ၃၃ | ၁၄ |
| တနင်္သာရီတိုင်း | ၁၃၉ | ၂ | ၃၄ | ၄ | ၁၂ |
| စုစုပေါင်း | ၂၅၃၆ | ၂၄၁ | ၆၈ | ၂၃၂ | ၁၆၇ |

ထိုင်းမြန်မာနယ်စပ်တလျှောက်
ကူညီစောင့်ရှောက်ရေးညွှန့်ပေါင်းအသင်း

ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်အတွင်း အတင်းအဓမ္မရွှေ့ပြောင်းခံရသည့်ရွာတရွာအား ဂြိုလ်တုမှ တဆင့်ရိုက်ယူထားပုံ[46]




၁၉၉၆ ခုနှစ် နှင့် ၂၀၀၂ ခုနှစ်အကြား နအဖ၏ အတင်းအကြပ်ပြောင်းရွှေ့ရေးစီမံကိန်း၏ တစတစ များပြားလာသော သက်ရောက်မှုသည် မြန်မာစစ်တပ်၏တိုးချဲ့တပ်ချထားမှု ပမာဏဖြင့် ထင်ဟပ်စေသည်။ KNU ဗဟိုဌာနချုပ်ကျဆုံးမှု၊ ခွန်ဆာ၏ မောင်တိုင်းတပ်မတော် လက်နက်ချမှု နှင့် မွန်ပြည်နယ်နှင့် ကရင်နီပြည်နယ်များတွင် အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်များ၏ နောက်ဆက်တွဲကာလများ ဖြစ်ခဲ့သည်။ ၁၉၉၀ ခုနှစ်များနောက်ပိုင်းတွင် စစ်ပွဲဒေသများအား

[46] Science and Human Rights Program, 2007, *High Resolution Satellite Imagery of the Conflict of Burma*, American Association for the Advancement of Science, Washington DC, Image 23, p 36,

မြန်မာစစ်တပ်မှ ကျယ်ကျယ်ပြန့်ပြန့်ထိန်းချုပ်ရန်အတွက် မဟာဗျူဟာမြောက်စခန်းသစ်များ တည်ဆောက်ခြင်း နှင့် ကျေးရွာများကို အတင်းအကြပ် မြို့များအနီးသို့ ပြောင်းရွှေ့ခိုင်းခြင်း သို့မဟုတ် ကျေးရွာစုများအဖြစ် ဖွဲ့စည်းခိုင်းခြင်းများ ပြုလုပ်ခဲ့သည်။ ဖြစ်ရပ်အများစုတွင် အရပ်သားများက မိရိုးဖလာ မြေယာပိုင်ဆိုင်မှုဘောင်ဖြင့် တွန်းလှန်ငြင်းဆန်ရန်ကြိုးစားခဲ့သော်လည်း ၂၀၀၂ခုနှစ်တွင် ကျေးရွာအချို့သာ အတင်းအကြပ်ပြောင်းရွှေ့ရေးအမိန့်ထဲတွင်မပါဝင်ခဲ့ပေ။

အတင်းအဓမ္မမောင်းထုတ်ခြင်းနှင့် ပြောင်းရွှေ့ခြင်းအား လူထုမှအာခံသောအဓိကပုံစံမှာ ရွာများ၊ ဘိုးဘွားပိုင်မြေယာနှင့် အနီးစပ်နိုင်ဆုံး နီးစပ်နိုင်သမျှ တောများ၊ စိုက်ခင်းများတွင် ပုန်းအောင်း နေခြင်းပင်ဖြစ်သည်။

၁၉၉၆ ခုနှစ်မှစ၍ ကျေးရွာပေါင်း ၃၂၀၀ ကျော် အခြေမဲ့သွားခဲ့ရသည်ကို မှတ်တမ်းတင်ထားချိန်တွင် ထိုရွာများအနက်မှ ရွာအချို့တွင် လူဦးရေ တစိတ်တပိုင်းပြန်လည်အခြေချနေပြီ ဖြစ်သည်။ နအဖအာဏာပိုင်များနှင့် အောက်ခြေအဆင့်သဘောတူညီချက်များ ရရှိထားသောကြောင့် လွန်ခဲ့သော နှစ်အတွင်း တနင်္သာရီတိုင်းအတွင်းရှိ ရွှေ့ပြောင်းရေးစခန်းအခု ၂၀မှ ရွာသားများသည် ၎င်းင်းတို့၏ မူရင်းရွာများတွင် ပြန်လည်အခြေချနိုင်ခြင်း သို့မဟုတ် နီးစပ်ရာနေရာများတွင် အခြေချနိုင်ခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ သို့သော် ၎င်းင်းနေရပ်ရင်းပြန်လည်နေထိုင်ခြင်းနှင့် အခြားနေရပ်များတွင် ပြန်လည်အခြေချခြင်းများ၏ ရေရှည်တည်တန့်မှုတွင် အသက်မွေးဝမ်း ကြောင်းမှု ခက်ခဲခြင်းကြောင့်သာမက တရားဝင်အသိအမှတ်ပြုမှုမရှိသောကြောင့် အကန့်အသတ် များရှိနေသည်။ တကယ်တမ်းတွင် လွန်ခဲ့သောနှစ်များအတွင်း ရွာပေါင်း ၁၀၀ ကျော်မှ ပြန်လည် အခြေချရန် ကြိုးပမ်းအားထုတ်မှုများသည် နှောင့်ယှက်မှုများကြောင့်ဟန့်တားခံရပြီး နောက်ထပ် အတင်းအကြပ်အခြေမဲ့ ပြောင်းရွှေ့ နေထိုင်ရမှုများကိုသာ ထပ်မံပေါ်ပေါက်စေခဲ့သည်။

## ၂ – ၄ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတွင်းအခြေမဲ့နေထိုင်သူလူဦးရေ ခန့်မှန်းချက်များ

၂၀၀၆ ခုနှစ် အောက်တိုဘာလအထိ အတင်းအဓမ္မပြောင်းရွှေ့ခံသော သို့မဟုတ် အမိန့်အရ အိုးအိမ်များကို စွန့်ခွာခဲ့ရသော သို့မဟုတ် မူရင်းနေရပ်များသို့ ပြန်လည်အခြေချနေထိုင်နိုင်ခြင်း မရှိသေးသော သို့မဟုတ် လူအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ခြင်း မရှိသေးသော နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်သော လူဦးရေခန့်မှန်းချက်မှာ အနည်းဆုံး သန်းတဝက်မျှ ရှိသည်ဟု ခန့်မှန်းရသည်။ ယင်းလူဦးရေတွင် တိုင်းရင်းသားလူမျိုးစုများ ထိမ်းချုပ်သော အပစ်ရပ် ဒေသများအတွင်း လက်ရှိ ယာယီအခြေချမှုပုံစံဖြင့် နေထိုင်နေသော လူဦးရေ ၂၉၅၀၀၀၊ စစ်ရေးအရ တိုက်ခိုက်မှု အများဆုံးရှိနေသော ဒေသများတွင် နအဖ၏ ရန်မှလွတ်ရန်အတွက် ပုန်းအောင်း နေထိုင်နေသော အရပ်သား ၉၉၀၀၀ နှင့် သတ်မှတ်ထားသော ရွှေ့ပြောင်းရေးစခန်းများဆီသို့ နအဖ၏ ပြောင်းရွှေ့ရေးအမိန့်အားနာခံ၍ ပြောင်းရွှေ့ နေထိုင်နေရသော ခန့်မှန်းခြေလူဦးရေ ၁၀၉၀၀၀ တို့ပါဝင်သည်။

## ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ၏ ဖြန့်ကျက်နေထိုင်မှု

| တိုင်းနှင့် ပြည်နယ်များ | တောပုန်း အခြေမဲ့သူပေါင်း | | ရွှေ့ပြောင်းရေးစခန်း အခြေမဲ့သူပေါင်း | | အပစ်ရပ်ဒေသတွင်း အခြေမဲ့သူပေါင်း | | အခြေမဲ့သူ စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ၂၀၀၆ | ၂၀၀၇ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၆ | ၂၀၀၇ |
| ရှမ်းတောင်ပိုင်း | ၁၃၃၀၀ | ၁၃၇၀၀ | ၃၁၃၀၀ | ၂၄၁၀၀ | ၁၃၁၀၀၀ | ၁၂၆၀၀၀ | ၁၇၅၆၀၀ | ၁၆၃၈၀၀ |
| ကရင်နီ | ၉၃၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၄၈၀၀ | ၆၃၆၀၀ | ၆၆၂၀၀ | ၇၉၃၀၀ | ၈၁၀၀၀ |
| ပဲခူးအရှေ့ပိုင်း | ၁၇၄၀၀ | ၁၈၇၀၀ | ၆၄၀၀ | ၁၂၂၀၀ | ၀ | ၀ | ၂၃၈၀၀ | ၃၀၉၀၀ |
| ကရင် | ၄၉၁၀၀ | ၅၁၆၀၀ | ၄၃၀၀ | ၉၇၀၀ | ၄၅၉၀၀ | ၅၅၆၀၀ | ၉၉၃၀၀ | ၁၁၆၉၀၀ |
| မွန် | ၃၀၀ | ၆၀၀ | ၅၀၀ | ၇၂၀၀ | ၄၁၀၀၀ | ၄၁၆၀၀ | ၄၁၈၀၀ | ၄၉၄၀၀ |
| တနင်္သာရီ | ၅၆၀၀ | ၄၄၀၀ | ၆၉၁၀၀ | ၅၁၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၈၀၂၀၀ | ၆၁၀၀၀ |
| စုစုပေါင်း | ၉၅၀၀၀ | ၉၉၀၀၀ | ၁၁၈၀၀၀ | ၁၀၉၀၀၀ | ၂၈၇၀၀၀ | ၂၉၅၀၀၀ | ၅၀၀၀၀၀ | ၅၀၃၀၀၀ |

စုစုပေါင်းလူဦးရေကိန်းဂဏန်းသည် ယမန်နှစ်လူဦးရေနှင့် ထပ်တူနီးပါးဖြစ်သော်လည်း ရွှေ့ပြောင်းရေးစခန်းများအတွင်း နေထိုင်နေသော နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်သူဦးရေ ခန့်မှန်းချက်သည် လျော့နည်းလာခဲ့ပြီး အပစ်ရပ်ဒေသများအတွင်းနှင့် ရွာပုန်းများအတွင်းနေထိုင်သူ အခြေမဲ့လူဦးရေ ခန့်မှန်းချက်သည် အနည်းငယ်တိုးတက်လာခဲ့သည်။ ရွှေ့ပြောင်းရေးစခန်းများအတွင်း လူဦးရေကျဆင်းလာမှုမှာ တနင်္သာရီတိုင်းနှင့်ရှမ်းပြည်နယ်အတွင်း ရွာသားများသည် မိမိတို့နေရပ်ရင်းကျေးရွာဟောင်းများ သို့မဟုတ် နီးစပ်ရာဒေသများအတွင်း ပြန်လည်အခြေချရန် အားထုတ်မှုကြောင့်ဖြစ်သည်။ သို့သော် နအဖသည် ကရင်ပြည်နယ်မြောက်ဖက်ခြမ်း၊ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် မွန်ပြည်နယ်မြောက်ဖက်ခြမ်းများတွင် အတင်းအဓမ္မပြောင်းရွှေ့ခြင်းများနှင့် ရွာများစုစည်းခြင်း စီမံချက်များကိုတွန်းအားပေးဆောင်ရွက်နေသောကြောင့် ယင်းကဲ့သို့သော အားထုတ်ချက်များသည် မည်မျှရေရှည်တည်တန့်မည်ကိုတော့ မသိရှိနိုင်သေးပေ။ တိုင်းရင်းသား အပစ်ရပ်ဒေသများအတွင်း နိုင်ငံအတွင်းအခြေမဲ့မှု၏ ခန့်မှန်းချေ အရေအတွက် တိုးတက်လာရခြင်းမှာ ဒီမိုကရက်တစ် ဗုဒ္ဓဘာသာတပ်မတော် **(DKBA)** နှင့် လောလောလတ်လတ်တည်ထောင်ထားသော အဖွဲ့အသစ်ဖြစ်သည့် ကေအန်ယူ၊ ကေအန်အယ်အေ ငြိမ်းချမ်းရေးကောင်စီတို့၏ အာဏာစက်ဝန်း ကျယ်ပြန့်လာမှုနှင့် ကရင်ပြည်နယ်အလယ်ပိုင်းဒေသအတွင်း မတည်ငြိမ်မှုများကြောင့် ဖြစ်သည်။ ပုန်းခိုရာ ဒေသများအတွင်း လူဦးရေအနည်းငယ်တိုးလာရခြင်းမှာ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း အကာအကွယ်အမဲ့ဆုံးသောလူထုအတွက် အမြဲတစေဖြစ်ပေါ်နေသော အရေးပေါ်အခြေအနေကြောင့် ဖြစ်သည်။

၂၀၀၆ ခုနှစ်အတွက် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူဦးရေခန့်မှန်းချက်သည် ၂၀၀၂ခုနှစ်တွင် **TBBC** မှ ပထမဆုံးအကြိမ် နယ်စပ်ဒေသတလျှောက် မှတ်တမ်းယူခဲ့သော အစီရင်ခံစာဖြင့် နှိုင်းယှဉ်ကြည့်ပါက လူဦးရေ ၁၃၀၀၀၀ ခန့် လျော့ကျသွားခဲ့သည်။[47] ယင်းလူဦးရေအရေအတွက်ကျဆင်းမှုသည် စစ်တမ်းကောက်ယူခြင်းနည်းနာများ တိုးတက်လာမှုဖြင့် တစိတ်တပိုင်း သက်ဆိုင်သလိုတခြားသော အကြောင်းရင်းများမှာ ရေရှည်ခံမှုရင်းနေရပ်ပြန်မှု သို့မဟုတ် ပြန်လည်အခြေချမှုများနှင့်သက်ဆိုင်သလို ထိုင်းနိုင်ငံအတွင်းသို့ ဒုက္ခသည်များအလုံးအရင်းဖြင့် ဝင်ရောက်ခြင်း၊ ရွှေ့ပြောင်း

[47] BBC, 2002, “Internally Displaced Persons and Relocation Sites in Eastern Burma”, www.tbbc.org

နေထိုင်ခြင်းနှင့် ကွင်းဆင်းစစ်တမ်းကောက်ယူရန် လက်လှမ်းမမှီသော မြန်မာနိုင်ငံအတွင်း မြို့ပြဒေသများသို့ အတင်းအကြပ်ပြောင်းရွှေ့နေထိုင်ရသော အခြေအနေများ နှင့်လည်း သက်ဆိုင်သည်။

ယင်းလူဦးရေ ကိန်းဂဏန်းများအား နည်းပညာပိုင်းတွင် အကန့်အသတ်ရှိသောကြောင့် ခန့်မှန်းချေ ကိန်းဂဏန်းများသည် နိုင်ငံတွင်းအခြေမဲ့မှုဒဏ်ကို အဆိုးဝါးဆုံးခံနေရသော ကျေးလက်ဒေသ ၃၈ မြို့နယ်မှ ရရှိခြင်းဖြစ်ပြီး၊ မြို့ပြဒေသများနှင့် တခြားသောမြို့နယ်များမှ ခန့်မှန်းချက်များကို ထည့်သွင်းရန်မှာ မဖြစ်နိုင်ပေ။ ယခုစစ်တမ်းတွင် ယေဘုယျအားဖြင့် အုပ်ချုပ်ရေးအရ ရောထွေးသောဒေသများရှိ လူဦးရေ လျော့ကျသွားခဲ့သည်။ အကြောင်းရင်းမှာ ၄င်းတို့အသိုင်းအဝိုင်းအတွင်းသို့ လူဦးရေမည်မျှ ပြန်လည်ဝင်ရောက်အခြေချနေနိုင်နေပြီး လူဦးရေမည်မျှ နိုင်ငံတွင်းအခြေမဲ့သူအဖြစ် ဆက်လက်ရှိနေ သည်ကို ခွဲခြားသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့်ဖြစ်သည်။

## ပုန်းခိုရာနေရာများတွင်ရှိသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ

ယေဘုယျအားဖြင့် လူသူအရောက်အပေါက်နည်းသော ဒေသများ၊ တောင်ထူထပ်သော ဒေသများနှင့် စိုက်ခင်းများရှိသော စစ်ရေးအရ တိုက်ခိုက်မှုအဖြစ်များဆုံးသော ဒေသများတွင် အရပ်သားပြည်သူ ၉၉၀၀၀ခန့် ပုန်းအောင်းနေကြသည်ဟု ခန့်မှန်းရသည်။ ထိုကဲ့သို့သော ပထဝီအနေအထားသည် လက်နက်ကိုင် အတိုက်အခံများကို ခြေရာခံနိုင်ခြင်းမရှိအောင် ရွှေ့ပြောင်းနေသော အခွင့်အလမ်းကို ရရှိစေပြီး၊ အစိုးရတပ်များ၏ လက်နက်ပစ္စည်း သာလွန်မှုကို ချိနဲ့စေသည်။ သဘာဝအရ သစ်တောများကြီးထွားမှုက နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများအတွက် ယာယီခိုလှုံရာ အတွက် အရိပ်အာဝါသကို ဖန်တည်းပေးသည်။

ယင်းဒေသအတွင်း နေထိုင်သူများသည် သောင်းကျန်သူများ၏ စစ်ရေးလုပ်ငန်းများ တန်ပြန် တိုက်ခိုက်ခြင်း ဟူသော ခေါင်းစဉ်အောက်တွင် နှိပ်စက်ခံရမည်ကို ကြောက်ရွံ့သောကြောင့် နအဖ ကင်းလှည့်စစ်ကြောင်းများနှင့် အတွေ့မခံရဲပဲ ရှောင်ပြေးနေကြသော သူများဖြစ်သည်။ နအဖ သို့မဟုတ် အခြားသောအရံကင်းလှည့်တပ်များမှ တွေ့ရှိနိုင်သော အန္တရာယ်ရှိသော်ငြား ပုန်းအောင်းရာ နေရာများတွင် နေထိုင်သောသူများသည် ၎င်းတို့အိုးအိမ်များသည် ၎င်းင်းတို့အတွက် အဓိကဖြစ် သောကြောင့် အိမ်နှင့်ဝေးသော နေရာများသို့မသွားကြပေ။ သို့သော် ပုန်းအောင်းရာ နေရာများတွင် နေထိုင်သောသူများအတွက် နီးစပ်ရာကျေးရွာများ နှင့် စိုက်ခင်းများတွင် အခါအားလျော်စွာ ပြန်လည်နေထိုင်ရန် အခွင့်အရေးများရှိနေနိုင်သော်လည်း ရေရှည်ခံသော ပြန်လည်နေထိုင်ရမှု သို့မဟုတ် အခြေချမှုအတွက်ဖြစ်နိုင်ချေမှာ အန္တရာယ်ရှိနေသေးသည်။

ပြောင်းရွှေ့ရန် အမိန့်အားမနာခံသောကြောင့် ယင်းအရပ်သားပြည်သူများအား လက်နက်ကိုင် အတိုက်အခံများ၏ အဖွဲ့ဝင်အဖြစ်သတ်မှတ်ခြင်းသည် နိုင်ငံတကာ လူသားချင်းဆိုင်ရာ ဥပဒေများအရ အစိုးရများမှ အရပ်သားနှင့်စစ်သားအကြား ခွဲခြားသတ်မှတ်ခြင်း တာဝန်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ အရပ်သားပြည်သူများ နေထိုင်ရာအိုးအိမ်များသို့ လက်နက်ကြီးများနှင့် ပစ်ခတ်ခြင်း၊

မြေမြှုပ်မိုင်းများတပ်ဆင်ခြင်း၊ အကျဉ်းရုံးသတ်ဖြတ်ခြင်းနှင့် ဖမ်းမိပါက လူမဆန်စွာ အပြစ်ပေးခြင်းတို့သည် အသက်ရှင်မှုကို ခြိမ်းခြောက်သော စိုးရိမ်မှုများဖြစ်သည်။ အကယ်၍ လူနေအိမ်များသည် လူမနေစွန့်ခွာနေသည်ကို တွေ့ရှိပါက လူနေအိမ်များအား မီးရှို့ခြင်း၊ ကောက်ပဲသီးနှံများနှင့် အစားအစာ သိုလှောင်ရုံများကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းများ ပြုလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ချိနဲ့စေသည်။ ယခုအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ချိုးဖောက်မှုများသည် မြန်မာနိုင်ငံအဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အဖြစ်အပျက် နမူနာများ သာမကပဲ ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း ပုန်းအောင်းနေသော ပြည်သူများအပေါ်ကျူးလွန်နေသော လူသားမျိုးနွယ်တခုလုံးအား ဆန့်ကျင် သော ပြစ်မှုများကိုလည်း ဖေါ်ပြနေခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်အတွင်း တန်ပြန်သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများသည် ကရင်ပြည်နယ် မြောက်ဖက်ခြမ်းနှင့် ပဲခူးတိုင်းအရှေ့ခြမ်း အတွင်းရှိ ပြည်သူများကို အထူး ပစ်မှတ်ထားခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ယခုအချိန်အထိ သံတောင်မြို့နယ်တခုတည်းတွင် မြန်မာစစ်တပ်လုပ်ရှားစစ်ကြောင်းများ ကြောင့် အနည်းဆုံးအရပ်သား ၃၈ ဦး အသတ်ခံခဲ့ရသည်။ တချိန်တည်းတွင် ရွာသား ဖ၀၀၀၀ ကျော်သည် အစိုးရတပ်ဖွဲ့များ၏ ရန်မှကင်းဝေးစေရန် ပုန်းအောင်းနေကြရသည်။ ၂၀၀၆ ခုနှစ်မှစ၍ ခန့်မှန်းခြေ လူပေါင်း ၇၀၀၀ ကျော်ခန့် တိုးတက်များပြား လာခဲ့ပြီး ယင်းတိုးတက်လာသော လူဦးရေသည် အုပ်ချုပ်ရေးအရ ရောထွေးသောဒေသများတွင် ဒေသခံနအဖ အာဏာပိုင်များနှင့် နားလည်မှုယူကာ ယခင်ကနေထိုင်နေကြသော လူဦးရေကိုကိုယ်စားပြုရည်ညွှန်းသည်။ သို့သော် တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်ရင်း ၄၀ ကျော် ပါဝင်သော လှုပ်ရှား စစ်ကြောင်းများသည် အရပ်သားကျေးရွာများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား ရှာဖွေဖျက်ဆီးသောအခါတွင် ၎င်းဒေသအဆင့် သဘောတူညီချက်များသည် လုံးဝအသက်မဝင်တော့ပေ။ ယင်းအချက်က မြန်မာစစ်တပ်၏ လူသားမျိုးနွယ် တခုလုံးအား ဆန့်ကျင်သောပြစ်မှုအား စနစ်တကျ ကျူးလွန်နေသော သဘာဝကို ဖေါ်ပြနေခြင်းဖြစ်သည်။

## ရွှေ့ပြောင်းရေးစခန်းများအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ

မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်း တတိယအမျိုးအစား နိုင်ငံတွင်းအခြေမဲ့ လှည့်လည်နေထိုင်သူများမှာ ၎င်းငင်းတို့နေထိုင်ရာ အိုးအိမ်များမှ မောင်းထုတ်ခံရပြီးနောက် သတ်မှတ်ထားသော ရွှေ့ပြောင်းရေး စခန်းများတွင် လတ်တလော နေထိုင်နေကြရသော ခန့်မှန်းခြေ ရွာသား ၁၀၉၀၀၀ ဖြစ်သည်။ အစိုးရ ရွှေ့ပြောင်းရေးစခန်းများသည် ပုံမှန်အားဖြင့် မြို့ သို့မဟုတ် ရွာအနီးတဝိုက်နှင့် နအဖစစ်တပ်များ၊ လမ်းများနှင့် ကပ်လျက်နေရာများ၊ စိုက်ပျိုး၍မရနိုင်သောနေရာများတွင် တည်ရှိသည်။ ရွာသားများကို ဆောက်လုပ်ပြီးခါစနေရာများဆီ အတင်းအဓမ္မပြောင်းရွှေ့ခြင်း သို့မဟုတ် ပြန့်ကျဲနေသော ကျေးရွာများကို ကနဦးမြွတ်သိပ်နေသောနေရာများသို့ အတင်းအကြပ် စုပြုံနေထိုင် စေခြင်းများကြောင့် ရွှေ့ပြောင်းရေးစခန်းများ ပေါ်ပေါက်လာနိုင်သည်။

# မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စစည်းကျေးရွာများ၊ ပုန်းအောင်းနေထိုင်ရာဒေသများ နှင့် အပစ်အခတ်ရပ်စဲထားသောဒေသများ၊ ၂၀၀၇ခုနှစ်




| တိုင်းနှင့်ပြည်နယ်များ | တောပုန်းရွာများတွင်နေထိုင်သောအခြေမဲ့သူများ | စစည်းကျေးရွာများတွင် နေထိုင်သောအခြေမဲ့သူများ | အပစ်အခတ်ရပ်စဲဒေသများတွင်နေထိုင်သောအခြေမဲ့သူများ | အခြေမဲ့သူစုစုပေါင်း |
|---|---|---|---|---|
| ရှမ်းပြည်နယ် | ၁၃၇၀၀ | ၂၄၁၀၀ | ၁၂၆၀၀၀ | ၁၆၃၈၀၀ |
| ကရင်နီပြည်နယ် | ၁၀၀၀၀ | ၄၈၀၀ | ၆၆၂၀၀ | ၈၁၀၀၀ |
| ပဲခူးတိုင်း | ၁၈၇၀၀ | ၁၂၂၀၀ | ၀ | ၃၀၉၀၀ |
| ကရင်ပြည်နယ် | ၅၁၆၀၀ | ၉၇၀၀ | ၅၅၆၀၀ | ၁၁၆၉၀၀ |
| မွန်ပြည်နယ် | ၆၀၀ | ၇၂၀၀ | ၄၁၆၀၀ | ၄၉၄၀၀ |
| တနင်္သာရီတိုင်း | ၄၄၀၀ | ၅၁၀၀၀ | ၅၆၀၀ | ၆၁၀၀၀ |
| စုစုပေါင်း | ၉၉၀၀၀ | ၁၀၉၀၀၀ | ၂၉၅၀၀၀ | ၅၀၃၀၀၀ |

၂၀၀၆ ခုနှစ်မှစ၍ ရွှေ့ပြောင်းရေးစခန်းများအတွင်းရှိ နိုင်ငံတွင်းအခြေမဲ့ လှည့်လည်နေထိုင်သူဦးရေ ၆၀၀၀ လျော့ကျခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ တနင်္သာရီတိုင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းရေး စခန်းများ ပြင်ပသို့ ထွက်ခွာသွားကြခြင်း နှင့် ဒေသခံနအဖတပ်မှူးများမှ ချမှတ် ထားသော စည်းမျည်းစည်းကမ်းချက်များ လျော့နည်းသွားခြင်းနှင့်လည်း သက်ဆိုင်သည်။ လွတ်လပ်စွာ နေထိုင်သွားလာခွင့် တိုးမြင့်လာခြင်းထက် အုပ်ချုပ်ရေးအရရောထွေးသော ဒေသ ဝန်းကျင်များတဝိုက် နအဖ၏တိုးချဲ့လာမှုကိုလည်း ဖေါ်ပြနေသည်။ ၎င်းဝန်းကျင်ဒေသများ တဝိုက်နေထိုင်သောရွာသား များသည် မြန်မာစစ်တပ်၏အမိန့်များကို မဖြစ်မနေလိုက်နာ နေရသည် နှင့် အညီ နအဖ၏ အမြင်တွင် ရွှေ့ပြောင်းစခန်းများသည် ၎င်းတို့အတွက်မလိုအပ်တော့ ဟု မြင်ကောင်းမြင်နိုင်သည်။

ဆန့်ကျင်ဖက်အားဖြင့် ကရင်ပြည်နယ်မြောက်ဖက်ပိုင်းဒေသ၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်မြောက်ပိုင်း အတွင်း တိုက်ခိုက်မှုများဖြစ်ပွားနေသော ဒေသများအတွင်း အသစ်တဖန်ပြုလုပ်နေသော အတင်းအကြပ်မောင်းထုတ်ခြင်းများ၊ ရွာပြောင်းရွှေ့ခြင်းများ လုပ်ကိုင်နေသည်ဟူသော အစီရင်ခံ ချက်များ ရှိနေသည်။ ယင်းစီမံချက်သည် ကရင့်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင် တော်လှန်ရေးအား ချိနဲ့စေရန်အတွက် တောင်ပေါ်ကရင်အသိုင်းအဝန်းနှင့် မြေပြန့်ဒေသနေကရင် အသိုင်းအဝန်းအကြား ခွဲခြားရန် ကြိုးပမ်းအားထုတ်သော နအဖ၏တန်ပြန်သောင်းကျန်းသူ ဆန့်ကျင်ရေး စီမံချက်၏ တစိတ်တဒေသကြောင့် ဖြစ်သည်။

ပုံမှန်အားဖြင့် ရွာသားများသည် သတ်မှတ်ရက်အနည်းငယ်အတွင်း သတ်မှတ်ထားသော ရွှေ့ပြောင်း ရေးစခန်းသို့ သယ်ယူနိုင်သမျှပစ္စည်း၊ အစားအစာများကို သယ်ဆောင်၍ ၎င်းတို့၏အိမ်များကို စွန့်ခွာသွားကြရသည်။ အိုးအိမ်များဆောက်ရန်အတွက် မည်သည့်အကူအညီမျိုးမှ မရကြသလို တရားဝင် မြေဂရံထုတ်ပေးခြင်းမျိုးလည်း မရှိပေ။ ရွှေ့ပြောင်းရေးစခန်းပြင်ပသို့ ထွက်ခွာခွင့် ကန့်သတ်ချက်များသည် ပုံစံမျိုးစုံဖြင့် ရှိကြသည်။ နအဖ တပ်ရင်းမှူးများမှ ဈေးဝယ်ခွင့်ခရီးသွား လက်မှတ်သည် ၁ ရက်မှ ၁ ပတ်အထိ ယေဘုယျအားဖြင့် ရှိတတ်သည်။ ယင်းခရီးသွားလာခွင့် လက်မှတ်များသည် စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်နိုင်ခွင့်ရှိသော်လည်း တရက်တာ လက်မှတ်များသည် ရွာသားများအတွက် တရက်အတွင်း အိမ်နှင့်စိုက်ခင်းများ အသွားအပြန် လုပ်ရန် အတွက် လုံလောက်သောအချိန်မရပေ။

အခြေခံအားဖြင့် နအဖ၏ ရွှေ့ပြောင်းရေးစခန်းများဆီသို့ အတင်းအကြပ်မောင်းသွင်းသောသဘာဝ နှင့် အခြေမဲ့ဖြစ်ရခြင်းကြောင့် ပိုင်ဆိုင်မှုပစ္စည်းများဆုံးရှုံးရသည့်အပြင် ပြန်လည်အခြေချရန် အခွင့်အလမ်းနှင့် ပြန်လည်စုစည်းနိုင်ခွင့်အခွင့်အလမ်းသည် အကန့်အသတ်ဖြစ်နေသောအသက်မွေး ဝမ်းကြောင်းမှုကြောင့် ဖြစ်နိုင်ချေနည်းသည်။ ရွှေ့ပြောင်းရေးစခန်းများသည် မြို့များနှင့်နီးကပ်ခြင်း၊ စစ်သားများ၏ နေထိုင်စားသောက်ရေးအတွက် အထောက်အပံ့ဖြစ်စေရန်အတွက် မြေများ သိမ်းယူထားသော နအဖစစ်စခန်းများနှင့်နီးစပ်ခြင်း သို့မဟုတ် လူဦးရေပြွတ်သိပ်ခြင်းနှင့် စိုက်ပျိုး၍ မရသော မြေရိုင်းများပေါ်တွင်နေထိုင်ရခြင်း စသည့်အကြောင်းများကြောင့် သင့်လျော်သော စိုက်ပျိုးရေးရရှိရန် အခက်အခဲဖြစ်ရသည်။ နအဖစစ်စခန်းများနှင့် နီးကပ်စွာနေထိုင်ရခြင်းကြောင့် လုပ်အားခမရပဲ

အလုပ်လုပ်ကိုင်ပေးရခြင်း၊ ဝင်ငွေရရှိနိုင်သောအလုပ်ချိန်များတွင် စစ်တပ်အတွက် အလုပ်လုပ်ကိုင်ပေးရခြင်းအပြင် ပုံမှန်မဟုတ်၊ အချိန်ကာလတိုအတွင်း ကောက်ယူသော မတရားအခွန်ပေးဆောင်ရခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရသည်။

## တိုင်းရင်းသားအပစ်ရပ်ဒေသများအတွင်းနေထိုင်နေသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ

မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း လူဦးရေအများဆုံးသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူ များသည် တိုင်းရင်းသားများအုပ်ချုပ်သော ဒေသများတွင် နေထိုင်သူများဖြစ်သည်။ မြန်မာစစ်တပ်မှ အတိုင်းအတာတခုအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုထားသော မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း တိုင်းရင်းသား အပစ်ရပ်အဖွဲ့များ အုပ်ချုပ်သော ဒေသများတွင် နေထိုင်နေသော အခြေမဲ့လူဦးရေမှာ ၂၈၅၀၀၀ ဦးဖြစ်သည်။ ဝအမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) မှ ၎င်းတို့ဒေသဟု သတ်မှတ်ထားသော ရှမ်းပြည်တောင်ပိုင်းအတွင်း ဒေသများမှအပ အုပ်ချုပ်ခွင့်အာဏာကို အထူးဒေသနယ်နိမိတ် အကျယ်အဝန်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ အပစ်ရပ်ဒေသများအတွင်း အုပ်ချုပ်ခွင့်အာဏာအား အကြမ်းဖျင်းအားဖြင့် သုံးမျိုးသုံးစား သတ်မှတ်နိုင်သည်။ မြန်မာပြည် ကွန်မြူနစ်ပါတီ၏မဟာမိတ်များ သို့မဟုတ် ပါတီအဖွဲ့ဝင်ဟောင်းများ၊[48] သက်ဆိုင်ရာ တိုင်းရင်းသား အုပ်စုများကို ကိုယ်စားပြုထားသော နိုင်ငံရေးပါတီကြီးများမှ ခွဲထွက်လာသော ခွဲထွက်အုပ်စုများ[49] နှင့် အမျိုးသားဒီမိုကရက်တစ်တပ်ဦး (NDF) ၏ လက်နက်ကိုင်အဖွဲ့ဝင်ဟောင်းများ[50] စသည်တို့ဖြစ်သည်။

ထိုင်းမြန်မာနယ်စပ်တလျှောက်တွင် ဝအမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်မှ အမည်ခံ အုပ်ချုပ်သောဒေသများတွင် နေထိုင်နေသောခန့်မှန်းချေလူဦးရေမှာ ၇၇၀၀၀ ခန့်ရှိသည်။ ထိုရွာသားများမှာ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်အကြား ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ၎င်းင်းတို့ အိုးအိမ်များမှ အတင်းအကြပ်မောင်းထုတ်ခံခဲ့ရသော ရွာသားများဖြစ်ကြပြီး မူးယစ်ဆေးဝါး ရှင်းလင်းရေး ရည်ရွယ်ချက်ဟူသောခေါင်းစဉ်အောက်မှ မဟာဗျူဟာမြောက်နယ်မြေများဆီသို့ အတင်းအကြပ် ရွှေ့ပြောင်းခံရသောရွာသားများ ဖြစ်ကြသည်။ ဝအမျိုးသားသွေးစည်းညီညွတ်ရေး တပ်မတော်၏ သက်ဦးဆံပိုင်အုပ်ချုပ်မှုနှင့် ဖိနှိပ်နိုင်ခွင့်အခွင့်အရေးများသည် ကျေးရွာသားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပြန်လည်ထူထောင်နိုင်ခွင့် အခွင့်အလမ်းများကို ပိတ်ပင်ထားနေဆဲ ဖြစ်သည်။ တချိန်တည်းမှာပင် အသစ်ရောက်လာသောကျေးရွာသားများအား နေရာချ ထားရန်အတွက် မြေယာများအသိမ်းခံထားရသော မြေပိုင်ရှင်ဟောင်းများအကြားတွင်လည်း နောက်ထပ် အခြေမဲ့မှုများ ဖြစ်နေပါနေဆဲဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်း နအဖ၏ကင်းလှည့် စစ်ကြောင်းများ၏ နှောင့်ယှက်မှုများ

[48] United Wa State Army (UWSA), Karenni National People’s Liberation Front (KNPLF), and Shan Nationalities People’s Liberation Organisation (SNPLO)

[49] Democratic Karen Buddhist Army (DKBA), the Karen Peace Force (KPF), the Karenni Solidarity Organisation (KnSO), and the Karen National Union / Karen National Liberation Army Peace Council

[50] New Mon State Party (NMSP), Shan State Army North (SSA-N) and PaO National Organisation (PNO)

ဆက်လက်တိုးပွားနေဆဲဖြစ်ပြီး အထူးသဖြင့် ဝအမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်မှ ၎င်း၏တပ်ဖွဲ့များနှင့် ၎င်းအုပ်ချုပ်ရာဒေသအတွင်း နေထိုင်သူများအား တရုတ်ပြည်နယ်စပ်သို့ ပြောင်းရွှေ့ရန်အမိန့်အား ဖီဆန်ခဲ့သည့်အချိန်မှစ၍ ပိုမို၍ ဆိုးဝါးလာခဲ့သည်။ နအဖတပ်များ၏ နှောင့်ယှက်မှုများကြောင့် မိုင်းတုံဒေသအတွင်း ဝအမျိုးသား သွေးစည်းညီညွတ်ရေးတပ်မတော် အုပ်ချုပ်ရာဒေသမှ မိုင်းဆတ် ဒေသသို့ ကျေးရွာသား ၂၅၀၀ ခန့် ထွက်ပြေးခဲ့ကြသည်ဟု ခန့်မှန်းရသည်။

ဆန့်ကျင်ဖက်အားဖြင့် တိုင်းရင်းသားအာဏာပိုင်များ၏ တရားဝင်မှုရှိသောအပစ်ရပ်ဒေသများတွင် အခြေမဲ့လူထုအတွက် တစုံတရာ အကာအကွယ်ပေးနိုင်သည်။ လက်တလောတွင် မွန်ပြည်သစ်ပါတီ **(NMSP)** အုပ်ချုပ်သော အပစ်ရပ်ဒေသအတွင်း ဒေသ ၁၂ ခု၌ ကျေးရွာသား ဖ၀၀၀၀ ကျော် နေထိုင်နေသည်။ ယင်းလူဦးရေတွင် လွန်ခဲ့သော ၁၀ နှစ်ကျော်က ထိုင်းနိုင်ငံမှ မတည်ငြိမ်သော အခြေအနေတခုဆီသို့ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရသော ဒုက္ခသည်ဟောင်းများနှင့် စနစ်တကျ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နအဖထိန်းချုပ်ရာဒေသများမှ ထွက်ပြေး လာသော ရွာသားများပါဝင်သည်။ လွန်ခဲ့သောနှစ် တနှစ်အတွင်းတွင်ပင် မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရာဒေသဆီသို့ ကျေးရွာသားတစ်ထောင်ကျော် လာရောက်၍ဒုက္ခသည်အဖြစ် လျှောက်ထား ကြသည်ဟုသိရသည်။ သို့သော် ယင်းဒေသများသည် နိုင်ငံတွင်းအခြေမဲ့သူများအတွက် တာရှည်ခံသော အဖြေတခု မပေးနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် လူဦးရေများပြားသောကြောင့် သင့်လျော်သော စိုက်ပျိုးမြေအကန့်အသတ်ဖြစ်မှု၊ အပစ်ရပ်ဒေသပြင်ပသို့ သွားလာခွင့်အား နအဖမှ တင်းကြပ်ထားမှု၊ ပြန်လည်အခြေချနိုင်ခြင်းအားကူညီပံ့ပိုးပေးရန်နှင့် ဆုံးရှုံးသွားသော အသက်မွေးဝမ်း ကြောင်းလုပ်ငန်းများ အတွက် တိုင်းရင်းသားအာဏာပိုင်များမှ ပြန်လည် မပေးလျော်နိုင်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့၏ ကွင်းဆင်းလုပ်ငန်းများအား ဖိအားပေး ရပ်တန့်စေ သောကြောင့် ရန်ကုန်အခြေစိုက် နိုင်ငံတကာအသိုင်းအဝန်းမှ ယင်းဒေသများ အတွင်းနေထိုင်နေသော နိုင်ငံတွင်းအခြေမဲ့ပြည်သူများအတွက် ကူညီထောက်ပံ့ရန် အားထုတ်ချက် များသည် အချည်းနှီး ဖြစ်နေရဆဲဖြစ်သည်။

အခြားအပစ်ရပ်အဖွဲ့အစည်းများတွင် ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ဦး (ကလလတ)၊ ရှမ်းပြည်နယ် တပ်မတော် – မြောက်ပိုင်း၊ ကရင်ဗုဒ္ဓဘာသာဒီမိုကရက်တစ်တပ်မတော် (ဒီကေဘီအေ) နှင့် ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ)တို့ ပါဝင်သည်။ သို့သော် မူလက အစိုးရမဟုတ်သူများအုပ်ချုပ်သောဒေသများနှင့် မြန်မာအာဏာပိုင်များအုပ်ချုပ်မှုအောက်တွင် ရှိသောဒေသများအကြား နယ်နိမိတ်ကန့်သတ်မှုရေရေရာရာမရှိပေ။ လွန်ခဲ့သောနှစ်အတွင်း နအဖ၏ အပစ်ရပ်ဒေသများအတွင်း စစ်ရေးတိုးချဲ့မှုများကြောင့် အထူးသဖြင့် ကလလတ၊ အက်စ်အက်စ်အေ (မြောက်ပိုင်း) နှင့် ရလလဖ၏ အုပ်ချုပ်မှုဒေသများအတွင်း အခြေမဲ့လူဦးရေ သိသိသာသာ ထိုးကျခဲ့သည်။ ယင်းတိုးချဲ့မှုတွင် ရွာများအား အမိန့်ဖြင့်ပြောင်းရွှေ့ခိုင်းခြင်း၊ မြေ နှင့် ဥစ္စာပစ္စည်းများ သိမ်းယူခြင်း၊ အတင်းအကြပ်လုပ်အားပေးခိုင်းစေခြင်းနှင့် ကုန်သွယ်ခွင့်၊ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်း စသည်တို့ ပါဝင်သည်။ အပစ်ရပ်သဘောတူညီချက်များမှ အပိုဆောင်းရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအား အရေးတယူမလုပ်သေးသမျှကာလပတ်လုံး ၎င်းတို့အတွက် ရေရှည်ရပ်တည်နိုင်မှုမှာ ဆက်လက် မေးမိုန်ချိန့်နေမည်သာဖြစ်သည်။



PHOTO: KHRG, Forced labour, Thaton, 2007

# အခန်း ၃

## လူထုအခြေပြုအဖွဲ့အစည်းများမှ ပေးပို့သော နောက်ဆုံးအခြေအနေများ

# ၃ – ၁ ရှမ်းပြည်နယ်တောင်ပိုင်း

လွန်ခဲ့သာနှစ်အတွင်း ရှမ်းပြည်တောင်ပိုင်းတွင် နအဖသည် တိုင်းရင်းသားအပစ်ရပ်အဖွဲ့များအပေါ် ဖိအားများပိုမိုပေးခြင်း၊ အရပ်သားလူထုအပေါ် နှိပ်စက်ခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများအပေါ် ထိန်းချုပ်ထားခြင်းများကို ပိုမိုလုပ်ဆောင်လာခဲ့သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ စစ်ရေးတိုးချဲ့မှုနှင့် နိုင်ငံပိုင်ဖွံ့ဖြိုးရေးစီမံကိန်းများသည် အခြေမဲ့မှုနှင့်မလုံခြုံမှုကို ဖြစ်စေရသောအဓိက အကြောင်းရင်းများ ဖြစ်ပေါ်လာရခြင်း၏ ရလာဒ်များပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်း မြို့နယ် ၁၂ မြို့နယ်၌ စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လူဦးရေပေါင်း၁၅၀၀၀ ကျော်သည် ၎င်းတို့၏ အိုးအိမ်များမှ မဖြစ်မနေစွန့်ခွာခဲ့ရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် လက်တလော နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်သူလူဦးရေ ၁၆၃၀၀၀ အနည်းဆုံးရှိသည်ဟုခန့်မှန်းရပြီး ထိုအထဲမှ အများစု မှာ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များထိန်းချုပ်သောဒေသများတွင် ရပ်တည်ရန်ကြိုးပမ်းနေကြသည်။

နအဖ၏ အပစ်ရပ်ဒေသအတွင်းတိုးချဲ့မှုသည် လက်နက်ကိုင်အတိုက်အခံများနှင့် ဆက်ဆံရေးအပေါ် မူတည်၍ ပုံစံမျိုးစုံရှိသည်။ လဲချားအခြေစိုက် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)တပ်ရင်း–၇၅၈ မှ မကြားသေးမီကခွဲထွက်လာသူများထိန်းချုပ်သော ဒေသများတွင် နအဖသည်လက်တလော အာဏာရထားသော အပစ်ရပ်အာဏာပိုင်များနှင့် တိုက်ရိုက်ထိစပ်နေသည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်အတွင်း စိုက်ပျိုးခင်းများ ရိတ်သိမ်းစိုက်ပျိုးရန်နှင့် စစ်စခန်းများဆောက်ရန်အတွက် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့သည်။ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)အား ဆက်တိုက်ထိုးစစ်ဆင်နေသောကာလတွင် မြန်မာစစ်တပ်သည် ခွဲထွက်အုပ်စုများနှင့် စစ်ရေးအရပူးပေါင်းဆောင်ရွက်ခဲ့ပြီး တဆက်တည်းပင် အရပ်သားများခရီးသွားလာခွင့်ကိုကန့်သတ်ချုပ်ချယ်ကာ ရွာများပြောင်းပစ်မည်ဟု ခြိမ်းခြောက်ခဲ့ သည်။

အပစ်ရပ်အာဏာပိုင်များ၏ အမိန့်နာခံလိုက်လျောမှုကျဆင်းသောဒေသများတွင် မြန်မာစစ်တပ် သည် ၎င်းင်း၏ထိန်းချုပ်မှု ဆက်လက်တည်တန့်စေရန်အတွက် တပ်ရင်းတပ်ဖွဲ့များ ပိုမိုချထားသည်။ ဥပမာ ဝသွေးစည်းညီညွတ်ရေးတပ်မတော်မှ နအဖမှ တရုတ်နယ်စပ်ရှိ ၎င်း၏မူလအခြေစိုက်ဒေသို့ ပြန်ဆုတ်ရန် အမိန့်ကိုငြင်းဆန်သောအခါတွင် မိုင်းတုံမြို့နယ်အတွင်း မြန်မာစစ်တပ်လှုပ်ရှား စစ်ကြောင်းများ ပိုမို၍များလာခဲ့သည်။ နအဖတပ်များ၏နှောင့်ယှက်မှုများကြောင့် ဝအမျိုးသား သွေးစည်းညီညွတ်ရေးတပ်မတော်အုပ်ချုပ်ရာဒေသမှ ကျေးရွာသား ၂၅၀၀ ခန့် ထွက်ပြေးခဲ့ကြသည်။ ရလလဖအဖွဲ့မှ ခွဲထွက်လာသောအဖွဲ့က လက်နက်ကိုင်တော်လှန်ရေးပြန်လည်ဆင်နွှဲလာသော နောက်ပိုင်းတွင် မြန်မာစစ်တပ် လှုပ်ရှားစစ်ကြောင်းများသည် မောက်မယ်ဒေသအတွင်း ပိုမိုများ လာခဲ့သည်။ အရပ်သား ၂၀၀၀ ကျော်သည် တိုက်ပွဲများကြောင့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အစားထိုးလောင်စာဆီအဖြစ် ဇီဝဒီဇယ်ဆီထုတ်ရန် ကြက်ဆူပင်စိုက်ခင်းများစိုက်ပျိုးရန် နိုင်ငံတော်၏ တောင်းဆိုမှုသည် ပိုမိုမြင့်မားလာခဲ့သည်။ စစ်အစိုးရသည် မြို့နယ်လက်ခွဲကြီးကြပ်ရေးကော်မတီ များဖွဲ့၍ ယင်းလုပ်ငန်းနှင့်ဆက်နွယ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် မြေသိမ်းယူခြင်း၊

# ရှမ်းပြည်နယ်တောင်ပိုင်း



ကီလိုမီတာ
0
30
60
ကျေးသီး
မိုင်းရှူး
ရှမ်းပြည်နယ်မြို့ချမ်းရေး ကောင်စီ
မိုင်းရေး
မိုင်းခတ်
မိုင်းကိုင်
ကွန်ဟိန်း
မိုင်းပျဉ်း
ကျိုင်းတုံ
လဲချား
ရှမ်းပြည်တပ်မတော်
လွိုင်လင်
နမ့်စန်
ရှမ်းပြည်နယ်
ဟိုပုံး
မိုးနဲ
မိုင်းဆတ်
လင်းခေး
မိုင်းပန်
မိုင်းတုံ
မောက်မယ်
ဆီဆိုင်
ရွာငံ
ဖယ်ခုံ
လွိုင်ကော်
ရှားတော
ပန်မြို့
ထိုင်းနိုင်ငံ
ထိုင်းမြန်မာနယ်စပ်တလျှောက်
ကူညီစောင့်ရှောက်ရေးညွှန့်
ပေါင်းအသင်း
အိန္ဒိယနိုင်ငံ
တရုတ်နိုင်ငံ
မြန်မာနိုင်ငံ
လာအိုနိုင်ငံ
ထိုင်းနိုင်ငံ
အခြေမဲ့ရွာများ ၂၀၀၇
မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စုစည်းကျေးရွာများ
တိုင်းစစ်ဌာနချုပ်
ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ဒကစ)
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
ခြေမြန်တပ်မဌာနချုပ်
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
အခြေမဲ့သူများစခန်း
မြို့တော်
မြို့
ရွာ
မြစ်
လမ်းမငယ်
လမ်းမကြီး
နိုင်ငံနှင့်ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အပစ်အခတ်ရပ်စဲဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်နွယ်သည့်
ဖွံ့ဖြိုးရေးစီမံကိန်းများ
ရေအားလျှပ်စစ်စီမံကိန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
သစ်ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်း
စိုက်ပျိုးရေးစီမံကိန်း

ငွေညှစ်ခြင်းနှင့် အတင်းအဓမ္မစိုက်ပျိုးခိုင်းခြင်းများသည် ပိုမို၍စနစ်တကျဖြစ်လာခဲ့သည်။ သီးနှံပင်များသည် တနှစ်ပတ်လည်လုံးကြည့်ရှုစောင့်ရှောက်ရန်လိုအပ်သောကြောင့် မဖြစ်မနေ ရွာသားများပေးဆောင်ရမည့် ဝေစုသည် ဒေသခံအာဏာပိုင်များမှ အပိုဆောင်းထပ်ပေးသော တာဝန်များကြောင့် လျော့နည်းသွားခြင်းမရှိပေ။ ကွန်ဟိန်းမြို့နယ်ဝန်လောင်ကျေးရွာစုတွင် ၂၀၀၆ခုနှစ်၌ကြက်ဆူပင်စိုက်ခင်း အောင်မြင်ခဲ့သောကြောင့် ၂၀၀၇ ခုနှစ်တွင် တာဝန်ကျကိုတာကို နှစ်ဆတိုး၍ အာဏာပိုင်များကတောင်းဆိုခဲ့သည်။ အဓမ္မကြက်ဆူပင်စိုက်ပျိုးခိုင်းခြင်းသည် ထိုင်းနယ်စပ်သို့ လူသစ်များအစုလိုက်အပြုံလိုက် ထွက်ပြေးလာရခြင်း၏ အဓိကအကြောင်းပြချက် တခုဖြစ်သည်။[51]

ရှမ်းပြည်တောင်ပိုင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်ရသောအခြေမဲ့မှုများသည် မိုင်းပန်ဒေသအတွင်း တခုတည်းသော အကြီးဆုံးစီမံကိန်းဖြစ်သည့် တာဆန်းရေကာတာ စီမံကိန်း ကြောင့်ဖြစ်သည်။ ထိုစီမံကိန်းကြောင့် လူပေါင်း ၃၀၀၀၀ ကျော်သည် ၎င်းတို့၏ အိုးအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးခဲ့ကြရသည်။ သို့သော် လွန်ခဲ့သောနှစ်အတွင်း နအဖနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း တခုဖြစ်သော အေးရှဝေါနှင့်ပူးပေါင်းလုပ်ကိုင်သော ကွန်ဟိန်းမြို့နယ် အတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းသည် မတည်ငြိမ်မှုကို အများဆုံးဖြစ်ပေါ်စေခဲ့သော လုပ်ငန်းတခု ဖြစ်ခဲ့သည်။ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ မတရားအခွန်ကောက်ခံမှု သို့မဟုတ် ရင်းနှီးမြုပ်နှံ ထားသည့်လုပ်ကွက် လုံခြုံရေးအတွက် ပို့ပေးနေသော နအဖတပ်များချထားမှုအား စိုးရိမ်ကြောက်ရွံ့ သောကြောင့် လူ ၃၀၀၀ ခန့်သည် ၎င်းတို့အိုးအိမ်များမှ မဖြစ်မနေ စွန့်ခွာခဲ့ရသည်။

# ၃ – ၂ ကရင်နီပြည်နယ်

ကရင်နီပြည်နယ် (သို့မဟုတ် ကယားပြည်နယ်) အတွင်း နိုင်ငံရေးအခင်းအကျင်းသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ကေအန်ပီပီ)၏ လက်နက်ကိုင်တော်လှန်ရေးသည် အင်အား ကြီးမားသောအားတခုအဖြစ် ဆက်လက်ရှိနေသေးသော်လည်း စီးပွားရေးလုပ်ငန်းများ၊ မြန်မာစစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအုပ်စုများအကြား စစ်ရေးအရ ဆက်ဆံမှုများကသာ ကြီးကြီးမားမား မင်းမူနေဆဲ ဖြစ်သည်။ ပြည်သူ ၈၀၀၀၀ ခန့်သည် ကရင်နီပြည်နယ်တွင် နိုင်ငံတွင်း အခြေမဲ့လှည့်လည်နေထိုင်သူများအဖြစ် လက်ရှိနေထိုင်နေဆဲဖြစ်ပြီး ကလလတနှင့် အခြားအဖွဲ့များ ထိန်းချုပ်ရာ အပစ်ရပ်ဒေသများတွင် ထိုပြည်သူအများစုသည် နှစ်ပေါင်းများစွာကြာ ဆင်းရဲမွဲတေစွာ နေထိုင်နေကြရသည်။ သို့သော် အကာအကွယ်အမဲ့ဆုံးသော နိုင်ငံတွင်းအခြေမဲ့ လှည့်လည်နေထိုင်သူများမှာ နအဖနှင့် အပစ်ရပ်အဖွဲ့များ စုပေါင်းလှုပ်ရှားတပ်ဖွဲ့များ၏ ရန်မှ တိမ်းရှောင်ပုန်းအောင်နေသော ရှားတော၊ ဖရူဆိုနှင့် ဖာဆောင်းမြို့နယ်များတွင် နေထိုင်နေသော ပြည်သူများ ဖြစ်သည်။

ကရင်နီပြည်နယ်တွင် နအဖမှ ခြေလျင်တပ်ရင်း ၁၄ ရင်း အမြဲတမ်းတပ်ဆွဲနေပြီး ထိုတပ်ရင်းများသည် လွိုင်ကော်ရှိ ဒေသကွပ်ကဲမှုစစ်ဆင်ရေးဌာနချုပ် (ဒကစ) နှင့် ဖယ်ခုံရှိ စစ်ဆင်ရေးဌာနချုပ် တို့ထံ

[51] Shan Human Rights Foundation, Monthly Report, August 2007

# ကရင်နီပြည်နယ်


တရုတ်နိုင်ငံ
မြန်မာနိုင်ငံ
လောနိုင်ငံ
ထိုင်းနိုင်ငံ
0
50
ကီလိုမီတာ
ဖယ်ခုံ
လွိုင်ကော်
ဒီမောဆို
ဖရူဆို
ရှားတော
ဘောလခဲ
ကရင်ပြည်နယ်
သံတောင်
မော်ချီး
ဟဖဆောင်း
ကရင်နီပြည်နယ်
ထိုင်းနိုင်ငံ
မယ်စဲ့
ထိုင်းနိုင်ငံ
N
အခြေမဲ့ရွာများ ၂၀၀၇
မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စုစည်းကျေးရွာများ၊
တိုင်းစစ်ဌာနချုပ်
ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ဒကစ)
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
ခြေမြန်တပ်မဌာနချုပ်
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
မြို့တော်
မြို့
ရွာ
မြစ်
လမ်းမငယ်
လမ်းမကြီး
နိုင်ငံနှင့်ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အပစ်အခတ်ရပ်စဲဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်နွယ်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ
သတ္တုတူးဖေါ်ရေးလုပ်ငန်း
ရေအားလျှပ်စစ်စီမံကိန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
စိုက်ပျိုးရေးစီမံကိန်း
သစ်ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်း
ထိုင်းမြန်မာနယ်စပ်တလျှောက်
ကူညီစောင့်ရှောက်ရေးညွှန့်
ပေါင်းအသင်း

သတင်းပို့ရသည်။ အခြားတပ်ရင်း ၁၀ ရင်းသည် ပြည်နယ်အတွင်း လုပ်ရှားစစ်ကြောင်းများအဖြစ် ပုံမှန်လှည့်လည်နေတတ်ကြသော်လည်း ကလော (ရှမ်းပြည်နယ်)ရှိ ခြေမြန်တပ်မ ၅၅ လက်အောက်ခံတပ်များဖြစ်ကြသည်။ လှုပ်ရှားစစ်ကြောင်း များအား လွန်ခဲ့သော လအနည်းငယ် အတွင်းက ပြန်ရုပ်သိမ်းခဲ့သော်လည်း ၂၀၀၅ခုနှစ်မှစ၍ ယင်းတပ်ရင်းများသည် ကရင်နီပြည်နယ် အတွင်း ပုံမှန်အလှည့်ကျလှည့်လည်လှုပ်ရှားနေကြဆဲဖြစ်သည်။ မြန်မာစစ်တပ်၏ အမည်ခံ ကိုယ့်အားကိုယ့်ကိုး ရေး မူဝါဒကြောင့် ရှေ့တန်းတပ်ဖွဲ့များအား ရိက္ခာထောက်ပံ့ရန်အတွက် ဒေသတွင်း အသက်မွေးဝမ်း ကြောင်းလုပ်ငန်းများကို ချိနဲ့စေခဲ့သည်။ လွန်ခဲ့သော နှစ်အတွင်း ကေ ၃၀၀၀ ကျော်အား စက်မှုဇုံတည် ဆောက်ရန်အတွက် သိမ်းယူခဲ့ရသည်။

လွန်ခဲ့သောဆယ်နှစ်ခန့်က အပစ်ရပ်သဘောတူစာချုပ်များ စချုပ်စဉ်ကာလများတွင် အပစ်ရပ် ဒေသများက ကျေးရွာသားများအား အကာအကွယ်ပေးနိုင်သည်ဟူသော ကတိကဝတ်များ ရှိခဲ့သော် လည်း အပစ်ရပ်အဖွဲ့များသည် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ဆုံးရှုံးနေဆဲဖြစ်ပြီး နအဖ၏ အမိန့်များကိုသာ လိုက်နာနေရသည်။ မြန်မာစစ်တပ်မှ စစ်ဆင်ရေးများပြုလုပ်သောအခါတွင် အပစ်ရပ်ဒေသများအတွင်း ကွဲလွဲချက်တခုမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်များနှင့် စုပေါင်း ဆင်နွှဲခြင်းဖြစ်ပြီး ကျေးရွာသားများသည် အခွန်ကိုနှစ်ဆပေးဆောင်ရသည်။ အပစ်ရပ်အဖွဲ့များ သည် သတ္တုတွင်းတူးဖော်ခြင်း၊ သစ်ခုတ်ခြင်း၊ နယ်စပ်သို့ပို့သော ကျွဲ၊ နွားရောင်းဝယ်ခြင်း အပေါ် အခွန်ကောက်ခြင်း၊ မော်တော်ဆိုင်ကယ်တင်သွင်းခြင်းများအပေါ် မှီခိုအားထားနေရချိန်တွင် ဖရူဆို နှင့် ဒီမောဆိုမြို့နယ်များရှိ ကျေးရွာသားများသည် ၎င်းတို့၏အသက်မွေးဝမ်းကြောင်း ရေရှည် တည်တန့်ရေးအတွက် ပထမဆုံးအကြိမ်အဖြစ် ဘိန်းဖြူကို မဖြစ်မနေ စစိုက်ကြရသည်။

ဖါဆောင်းမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားနေသောဒေသများတွင် ပြည်သူများ၏အသက်နှင့် အသက်မွေးဝမ်းကြောင်းများအား လွန်စွာခြိမ်းခြောက်နေသည့်တိုင် မော်ချီးမှတောင်ငူသို့ သွားရာလမ်းတလျှောက် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။ လမ်းများပြင်ရန် မသွားမနေရလုပ်အားပေးခေါ်ယူခြင်း နှင့် လမ်းများဖျက်ဆီးမခံရစေရန် ခရီးသွားလာမှုများကို ကန့်သတ်ချုပ်ချယ်သောကြောင့် ဒေသခံကျေးရွာသားများအတွက် စိုက်ခင်းများ၊ တောများနှင့် ဈေးများသို့ သွားလာနိုင်ခွင့်ကို လျော့နည်းစေသည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ ကျေးရွာခေါင်းဆောင်များနှင့် ပြုလုပ်သော အစည်းအဝေးတွင် နအဖ၏ ခလရ ၇၂ က နအဖစစ်ကြောင်းများနှင့် ၎င်းင်း၏လက်အောက်ခံ ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့ **(KNSO)** တို့၏ လှုပ်ရှားစစ်ကြောင်းများက အနီးအနားတဝိုက်ရှိ တောများအား သူပုန်နယ်မြေ များအဖြစ် ဆက်လက်သတ်မှတ်ထားကြောင်းကို ထပ်လောင်း အတည်ပြုပြောဆိုခဲ့သည်။ ထိုတောများအတွင်း မည်သူမဆိုတွေ့ရှိပါက ချက်ချင်းပစ်သတ်နိုင်ပြီး မြေမြုပ်မိုင်းများလည်း ခင်းထားကြောင်း ပြောဆိုခဲ့သည်။

၁၉၉၆ခုနှစ်တွင် အစိုးရထိန်းချုပ်သော ရွှေ့ပြောင်းရေးစခန်းများစတင်တည်ထောင်ခဲ့ပြီး၊ မူရင်း နေထိုင်သူ အများစုသည် နေရာအနှံ့အပြားသို့ ပြောင်းရွှေ့သွားကြသော်လည်း ရွာသား ၅၀၀၀ နီးပါးသည် ၂၀၀၇

ခုနှစ်မှစ၍ ကရင်နီပြည်နယ်အတွင်း ရွှေ့ပြောင်းရေးစခန်း ၈ ခုတွင် ဆက်လက်ရှိ နေဆဲဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေဆဲ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၎င်းတို့၏ မူရင်းကျေးရွာများသို့ပြန်ရန် ကြောက်ရွံ့သောကြောင့် ဆက်လက်နေနေဆဲဖြစ်သည်။ သို့သော် နအဖ စခန်းများနှင့် နီးကပ်စွာ တည်ရှိနေခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသော အနိုင်ကျင့်မှုများက လူအများကို ရွှေ့ပြောင်းရေးစခန်းများမှ စွန့်ခွာရန်ဖိအားပေးနေကြသည်။ လွန်ခဲ့သော နှစ်အတွင်း အကြီးမားဆုံးသော ပြောင်းရွှေ့မှုများသည် ဒေါ်တမကြီး ရွှေ့ပြောင်းရေးစခန်းတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းစခန်းသည် ကေအန်ပီပီမှ ဆင်နွှဲသော ခြိမ်းခြောက်ကျားတိုက်ပွဲများကို နအဖ၏ လက်တုံ့ပြန်သောအားဖြင့် စခန်းနေရွာသားများကို အမြဲတစေ အပြစ်ပေးအနိုင်ကျင့်နေသော နေရာ တခုဖြစ်သည်။

ယင်းဒေသအတွင်း တပ်ရင်း အရင်း ၂၀ အခြေစိုက်နေသော်လည်း တပ်ရင်းအရင်းပေါင်း ၄၀ ကျော်သည် အရပ်သားပြည်သူများနှင့် ၎င်းင်းတို့အသက်ရှင်ရေးနည်းလမ်းများကို ပစ်မှတ်ထား၍ လက်နက်ကိုင် တော်လှန်ရေးအား ချိုနဲ့စေရန် လုပ်ဆောင်နေကြသည်။ ယင်းမြို့နယ် ၄ ခုတွင် လွန်ခဲ့သော ၁၂ လအတွင်း ပြည်သူပေါင်း ၄၂၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး အရပ်သား ပြည်သူပေါင်း ဖ၂၀၀၀ သည် နအဖကင်းလှည့်စစ်ကြောင်းများမှ ပုန်းအောင်းနေကြရသည်။ သံတောင်မြို့နယ်တခုတည်းတွင်ပင် ၂၀၀၇ ခုနှစ်အတွင်း အနည်းဆုံး ကျေးရွာသားပေါင်း ၃၈ ဦး မြန်မာစစ်တပ်မှ အသက်ခံခဲ့ရသည်။

# ၃ – ၃ ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ

လွန်ခဲ့သောနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ခြမ်းတွင်း အဆိုးဝါးဆုံးသော လူသားချင်းဆိုင်ရာ ချိုးဖောက်မှုများမှာ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ သံတောင်မြို့နယ်နှင့် ပဲခူးတိုင်း ကျောက်ကြီး မြို့နယ်နှင့် ရွှေကျင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သည်။ အရပ်သားများသည် နအဖအာဏာပိုင်များနှင့် ပုံမှန်ထိတွေ့ဆက်ဆံနေရသော မြေပြန့်ဒေသများတွင် ကျေးရွာတည်နေရာများနှင့် ခရီးသွားလာခွင့် အပေါ် အကန့်အသတ်များကြီးမားနေခြင်းသည် ယမန်နှစ်နှင့်ယှဉ်ထိုးကြည့်ပါက အစိုးရ ထိန်းချုပ်သော ရွှေ့ပြောင်းရေးစခန်းအရေအတွက် ပို၍တိုးများလာသည်ကို ညွှန်ပြနေသည်။ လူပေါင်း ၅၀၀၀ ကျော်အား ထိုစခန်းများတွင်နေထိုင်ရန်အတွက် အမိန့်ပေးခဲ့သည်။ မြေပြန့်နေ ကရင်တိုင်းရင်းသားများအတွက် အဓိကဝင်ငွေပေါက်ဖြစ်သော တောင်ပေါ်ကရင်တိုင်းရင်းသားများနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်း ပျက်စီးနေသည့်အပြင် လယ်မြေများစွာသည်လည်း အသိမ်း ခံခဲ့ရသည်။ စစ်စခန်းများပြင်ဆင်ရန်အတွက် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ရှေ့တန်း စခန်းများသို့ စစ်လက်နက်ရိက္ခာများ သယ်ယူပေးရခြင်း နှင့် နအဖ စစ်ရေးတိုးချဲ့မှုအား အထောက်အကူဖြစ်စေသော ကားလမ်းများဖောက်ပေးရခြင်း စသည်တို့ကြောင့် ရွှေ့ပြောင်းရေး စခန်းများအတွင်း အသက်မွေးဝမ်းကြောင်းမှု ချိနဲ့စေရသည်။

ယင်းဒေသအတွင်းတွင် ပဋိပက္ခနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ဖြစ်ရသော အခြေမဲ့မှုနှစ်ခုအကြား ကွဲကွဲပြားပြားသတ်မှတ်ရန် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်တပ်၏ စစ်ရေးတိုးချဲ့မှုသည် လမ်းသစ်ဖောက်လုပ်ခြင်းနှင့် တသမတ်တည်းဒွန်တွဲနေသောကြောင့် ဖြစ်သည်။ ထိုင်းနယ်စပ်သို့ အရှေ့ဖက်ခြမ်းသို့ ဆက်လက်ဖောက်လုပ်နေဆဲဖြစ်သော တောင်ငူ – မောချီးနှင့် ကျောက်ကြီး – စောထ

လမ်းဖောင်းဖောက်လုပ်ရာတွင် ယင်းလမ်းများကို ဆက်သွယ်၍ရသော လမ်းသစ်ဖောက်လုပ်ခြင်းကို ရပ်တန့်ပစ်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ဘော်ဂလီကြီး – စောမူပလောလမ်းသစ်ဖောက်လုပ်နေခြင်းကို ၂၀၀၇ ခုနှစ် မိုးရာသီအစတွင် ကေပူ၌ ခေတ္တရပ်နားခဲ့ရသည်။ သို့သော် နောက်ထပ်ရှေ့တန်းစခန်းအသစ် ၁၀စခန်း ချထားမှုနှင့် ပတ်ဝန်းကျင်ရှိ တောင်ယာစိုက်ခင်းများဆီသို့ ပုံမှန်အမြောက်များဖြင့် ပစ်ခတ်နေခြင်းကြောင့် လူပေါင်း ၄၀၀၀ ကျော်သည် အနီးဝန်းကျင်ရှိ ကျေးရွာ ၂၅ ရွာအား စွန့်ခွာထွက်ပြေးခဲ့ရပြီး ယွန်းဇလင်းမြစ် အရှေ့ဖက်ခြမ်းဆီသို့ ထွက်ပြေးခဲ့ကြရသည်။

မြန်မာစစ်တပ်မှ တိုက်ပွဲဖြစ်ပွားရာဒေသများအတွင်း အရပ်သားပြည်သူများအား ပစ်မှတ်ထားသော လုပ်ဟန်သည် မြောက်ပိုင်းကရင်လူထုအကြား စနစ်တကျ နှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည်။ ကရင့်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင်လှုပ်ရှားမှု အသက်ဝင်နေသည်ဟု ယူဆရသော ဒေသများအတွင်း လှုပ်ရှားစစ်ကြောင်းများမှ စခန်းချရန်အတွက် နေရာရှာရာတွင် ထိုဒေသအတွင်း တွေ့ရှိသူသည် သူပုန် သို့မဟုတ် သူပုန်ထောက်ခံသူဖြစ်၍ တွေ့လျှင်ပစ်ဟုသော ယူဆချက်ကို အခြေခံ၍ မြန်မာစစ်တပ်က လှုပ်ရှားကြသည်။ လူနေအိမ်များ နှင့် တောင်ပေါ်စိုက်ခင်းများတွေ့ရှိပါက အမြောက်ကြီးများနှင့် တရကြမ်းပစ်ခတ်ကြသည်။ အကယ်၍ ရွာသားများသည် စစ်တပ်များချည်း ကပ်လာသည်ဟူသော ကြိုတင်သတိပေးချက်များမရှိခဲ့ပါက ယင်းကဲ့သို့ တိုက်ခိုက်မှု သည် ၎င်းတို့ ထွက်ပြေးရန်အတွက် ပထမဦးဆုံး အခွင့်အရေးဖြစ်သည်။ ခြေလျင်တပ်သားများ ဝင်ရောက်လာသည် နှင့်တပြိုင်နက် တွေ့ရှိသမျှ စားနပ်ရိက္ခာ၊ အိမ်မွေးတိရိစ္ဆာန်များနှင့် ပစ္စည်းဥစ္စာများကို သိမ်းယူ၊ ဖျက်ဆီးကြသည်။ ရွာသားများ အိမ်ပြန်သည်ကို သိရှိရရန်အတွက် မြေမြုပ်မိုင်းများလည်း ထောင်ထားတတ်ကြသေးသည်။

ပုန်းခိုနေသော အရပ်သားပြည်သူအများစုသည် အိမ်မွေးတိရိစ္ဆာန်များအသက်ရှင်ရေး နှင့် ၎င်းတို့၏ ဘိုးဘွားပိုင်မြေယာများနှင့် နီးကပ်နိုင်သမျှ နီးကပ်စွာ နေထိုင်နိုင်ရေးအတွက် အိမ်နီးနားချင်း ကျေးရွာသားများနှင့် ကွန်ယက်ဖွဲ့၍ ထိုကွန်ယက်များအပေါ်တွင်သာ မှီတည်အားထားနေရသည်။ သို့သော် ယင်းရင်ဆိုင်ဖြေရှင်းချင်းနည်းနာများ အလုပ်မဖြစ်တော့သောအချိန်တွင် ရွာသားများသည် ထိုင်းနိုင်ငံတွင် ခိုလှုံရာရှာမည်လား သို့မဟုတ် အလုပ်သွားရောက်လုပ်ကိုင်မည်လား သို့မဟုတ် မြန်မာနိုင်ငံမြို့ပြအရပ်သို့ ဝင်ရောက်မည်လား သို့မဟုတ် ရွှေ့ပြောင်းရေးစခန်းများ အတွင်းသို့ ဝင်ရောက်၍ ဝင်ငွေရသော အလုပ်ရှာလုပ်မည်လား ဟူ၍ဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ ထိုင်းနိုင်ငံသို့ ထွက်ပြေး၍ ခိုလှုံခွင့်တောင်းခံသူများအတွက် ၂၀၀၆ ခုနှစ်စ၍ လွန်စွာ ခက်ခဲလာနေသည်။ ထိုအရေးအား ဖြေရှင်းရန်အတွက် နယ်စပ်စည်းမျဉ်းတည့်တည့်တွင် ယာယီ အိုင်ဒီပီ စခန်းများတခု တည်ဆောက်ခဲ့သည်။ ယခုအချိန်တွင် အီသူးထစခန်းတွင် လူပေါင်း ၃၈၀၀ ဦးကျော်နေထိုင်နေလျက်ရှိပြီး ဘေးပတ်ဝန်းကျင်တောအုပ်တွင် နေထိုင်နေသော လူဦးရေးထက် အဆမတန်သာလွန်နေသည်။ နအဖ ရှေ့တန်းစခန်းများသည် လမ်းလျှောက်ချိန် ၃ နာရီခန့်သာ ဝေးကွာသော နေရာတွင်တည်ရှိသဖြင့် လုံခြုံရေးသည် ပို၍စိုးရိမ်ဖွယ်ရာတခုဖြစ်သည်။

# ကရင်ပြည်နယ်မြောက်ပိုင်း



# ၃ – ၄ ကရင်ပြည်နယ်အလယ်ပိုင်းဒေသ

မြန်မာစစ်တပ်သည် ကရင်ပြည်နယ်အလယ်ပိုင်းဒေသ၏ နေရာအများစုအား ၁၉၉၀အလယ်ပိုင်းနှစ်များနှင့် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ်မတော်သည် ကေအန်ယူမှ ခွဲထွက်သည့်အချိန်မှစ၍ ထိန်းချုပ်ထားနိုင်ခဲ့သည်။ နအဖသည် မြေယာများသိမ်းယူခြင်းနှင့် ဝေးသီခေါင်လှမ်းသော ကျေးရွာများအား အတင်းအကြပ်ပြောင်းရွှေ့ခြင်း စီမံကိန်းမှတဆင့် နယ်မြေများကို စုစည်းသိမ်းယူခဲ့သည်။ ရလဒ်အားဖြင့် ကရင်ပြည်နယ်အလယ်ပိုင်းဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခသည် မြောက်ပိုင်း ဒေသများနှင့် ယှဉ်ကြည့်ပါက သိသာစွာ ထိုးကျသွားခဲ့သည်။ သို့သော် မြန်မာစစ်တပ်မှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အချို့သော ကရင်အပစ်ရပ်အဖွဲ့များမှ ကျူးလွန်သော ချိုးဖောက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး လူသားလုံခြုံရေးကို ယုတ်လျော့စေနေသည်။

နိုင်ငံရေးအရ အဖြေထုတ်ချက် မရှိသေးသော်လည်း စီးပွားရေးလုပ်ငန်းအသေးစားများနှင့် ဆယ်စုနှစ်များစွာကြာ လက်နက်ကိုင်ပဋိပက္ခအပေါ် စိတ်ပျက်အားလျော့မှုများက အုပ်စုငယ်လေးများအား ကေအန်ယူမှ ခွဲထွက်၍ “ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်စေရန်” တွန်းအားပေးသလို ဖြစ်နေခဲ့သည်။ အနီးစပ်ဆုံး ဥပမာမှာ ၂၀၀၇ ခုနှစ်တွင် ကေအန်ယူ၊ ကေအန်အယ်လေ ငြိမ်းချမ်းရေးကောင်စီအား ထူထောင်ခဲ့သူ ကေအန်ယူတပ်မဟာ ၇ မှ တပ်မဟာမှူးဟောင်းပင်ဖြစ်သည်။ ကရင်အပစ်ရပ်အဖွဲ့အချို့နှင့် လက်နက်ကိုင်အတိုက်အခံအကြား အဆုံးတွင် အဆင့်တခုအထိ နားလည်မှု တည်တောက်နိုင်သောကာလတွင် ကေအန်ယူ၊ ကေအန်အယ်အေ ငြိမ်းချမ်းရေးကောင်စီ ခွဲထွက်မှုသည် ယခုအချိန်ထိတိုင် ခါးခါးသီးသီး ဖြစ်နေဆဲဖြစ်သည်။ ဒေါ်နတောင်တန်းတကြော ကေအန်ယူ၏ အချုပ်အချာအာဏာကို အံတုစိန်ခေါ်သော ဒီကေဘီအေနှင့် ပူးပေါင်းစစ်ဆင်ရေးတွင် မြဝတီမြို့ အတွင်းရှိ ကျေးရွာ ၁၇ ရွာရှိ အိမ်ထောင်စု ၉၀၀ကျော် ပိုင်ဆိုင်သော လယ်မြေများ အသိမ်းခံခဲ့ရသည်။ ကေအန်ယူနှင့် ဒေသခံရွာသားများ ပြန်လာသည်ကို သိရှိရန်အတွက် မြေမြှုပ်မိုင်းများလည်း ခင်းထားခဲ့သည်ဟု ဆိုသည်။

အချို့သော ဒီကေဘီအေ ဒေသခံတပ်မှူးများသည် လူ့အခွင့်အရေးအား မြှင့်တင်လိုသော စိတ်ရင်း အမှန်ရှိကြသော်လည်း မြန်မာစစ်တပ်နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ် ပြန့်ပြန့် ချိုးဖောက်နေသော အခြားအရာရှိများလည်း ရှိနေကြသည်။ လွန်ခဲ့သောနှစ်အတွင်း လမ်းဆောက်လုပ်ရေးနှင့် အခြားသောအခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် တကြိမ်လျှင် ၃ ရက် ၄ ရက်ကြာ မြဝတီမြို့နယ်အတွင်းမှ ကျေးရွာသားများသည် အလုပ်သမားပို့ပေးရသဖြင့် အဓမ္မလုပ်အားပေးခိုင်းစေမှုသည် အထူးသဖြင့် အမြဲတစေဖြစ်ပျက်နေသော ချိုးဖောက်မှုတခုဖြစ်သည်။ အကယ်၍ ခွဲတမ်းသတ်မှတ်ချက်အတိုင်း မပို့နိုင်ပါက လူတဦးလျှင် ကျပ်ငွေ တသောင်းမှ တသောင်းငါးထောင်အထိ ဒဏ်ရိုက်သည်။

# ကရင်ပြည်နယ်အလယ်ပိုင်း



၂၀၀၇ ခုနှစ် မတ်လနှင့်ဧပြီလအတွင်း ကေအန်ယူသို့ ပစ်မှတ်ထားသည်ဟု ထင်မှတ်ရသော စစ်ဆင်ရေးကာလများတွင် မြန်မာစစ်တပ်နှင့် ဒီကေဘီအေတို့သည် လူသားမျိုးနွယ်တခုလုံးနှင့် သက်ဆိုင်သော အကြမ်းဖက်သတ်ဖြတ်မှုများကို လှိုင်းဘွဲ့မြို့နယ်အတွင်း ကျူးလွန်ခဲ့ကြသည်။ ရွာသူကြီးတဦးသည် ၎င်းင်းပူးတွဲစစ်ဆင်ရေးအတွက် စစ်ရိက္ခာများ သယ်ဆောင်ပေးနေချိန်တွင် မြေမြှုပ်မိုင်း နင်းမိသဖြင့် အသက်ဆုံးရှုံးခဲ့ရပြီး၊ အခြား ၁၉ ဦးအား ကေအန်ယူ စာနာသူများအဖြစ် မသင်္ကာဖြစ်ကာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ရွာ ၂၄ တွင် နေထိုင်နေသော ပြည်သူ ၄၀၀၀ ကျော်ပိုင်ဆိုင်သော ဆန်ရိက္ခာများ အနိုင်ကျင့် ဖျက်ဆီးခံခဲ့ရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နအဖ စစ်ရေးတိုးချဲ့မှု၏ အကျိုးဆက်များကို ဒေသခံ လူ့အခွင့်အရေး အဖွဲ့အစည်းများက မှတ်တမ်းတင်ကောက်ယူထားကြသည်။ ရွာသားများနှင့် ပြုလုပ်ထားသော တွေ့ဆုံမေးမြန်းခန်းအခု ၁၀၀ ကျော်နှင့် ဒေသခံနအဖအာဏာပိုင်များမှ ထုတ်ပြန်သော အမိန့်စာ ၁၀၀ ကျော် ရရှိထားပြီးဖြစ်သည်။ ယင်းတွေ့ရှိချက်များတွင် နအဖနှင့်ဆက်နွယ်နေသော အုပ်စုများသို့ အတင်းအကြပ် ဝင်ရောက်ရမှု၊ လျော်ကြေးမပေးပဲ မြေယာသိမ်းယူမှု၊ လုပ်ခမပေးပဲ စစ်တပ်ပိုင် ဥယျာဉ်မြေများ၊ လမ်းများနှင့် အခြားသောလုပ်ငန်းများတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ စစ်ရိက္ခာများသယ်ယူရန် အတင်းအကြပ် ပေါ်တာဆွဲခိုင်းစေမှု ၊ မတရားအခွန်ကောက်ခံမှု၊ ငွေညှစ်ခြင်း၊ ခိုးယူခြင်း အပြင် မုဒိမ်းကျင့်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ပါဝင်သော ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းများ ပါဝင်သည်။[52]

# ၃ – ၅ မွန်ဒေသများ

မွန်ပြည်သစ်ပါတီမှ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အာဏာပိုင်များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့သော်လည်း နိုင်ငံရေးအရ ဖြေရှင်းချက်တခုမရှိသောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး အားမလိုအားမရဖြစ်သော မွန်ခွဲထွက်အဖွဲ့များမှ လက်နက်ကိုင်ခုခံစစ်ပြန်လည်ဖေါ်ဆောင်ခြင်းများ ဖြစ်သည်အထိ ဖြစ်ခဲ့ရသည်။ ရလဒ်အဖြစ် ၂၀၀၇ ခုနှစ်တွင် မွန်လူမျိုးအများစုနေထိုင်သောဒေသများအတွင်း အရပ်သား ၇၀၀၀၀ ကျော်သည် နိုင်ငံတွင်းအိုးအိမ်မဲ့ဘဝအဖြစ်တွင် ဆက်လက်တည်ရှိနေသည်ဟူ၍ ခန့်မှန်းရသည်။ ထိုလူထုအနက် အများစုမှာ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရာဒေသများ၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးဒေသနှင့် တနင်္သာရီတိုင်းအတွင်းရှိ ရာဘူးမြို့နယ် များတွင် နေထိုင်နေကြသည်။

မွန်ခွဲထွက်အုပ်စုများရှာဖွေသည်ဟုဆိုကာ နအဖတပ်ဖွဲ့များမှ ပုံမှန်ထိုးဖောက်ဝင်ရောက်မှုများ နှင့် ရွာသားများအပေါ် အနိုင်ကျင့်မှုများ ရှိနေသော်လည်း မွန်အပစ်ရပ်ဒေသများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတိုင်းအတာတခုအထိ အကာအကွယ်ပေးနိုင်သော ဒေသများအဖြစ် ဆက်လက်ရှိ

[52] Karen Human Rights Group, Report 2006#4, Setting up the Systems of Repression : The Progressive Regimentation of Civilian Life in Dooplaya District", 7 September 2006, www.khrg.org

# မွန်ဒေသများ



မြေပုံ
0
50
ကီလိုမီတာ
ပေါင်
မော်လမြိုင်
ချောင်းဆုံ
ကျိုက်မရော
ကော့ကရိတ်
မုဒုံ
တီဟုႏသံ
ရွှေမိုး
အနန်ကွင်း
ကြာအင်းဆိပ်ကြီး
သံဖြူဇရပ်
မွန်ပြည်သစ်ပါတီ
ကရင်ပြည်နယ်
သယ်ကွိုး
မြိုင်သာယာ
လိမ္မော်ခြံ
စံပြ
ရွာသစ်
မွန်ပြည်နယ်
ရွာသစ်
ရေး
ဘုရားသုံးဆူ
တောင်ကြား
ဘီးရီးစခန်း
ဟလော်ခါနီစခန်း
လောက်သိုင်း
ယားပူး
ဖဝမိုင်
မရမ်းချောင်း
ဒါဇာ
ဘရောင်း
ဝင်းတမောက်
ရာပူး
မိကျော်ချောင်း
ကွဲသုံးညီမ
ဖွားရှင်မ
အိန္ဒရာဇာ
ဇင်းဘ
ရေပုံး
တနင်္သာရီတိုင်း
ထိုင်းနိုင်ငံ
ရေဖြူ
နန်းပရွာ
သပြုချောင်း
ထိုင်းမြန်မာနယ်စပ်တလျှောက်
ကူညီစောင့်ရှောက်ရေးညွှန့်
ပေါင်းအသင်း
တရုတ်နိုင်ငံ
မြန်မာနိုင်ငံ
လာအိုနိုင်ငံ
ထိုင်းနိုင်ငံ
အခြေမဲ့ရွာများ ၂၀၀၇
မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စုစည်းကျေးရွာများ၊
တိုင်းစစ်ဌာနချုပ်
ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ဒကစ)
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
ခြေမြန်တပ်မဌာနချုပ်
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ဒုက္ခသည်စခန်း
အခြေမဲ့သူများစခန်း
ဒုက္ခသည်စခန်း
မြို့တော်
မြို့
ရွာ
မြစ်
လမ်းမငယ်
လမ်းမကြီး
နိုင်ငံနှင့်ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အပစ်အခတ်ရပ်စဲဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်နွယ်သည့်
ဖွံ့ဖြိုးရေးစီမံကိန်းများ
စိုက်ပျိုးရေးစီမံကိန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
သဘာဝဓါတ်ငွေ့ပိုက်လိုင်း

နေသေးသည်။ မည်သို့ပင်ဖြစ်စေကာမူ စိုက်ပျိုးမြေ နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ရှားပါးခြင်းက အိုးအိမ်မဲ့ရွာသားများအတွက် ယင်းဒေသများသည် တာရှည်ခံသော ဒေသများ ဖြစ်လာနိုင်ရန်အတွက် အဟန့်အတား ဖြစ်နေဆဲပင်ဖြစ်သည်။

နိုင်ငံတကာလူသားချင်းဆိုင်ရာအေဂျင်စီများသည် မွန်အပစ်ရပ်ဒေသများအတွင်း သို့မဟုတ် ရေးတောင်ပိုင်းဒေသများအတွင်း ဝင်ရောက်လုပ်ကိုင်တည်ရှိခွင့်အား ယခုတိုင် ညှိနှိုင်း၍ မရသေးပဲ ရှိနေသေးသည်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ (အိုင်စီအာရ်စီ) သည် မော်လမြိုင်မြို့ရှိ ၎င်း၏ ကွင်းဆင်းရုံးခန်းအား ပိတ်လိုက်သည့်အချိန် လွန်ခဲ့သောနှစ်မှစ၍ ယင်းညှိနှိုင်းနေသော အခြေအနေ သည် ပိုမို၍ ဆိုးဝါးလာခဲ့သည်။

မွန်ခွဲထွက်အုပ်စုသည် မြန်မာစစ်တပ်အပေါ် မဖြစ်စေလောက်သော အံတုမှုကို လုပ်နိုင်သော်လည်း နအဖက လက်နက်ကိုင်အတိုက်အခံရှိနေမှုကို အခွင့်ကောင်းယူကာ အရပ်သားလူထုအား ရက်စက်စွာ ထိန်းချုပ်ရန်အကြောင်းတရပ်အဖြစ် အသုံးပြုနေသည်။ ခရီးသွားလာခွင့် အကန့်အသတ်များက လယ်သမားများသည် ၎င်းတို့၏လယ်ကွင်းတွင် ညအိပ်ခွင့်မရပေ။ ထို့ကြောင့် သီးနှံများအား ဂရုတစိုက် စောင့်ကြည့်ရန်မှာ လုံးဝမဖြစ်နိုင်တော့ပေ။ ၂၀၀၇ ဂျွန်လတွင် ဘရောင်းကျေးရွာမှ ရေးတောင်ပိုင်း သားများသည် ခွဲထွက်အုပ်စုနှင့် အဆက်အသွယ်ရှိသည်ဟု သင်္ကာမကင်းဖြစ်ကာ တရွာလုံးအား ခေါဇာကျေးရွာသို့ အတင်းအကြပ် မောင်းသွင်းခဲ့သည်။ အချို့ရွာသားများ နှိပ်စက်ခံရ၍ ဘုန်းတော်ကြီးကျောင်းများပင် မောင်းထုတ်ခံခဲ့ရသည်။

အရပ်သားပြည်သူများအပေါ် ပိုမိုထိန်းချုပ်လာခြင်းက ရွှေ့ပြောင်းရေးစခန်းများတွင် အိုးအိမ်မဲ့ ရွာသားများ ပိုမိုများပြားလာခြင်းကို ဖော်ပြစေသည်။ ခေါဇာရွှေ့ပြောင်းရေးစခန်းအတွင်းရှိ ရွာသားများသည် ရေး – ထားဝယ် နှင့် ရေး – ခေါဇာ လမ်းမကြီးတလျှောက် တံတား အခု ၄၀ ကျော်ကို ပြင်ဆင်ရန် အမိန့်ပေးခံခဲ့ရသည်။ နအဖအာဏာပိုင်များက တံတားတခုချင်းစီအတွက် ဘီလပ်မြေ ပမာဏကို သတ်မှတ်ပေးခဲ့သည်။ သို့သော် ရွာသားများသည် ၎င်းတို့၏ လုပ်အားကို အခမဲ့ပေးခဲ့ရသည် သာမက လိုအပ်သော ဘီလပ်မြေအတွက်ပါ အပိုဆောင်းပေးရသေးသည်။

ရိက္ခာပစ္စည်းလုံလောက်စွာ မရရှိသောကြောင့် မြန်မာစစ်တပ် တပ်ရင်းများသည် ၎င်း၏ တပ်ဖွဲ့များအတွက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေဆဲဖြစ်သည်။ ၂၀၀၇ ခုနှစ် မေလအတွင်း ရေးမြို့နယ်ရှိ ခလရ ၃၁ ကဲ့သို့သော တပ်ရင်းတော်တော်များများသည် တပ်အနီးဝန်းကျင်ရှိ လယ်မြေများကို ၎င်းင်းတို့ တပ်မိသားစုများအတွက် သိမ်းယူခဲ့သည်။ ၎င်းတပ်ရင်းတွင် အုပ်ဖုတ်လုပ်ငန်း ရှိပြီး ထိုလုပ်ငန်းအတွက် ရွာသားများသည် မီးသွေးပေးရန် တပ်ရင်းမှူးက အတင်းအကြပ် ခိုင်းစေခဲ့သည်။ ရေးမြို့နယ်ရှိ ဒေသခံကျေးရွာသားများသည် စစ်ဆင်ရေးရှိပါက တနေ့လျှင် ပေါ်တာ ၅ ယောက်မှ ၁၀ ယောက်အထိ ပေးရန် အမိန့်ပေးခံထားရသည်။

ရတနာ့ခါတ်ငွေ့ပိုက်လိုင်း ရင်းနှီးမြှုပ်နှံမှုသည် ၁၉၉၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီ မဖြစ်မနေ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပြုလုပ်ခဲ့ရသည့် အဓိက အချက်တချက်ဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်အထိ ယင်းအချက်သည် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အဓိကအရင်းခံအကြောင်း တရပ်အဖြစ် ဆက်လက်ဖြစ်နေသည်။ ကန်ဘောက် – မြိုင်ကလေး နိုင်ငံတွင်းဓါတ်ငွေ့ပိုက်လိုင်း လုံခြုံရေးအတွက် နအဖက ဒေသခံရွာသားများအပေါ် ပုံအပ်ထားသည်။ တကယ်တမ်းတွင် ဒေသခံ ပြည်သူများသည် ၎င်းင်းတို့အသက်ရှင်ရပ်တည်ရေးအတွက် အလုပ်လုပ်ချိန်ကိုလျော့ကာ အခြားသူများ ကောင်းမွန်စွာ လျှပ်စစ်အသုံးပြုနိုင်ရန်အတွက် အလုပ်လုပ်ပေးနေရခြင်းကို ဆိုလိုသည်။

# ၃ – ၆ တနင်္သာရီတိုင်း

တနင်္သာရီတိုင်းတတိုင်းလုံးသည် ထားဝယ်၊ ဘုတ်ပြင်း နှင့်ကော့သောင်းစစ်ဌာနချုပ်များ ၏ အားဖြည့်မှုနှင့်အတူ မြိတ်မြို့အခြေစိုက် နအဖ၏ကမ်းရိုးတန်းစစ်ဌာနချုပ်၏ လက်အောက်တွင် ရှိသည်။ တနင်္သာရီတိုင်းတတိုင်းလုံးတွင် ခြေမြန်တပ်ရင်း နှင့် ခြေလျင်တပ်ရင်းပေါင်း ၄၆ ရင်းရှိသည်။ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးပြဿနာများအပြင် စစ်အုပ်ချုပ်ရေးကြောင့် ၂၀၀၇ ခုနှစ်တွင် ခန့်မှန်းခြေ ကျေးရွာသားပေါင်း ၆၁၀၀၀ ကျော် နိုင်ငံတွင်းအခြေမဲ့ လှည့်လည်နေထိုင်သူများအဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ယင်းလူဦးရေတွင် ယမန်နှစ်တနှစ်တည်းတွင် ၎င်းင်းတို့အိုးအိမ်များမှ အတင်းအဓမ္မ စွန့်ခွာပေးခဲ့ရသော ပြည်သူ ၂၀၀၀ နီးပါးပါဝင်သည်။

ဥပဒေအား အလွဲသုံးစားလုပ်၍ ရွာသားများအား လက်နက်ကိုင် အတိုက်အခံအဖွဲ့အစည်းများနှင့် ဆက်သွယ်ရှိသည်ဟုခြိမ်းခြောက်ခြင်းများမှာ နေရာအနှံ့ပြန့်နှံ့နေပြီး၊ အစိုးရထိန်းချုပ်ရာဒေသများ တွင်ပင် ဖြစ်ပွားနေသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ကေအန်ယူနှင့် ဆက်သွယ်မှုရှိသည်ဟူ၍ စွပ်စွဲကာ လက်စားချေသောအားဖြင့် ဘုတ်ပြင်းမြို့နယ် ကျားချောင်းကျေးရွာတရွာလုံး မီးရှို့ခံခဲ့ရပြီး၊ လာဖူးငန်သို့ အတင်းအကြပ် ပြောင်းရွှေ့ခံခဲ့ရသည်။ ယင်းအဖြစ်အပျက်မတိုင်ခင် လပိုင်းများ၌ ရွာသားတယောက် အသက်ဆုံးရှုံးသည်အထိ နှိပ်စက်ခံခဲ့ရသည်ပြီး အနီးဝန်းကျင်ရှိ မနောလုံးရွာစုမှ အခြားရွာသား သုံးဦးသည် ၃ နှစ်ထောင်ချခံခဲ့ရသည်။ ငွေညှစ်ခြင်းသည် ပုံမှန်ဖြစ်ပေါ်နေသော အပြစ်ပေးမှု ပုံစံတခုဖြစ်သည်။ သရက်ချောင်းမြို့နယ်မှ ရွာသား ၃ ဦးသည် ၂၀၀၇ ခုနှစ် ဇွန်လတွင် တဦးလျှင် ၇၀၀၀၀ ကျပ်စီ ဒဏ်ရိုက်ခံရသည်။

ရွှေ့ပြောင်းရေးစခန်းများအတွင်းရှိ ရွာသားများ၏ ဆင်းရဲမွဲတေမှုသည် လွန်ခဲ့သောနှစ်အတွင်း အတင်းအကြပ် လုပ်အားပေးခိုင်းခြင်း၊ မြေယာသိမ်းယူခြင်းများကြောင့် ပိုမို၍ ဆိုးလာခဲ့သည်။ စစ်ရေးတိုးချဲ့ခြင်းများအတွက် စခန်းအတွင်းရှိ ရွာသားများသည် လစဉ်လတိုင်း နယ်စပ်စခန်းများ ဆီသို့ စစ်ရိက္ခာပစ္စည်းများ ပို့ဆောင်ပေးရသည်။ စစ်စခန်းသစ်နှင့်နီးစပ်သော ကွမ်းသီးခြံများ သိမ်းယူခံရသည်သာမက ရွာသားများသည် ဒေသခံမြန်မာစစ်တပ်များ အကျိုးစီးပွားအတွက် ၎င်းင်းတို့ပိုင်ဆိုင်ခဲ့သော မြေများပေါ်တွင် အတင်းအဓမ္မ အလုပ်လုပ်ပေးရပြန်သည်။

မြန်မာစစ်တပ်သည် ၎င်းင်းတို့၏ စီးပွားဖြစ်စိုက်ပျိုးရေးအတွက် ထောင်သောင်းချီသော မြေဧက များစွာကို သိမ်းယူခဲ့သည်။ ယင်းသိမ်းယူခံရသော မြေများအနက် အချို့သော မြေများမှာ ထိုင်း၊ မလေးရှားနှင့် ဒေသခံမြန်မာစစ်တပ်အရာရှိများ စုပေါင်းပြုလုပ်သော ဆီအုန်းနှင့် ရာဘာစိုက်ပျိုးရေး အတွက် အသုံးပြုနေဆဲဖြစ်သည်။ နိုင်ငံတော်မှ ချမှတ်ထားသော ကြက်ဆူပင်စိုက်ပျိုးရေးစီမံချက်နှင့် ဆက်နွယ်နေသော မြေသိမ်းယူခြင်း၊ အတင်းအဓမ္မလုပ်အားပေးရခြင်းနှင့် ငွေညှစ်ခြင်းများသည် တစတစပိုမိုများပြား ကျယ်ပြန့်လာနေဆဲဖြစ်သည်။

လွန်ခဲ့သောနှစ်အတွင်း ထားဝယ်၊ သရက်ချောင်း နှင့် တနင်္သာရီမြို့နယ်များအတွင်းရှိ ရွှေ့ပြောင်းရေးစခန်း ၂၀ ကျော်မှ ရွာသားများသည် မူရင်းကျေးရွာများ သို့မဟုတ် နီးစပ်ရာ ဒေသများတွင်အခြေချရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ယင်းကြိုးပမ်းချက်သည် နအဖ အာဏာပိုင် များနှင့် နားလည်မှုအပေါ် တွင်အခြေခံကာ မည်သည့်တရားဝင်ခွင့်ပြုချက်မျိုးမှ မရှိပေ။ ထို့ကြောင့် ရွာသားများသည် မြန်မာစစ်တပ်က သတ်မှတ်ထားသော နေရာများသို့ ပြန်နေရန် လိုအပ်ခြင်း ရှိမရှိ သို့မဟုတ် ပုံမှန်လူ့အဖွဲ့အတွင်း ပြန်လည်ဝင်ရောက်ကာ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခြင်း အတွက်လည်း အာမခံချက်ရေရေရာရာ ရှိမရှိကိုလည်း မည်သို့မျှ အာမခံချက်မပေးထားပေ။ သို့သော်ငြား မိမိဆန္ဒအလျောက် သွားလာခွင့် ပေးထားသောကြောင့် ယမန်နှစ်နှင့် ယှဉ်ကြည့်ပါက စခန်းအတွင်း လူဦးရေ ၁၈၀၀၀ ကျဆင်းသွားခဲ့သည်။

လွန်ခဲ့သောနှစ်အတွင်း နအဖ၏ အဆိုးဝါးဆုံးသော စစ်ဆင်ရေးများမှာ တနင်္သာရီတိုင်းနှင့် ဘုတ်ပြင်း မြို့နယ်များ အတွင်း ခလရ ၃၄၂ နှင့် ခမရ ၂၆၅ တို့ဆင်နွှဲခဲ့သော စစ်ဆင်ရေး ဖြစ်သည်။ ၎င်းင်းတပ်ရင်းများမှ လှုပ်ရှားစစ်ကြောင်းများသည် ကေအန်ယူတပ်ရင်းတရင်းအား ပစ်မှတ်ထားသည် ဟုဆိုသော ယင်းစစ်ဆင်ရေးကာလများတွင် ရလာဒ်မှာ နအဖ၏ရန်မှ ထွက်ပြေးတိမ်းရှောင် ပုန်းအောင်းနေသော အရပ်သားပြည်သူများ၏စားနပ်ရိက္ခာများ၊ အိုးအိမ်များ ဖျက်ဆီးခံ လိုက်ရခြင်းပင် ဖြစ်ခဲ့သည်။ ထိုကျူးလွန်မှုများ၏ ရလာဒ်အဖြစ် ကျေးရွာသား ၁၀၀၀ ကျော်သည် ၎င်းတို၏ အသက်ရှင်ရပ်တည်မှုအား မည်သို့မျှ ဆက်လက် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ဖြစ်ခဲ့သည်။ အချို့မှာ နီးစပ်ရာ ရွှေ့ပြောင်းရေးစခန်းများဆီသို့ မဖြစ်မနေ ရွှေ့ပြောင်းသွားရပြီး အများစုမှာ ထိုင်းနိုင်ငံသို့ ဝင်ရောက်ကာ ခိုလှုံခွင့် တောင်းယူခဲ့ကြသည်။ ထို့ကြောင့် ပုန်းအောင်းနေသော အိုးအိမ်မဲ့လူထုဦးရေ ခန့်မှန်းချက်သည် အနည်းငယ်ကျဆင်းသွားခဲ့သည်။ သို့သော် ယင်းအချက်သည် ၎င်းင်းတို့၏ တကယ့်ပြဿနာအား ဖြေရှင်းသော စစ်မှန်သော အဖြေတခု မဟုတ်ပေ။

# တနင်္သာရီတိုင်း



ထားဝယ်
လွန်လုံ
သရက်ချောင်း
ထိုင်းနိုင်ငံ
ပလော
မြိတ်
တနင်္သာရီ
မော်တောင်
ကော့သောင်
ကျွန်းချောင်း
မြန်မာနိုင်ငံ
လာအိုနိုင်ငံ
ထိုင်းနိုင်ငံ
0
50
ကီလိုမီတာ
N
ထိုင်းမြန်မာနယ်စပ်တလျှောက်
ကူညီစောင့်ရှောက်ရေးညှိနှိုင်း
ပေါင်းအသင်း
အခြေမဲ့ရွာများ ၂၀၀၇
မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စုစည်းကျေးရွာများ၊
တိုင်းစစ်ဌာနချုပ်
ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (ဒကစ)
စစ်ကွပ်ကဲရေးဌာနချုပ် (စကခ)
ခြေမြန်တပ်မဌာနချုပ်
နအဖတပ်ရင်းဌာနချုပ်
နအဖရှေ့တန်းအခြေကုပ်စခန်း
ဒုက္ခသည်စခန်း
မြို့တော်
မြို့
ရွာ
မြစ်
လမ်းမငယ်
လမ်းမကြီး
နိုင်ငံနှင့်ပြည်နယ်နှင့်တိုင်းနယ်နမိတ်
အပစ်အခတ်ရပ်စဲဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ဆက်နွယ်သည့်
ဖွံ့ဖြိုးရေးစီမံကိန်းများ
သတ္တုတူးဖော်ရေးလုပ်ငန်း
ကားလမ်းဖေါက်လုပ်ရေးလုပ်ငန်း
သစ်ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်း
စိုက်ပျိုးရေးစီမံကိန်း



**PHOTO** : KSWDC, Uncertain futures, Karenni State, 2007

# အခန်း ၄

## အကာအကွယ်မဲ့မှုနှင့် အကာအကွယ်ပေးခြင်းအား လေ့လာခြင်း

# ၄ –၁ အကာအကွယ်မဲ့မှုအား စုံစမ်းလေ့လာခြင်း

ဒုက္ခအတိရောက်နေခြင်းအား ဖယ်ရှားပစ်ရန်ဟူသော လူသားချင်းဆိုင်ရာ လိုအပ်ချက်သည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်သာမဟုတ်ပဲ အကာအကွယ်မဲ့မှုဖြစ်ရခြင်း၏ အကြောင်းရင်းများနှင့် လူသားလုံခြုံမှုကင်းမဲ့ရခြင်း၏ အကြောင်းရင်းများကိုလည်း ဖြေရှင်းရန် လိုအပ်သည်။ အကာအကွယ်မဲ့မှုသည် ဖယ်ကျဉ်ထားခံရသောလူတဦးချင်း သို့မဟုတ် အသိုင်းအဝန်းတခု၏ အသက်မွေးဝမ်းကြောင်းမှုနှင့် လူ့အခွင့်အရေးများအား မျက်ကွယ်ပြုခြင်း၊ ဘေးဖယ်ထားခြင်း သို့မဟုတ် ဂုတ်သွေးစုတ်ခြင်းများကို ဖြစ်ပေါ်စေသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပုံစံများ၏ ရလာဒ်ပင်ဖြစ်သည်။ အသက်မွေးဝမ်းကြောင်းမှုဖက်မှ ချည်းကပ်သောအမြင်တွင် အကာအကွယ်မဲ့မှု သည် မိမိပိုင်ပစ္စည်းဥစ္စာများကို ခိုးယူဖျက်ဆီးခံရခြင်းမှ အကာအကွယ်မပေးနိုင်မှုများ၊ လုပ်ငန်းများ၊ အသက်ရှင်ရပ်တည်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်နွယ်၍ ကျော်ဖြတ်လုပ်ကိုင်နိုင်စွမ်း အကန့်အသတ်များကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သို့သော်လည်း အမြဲတစေ အရေးပေါ် အခြေအနေတွင်ရှိနေသော လူသားချင်းဆိုင်ရာ အကာအကွယ်ပေးခြင်း အမြင်တွင်မူ အကာအကွယ်မဲ့မှုသည် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုပုံစံများနှင့် အခြေခံဆက်နွယ် နေသည်ဟု ဆိုသည်။[53]




မြန်မာနိုင်ငံအရှေ့ခြမ်းရှိ ဒေသအားလုံးတွင် တိုက်ရိုက်ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများအတွက် တဦးချင်းဆိုင်ရာလုံခြုံမှုအား ခြိမ်းခြောက်နေသော ခြိမ်းခြောက်မှုတခု ဖြစ်နေဆဲဖြစ်သည်။ ကင်းလှည့်စစ်ကြောင်းများ၊ မြေမြှုပ်မိုင်းများနှင့် လက်နက်ဖြင့်

[53] Narbeth and McLean, 2003, "Livelihoods and Protection : Displacement and Vulnerable Communities in Kismaayo, Southern Somalia ", Humanitarian Practice Network Paper 44, ODI, London, www.odihpn.org

တိုက်ခိုက်မှု အန္တရာယ်များသည် ပဋိပက္ခ အဖြစ်ပွားဆုံး သောဒေသများတွင်း ပုန်းအောင်နေကြသော အိမ်ထောင်စုများအတွက် အထူးဆိုးဝါးသော အခြေအနေများဖြစ်သည်။

တုန့်ပြန်ဖြေရှင်းမှုများအား ပြည်နယ်များအလိုက် ခွဲခြားကြည့်သောအခါတွင် ယင်းခြိမ်းခြောက်မှုများသည် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းများတွင် အများဆုံးတွေ့ရှိရသည်။ ထိုနေရာများသည် အဆိုးဝါးဆုံးသော လူသားချင်းဆိုင်ရာချိုးဖောက်မှုများနှင့်ပတ်သက်၍ ယုံကြည်လောက်ရသော အစီရင်ခံမှုများ ပုံမှန်ပေါ်ထွက်နေသောနေရာဖြစ်သည်။ သို့သော် မြန်မာစစ်တပ်များ အမြဲတစေရှိနေသော အုပ်ချုပ်ရေးအရ ရောထွေးသောဒေသများနှင့် ရွှေ့ပြောင်းရေးစခန်းများတွင် မတရားဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်း၊ နှိပ်စက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်း၊ ပေါ်တာ နှင့် မြေမြှုပ်မိုင်းဖေါ်သူများအဖြစ် အတင်းအဓမ္မခေါ်ယူခြင်းစသည့် ကြီးမားလှသော အန္တရာယ်များကို မှတ်တမ်းတင်ထားဆဲ ဖြစ်သည်။ အရပ်သားများအား အကြမ်းဖက်မှုကျူးလွန်သော မူလပထမ တရားခံများမှာ နအဖ၏စစ်သားများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များဖြစ်သည် ဟူသော လူ့အခွင့်အရေးအဖွဲ့များ၏ တွေ့ရှိချက်ကို ယင်းအချက်များက အားဖြည့်ပေးလိုက်သည်။




ယခုနှစ်စစ်တမ်းမှ တွေ့ရှိတုံ့ပြန်ချက်များအား ၂၀၀၅ ခုနှစ်မှ တွေ့ရှိရသောအချက်များနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နမူနာပုံစံများ၊ ဖြေဆိုသူဦးရေ နှင့် စုံးစမ်းခြင်းပုံစံများသည် တူညီမှုရှိသောကြောင့်ဖြစ်သည်။ စစ်တမ်းကောက်ယူမှု နှစ်ကြိမ်စလုံးတွင် ဖြေဆိုသူများအား လွန်ခဲ့သော ၁၂ လအတွင်း မည်ကဲ့သို့ ခြိမ်းခြောက်မှုမျိုးအား ရင်ဆိုင်ခဲ့ရသည်ကို မေးမြန်းခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် လူပ်ရှားကင်းလှည့်စစ်ကြောင်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်အား မမေးမြန်း ခဲ့သော်လည်း တဦးချင်းဆိုင်ရာလုံခြုံမှုနှင့် လုံခြုံရေးသည် အဖြစ်အများဆုံးသော ခြိမ်းခြောက်မှု တခုအဖြစ် ဖြစ်ပွားနေကြောင်း တွေ့ရှိချက်များကပြဆိုသည်။ အထူးသဖြင့် မတရားဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ခြင်း နှင့် စစ်လက်နက်ရိက္ခာပစ္စည်းများအတွက် အတင်းအဓမ္မပေါ်တာဆွဲခြင်းနှင့်

ဆက်နွယ်သော ကြောက်ရွံ့မှုများ သိသိသာသာများပြားသည်။ နယ်စပ်တလျှောက် နအဖရွှေ့တန်းတပ်စခန်းများသည် ရိက္ခာပစ္စည်းများသယ်ယူရန်အတွက် အဓမ္မလုပ်အားပေးမှုကိုသာ ပိုမိုအားထားရသည်ဟူသော ကွင်းဆင်းအစီခံချက်များကို ယင်းအချက်ကထင်ဟပ်စေသည်။




တဦးချင်းလုံခြုံမှုနှင့် လုံခြုံရေးအား ဆိုးဝါးစွာ ခြိမ်းခြောက်နေသော်လည်း အသက်မွေးဝမ်းကြောင်းမှု အပေါ် ခြိမ်းခြောက်နေခြင်းသည်လည်း ကြီးကြီးမားမားဖြစ်ပေါ်နေသည်။ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ငွေညှစ်ခြင်း သို့မဟုတ် မတရား အခွန်ကောက်ခြင်းများပြီးလျှင် လွန်ခဲ့သောနှစ်အတွင်း၌ စိုက်ခင်းများ နှင့် ဈေးများဆီသို့သွားလာခွင့်အား ကန့်သတ်ချုပ်ချယ်ခြင်းသည် အဖြစ်အများဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုတခုဖြစ်သည်။ ယင်းချိုးဖောက်မှုပုံစံခံရသော အိမ်ထောင်စုအချိုးအစားမှာ အုပ်ချုပ်ရေးအရရောထွေးသော ဒေသများနှင့် ရွှေ့ပြောင်းရေးစခန်းများတွင် ရာခိုင်နှုန်းအများဆုံး ဖြစ်သည်။ ယင်းနေရာနှစ်ခုသည် မြန်မာစစ်တပ်နှင့်နီးကပ်စွာနေထိုင်ရခြင်းနှင့် ဆက်နွယ်နေသော ဖိနှိပ်မှု အခြေအနေများ၏ သရုပ်သကန်အစစ်ကို ဖေါ်ပြနေခြင်းဖြစ်သည်။ တဖက်တွင် စားနပ်ရိက္ခာများကိုဖျက်ဆီးပစ်ခြင်း သို့မဟုတ် သိမ်းယူခြင်း၊ အိုးအိမ်များမှမောင်းထုတ်ခြင်း သို့မဟုတ် ဖျက်ဆီးပစ်ခြင်းသည် ပဋိပက္ခအဖြစ်အများဆုံးသော ဒေသများတွင် ပုန်းအောင်းနေသော ရွာသားများကို အဓိကပစ်မှတ်ထားနေခြင်းဖြစ်သည်။ ဆင်းရဲမွဲတေအောင်ပြုလုပ်ခြင်း နှင့် ပိတ်ပင် ထားခြင်းများမှတဆင့် အရပ်သားပြည်သူများကိုများကို တိုက်ရိုက်ပစ်မှတ်ထားသော နအဖ၏ တန်ပြန်သောင်းကျန်းသူ ဆန့်ကျင်ရေးမဟာဗျူဟာကို ယင်းအချက်ကပေါ်လွင်စေသည်။ တနိုင်ငံလုံး အလိုက်ခွဲခြားကြည့်သော အခါတွင် ချိုးဖောက်မှုများသည် ပဲခူးတိုင်းအရှေ့ခြမ်းတွင် ယေဘုယျအားဖြင့် အများဆုံးမြင်တွေ့ရသည်။ ချွင်းချက်အားဖြင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းသည် ရှမ်းပြည်နယ်တွင် အဆမတန် ပိုမို၍ များပြားသည်။




စစ်ပွဲကြောင့်ဆုံးရှုံးမှုများနှင့်ဆက်နွယ်သော လားရာညွှန်ပြချက်များအား ၂၀၀၄ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်တွင် တီဘီဘီစီက ပြုလုပ်ခဲ့သော အလားသဏ္ဍာန်တူ ကွင်းဆင်းစစ်တမ်းမှရရှိသော ဖြေဆိုချက်များနှင့် နှိုင်းယှဉ်လေ့လာနိုင်သည်။ ၂၀၀၄ ခုနှစ်မှစ၍ ငွေညှစ်ခြင်းနှင့် အဓမ္မလုပ်အားပေး ခိုင်းစေမှုများသည် သိသိသာသာကျဆင်းလာသည်ဟု တွေ့ရှိချက်များကပြောဆိုသည်။ ယင်းအချက်သည် နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် ဆက်နွယ် သော ပြစ်ဒဏ်ခတ်မှုအားကွယ်ပျောက်စေရန် ကြိုးပမ်းအားထုတ်ချက်၏ တစိတ်တပိုင်းနှင့် သက်ဆိုင်သည်။ သို့သော် လူထုအခြေပြုအဖွဲ့အစည်းများ၏ ကွင်းဆင်းအစီရင်ခံစာများက ယင်းကျဆင်းမှုနှင့် ကွဲပြားခြားနားစွာ ရှုမြင်တွေ့ရှိကြသောကြောင့် ချိုးဖောက်မှုဖြစ်ပွားနှုန်း သိသိသာသာကျဆင်းသွားသည်ထက် ပထမအကြိမ်အိမ်ထောင်စုစစ်တမ်းတွင် အမှားများ ဖြစ် ပေါ်နိုင်သည်က ပိုဖြစ်နိုင်သည်။ ခရီးသွားလာခွင့်ကန့်သတ်ချက်များပိုမိုတိုးများလာသည်ဆိုသော အချက်ကို ကွင်းဆင်းအစီရင်ခံစာများနှင့် ကိုက်ညီမှုရှိသည်။ ရှမ်းပြည်တပ်မတော် တောင်ပိုင်း တပ်ရင်း အမှတ် ၁၅၈ တပ်ရင်းမှူး၏ လက်နက်ချသည့်အချိန်မှစ၍ ညအိပ်ညနေခရီးသွားလာခြင်းများကို ကန့်သတ်ထားခြင်း၊ ကရင်ပြည်နယ်မြောက်ဖက်ပိုင်းဒေသများတွင် မြေပြန့်ဒေသနှင့် တောင်ပေါ် ကျေးရွာများ ခွဲခြားသတ်မှတ်ရန်အတွက် ကန့်သတ်ခြင်းများနှင့် မွန်ဒေသတွင် လက်နက်ကိုင် အုပ်စုကွဲများ၏ လှုပ်ရှားမှုများကိုကန့်သတ်ခြင်းတို့ကြောင့် ယင်းကဲ့သို့ညအိပ်ညနေခရီးသွားလာခြင်း များအား ကန့်သတ်ထားသည်ဟူသောအချက်များကို ကွင်းဆင်းအစီရင်ခံစာများတွင် မှတ်တမ်း တင်ထားသည်။

စစ်တမ်းများမှ ရရှိလာသော တုန့်ပြန်ဖြေဆိုချက်များအား လိင်ကွဲပြားမှုအရ ခွဲခြမ်းကြည့်ရာတွင် လွန်ခဲ့သောနှစ်အတွင်း အမျိုးသားနှင့် အမျိုးသမီးကြုံတွေ့ခဲ့ရသော အသက်ရှင်မှုအပေါ် ခြိမ်းခြောက်ခြင်းနှင့် အသက်မွေးဝမ်းကြောင်းမှုအပေါ် ခြိမ်းခြောက်ခြင်းအကြား သိသာသော ကွဲပြားခြားနားမှု မတွေ့ရှိခဲ့ရပေ။ အဓမ္မလုပ်အားပေးခြင်း၊ ငွေညှစ်ခြင်း၊ မတရားဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ခြင်း နှင့် ခရီးသွားလာခြင်းအပေါ်ကန့်သတ်ချုပ်ခြယ်ခြင်းတွင် အမျိုးသားများသည်

ရာခိုင်းနှုန်းအရ အနည်းငယ်သာမြင့်မားကြောင်းတွေ့ရှိရသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများတွင် အမျိုးသားများသည် တောအုပ်များနှင့်ဈေးများဆီသို့ ပိုမို၍သွားလာရခြင်းနှင့် ထို့အပြင် နအဖတပ်ဖွဲ့များဖြင့် ထိစပ်ရခြင်းမှာ ပိုမိုများသည်ဟု စောင့်ကြည့်လေ့လာနေသောလူထုအခြေပြု အဖွဲ့များက ထောက်ပြကြသည်။ အမျိုးသမီးငယ်များနှင့် အရွယ်ရောက်အမျိုးသမီးများ ထပ်လောင်းခံစားရသော အကာအကွယ်မဲ့မှုအား စုံစမ်းရာတွင် ယခုနှစ် အိမ်ထောင်စု စစ်တမ်းတွင် ကျယ်ပြန့်သော ယဉ်ကျေးမှုလက္ခဏာအောက်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ဆန့်ကျင် ခြင်းနှင့် လိင်အရခွဲခြားဆက်ဆံခြင်းများဖြေရှင်းသော အသေးစိတ်မေးခွန်းများ ထည့်သွင်းထားသည်။




လိင်အရ သီးသန့်ခွဲထုတ်၍ တွေ့ရှိလာသော စစ်တမ်းအချက်အလက်များကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများအနက် ထက်ဝက်နီးပါးက အမျိုးသားနှင့် အမျိုးသမီးတွင် တန်းတူအခွင့်အလမ်းများရှိသည်ဟု ခံစားရကြောင်းတွေ့ရှိရသည်။ အမျိုးသမီးငယ်များနှင့် အရွယ်ရောက်အမျိုးသမီးများသည် သတ်မှတ်ထားသော ပြုမူနေထိုင်နေခြင်း အတွင်းသာနေထိုင်ရမည်ဟူသော လိင်အားအခြေခံသော ယေဘုယျသတ်မှတ်ချက်များဖြင့် ဖယ်ကျဉ် ခံထားသောပုံစံများကို လူအများပိုမိုသိရှိလာစေရန် ကျယ်ပြန့်သောပညာပေးလုပ်ငန်းတခုလည်း ဖြစ်ခဲ့သည်။

ရပ်ရွာခေါင်းဆောင်မှုနှင့် ဝင်ငွေရရှိရေးလုပ်ငန်းများတွင်ပါဝင်ရခွင့်အား နစ်နာဆုံးရှုံးခံကာ အမျိုးသမီး များသည် အိမ်တွင်းရေးတာဝန်များကိုသာပိုမို၍လုပ်ဆောင်ပေးရန် လိုအပ်သည်ဟု အိမ်ထောင်စု တော်တော်များများက အသိအမှတ်ပြုထားသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား ကာကွယ် သောအားဖြင့် အိမ်ထောင်ဖက်ရင်းအပြင်ခရီးသွားလာရန် ကန့်သတ်ထားသောကြောင့် ဖြစ်ပေါ်ရ သော အထီးကျန်ဆန်မှုကြောင့်လည်းဖြစ်နိုင်သည်။ အမျိုးသမီးငယ်များနှင့် အရွယ်ရောက် အမျိုးသမီးများ အပေါ်ယဉ်ကျေးမှုအရ ယင်းကဲ့သို့ကန့်သတ်ထားခြင်းသည် အုပ်ချုပ်ရေးအရ ရောထွေးသော

ဒေသများတွင် အဖြစ်ပွားဆုံးဖြစ်သည်။ ပုန်းခိုအောင်းရာဒေသများနှင့် ရွှေ့ပြောင်းရေး စခန်းများအတွင်း တန်းတူအခွင့်အရေးရှိခြင်းအား မည်မျှအမြင်ရှိသည်ဆိုသော အချက်ကို ရပ်ရွာအဆင့်တွင် လိင်အရတန်းတူရှိရေး သို့မဟုတ် အမျိုးသမီးအခွင့်အရေးအပေါ် သိရှိမှု အားနည်းခြင်း ဟူသောအချက်ဖြင့် တိုင်းတာပါက ဆွေးနွေးငြင်းခုံရမည့်ကိစ္စရပ်တခုဖြစ်သည်။

**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအခြေအနေအပေါ်တုံ့ပြန်ချက်များ**




အိမ်တွင်းအကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အာဏာပိုင်များမှ ခြိမ်းခြောက်မှု၊ အတင်းအကြပ် သို့မဟုတ် အရွယ်ငယ်ငယ်ဖြင့်အိမ်ထောင်ပြုရခြင်းများအား မြန်မာနိုင်ငံ အရှေ့ဖက်ခြမ်းရှိ အမျိုးသမီးငယ်များနှင့် အရွယ်ရောက်အမျိုးသမီး အထူးသဖြင့် ကြုံတွေ့နေရသော ဖြစ်ပွားမှုအများဆုံး အကြမ်းဖက်မှုပုံစံများဖြစ်သည်ဟု ကျေးရွာသားများက သတ်မှတ်ကြသည်။ ပြည်နယ်များအလိုက် ခွဲခြားကြည့်သော်အခါတွင် အိမ်တွင်းအကြမ်းဖက်မှုသည် ကရင်နီပြည်နယ်တွင် အဖြစ်ပွားဆုံးတွေ့ရပြီး၊ အတင်းအဓမ္မ သို့မဟုတ် အသက်ငယ်ငယ်ဖြင့် အိမ်ထောင်ကျခြင်း နှင့် အမျိုးသမီးများအား ကိုယ်ထိလက်ရောက်တိုက်ခိုက်ခြင်းသည် ရှမ်းပြည်နယ်တွင် အဖြစ်အများဆုံးကို တွေ့ရှိရသည်။ ဖြစ်ရပ်များအားလုံးတွင် ခြိမ်းခြောက်မှုသည် ရွှေ့ပြောင်းရေးစခန်းများနှင့် အုပ်ချုပ်ရေးအရ ရောထွေးသောဒေသများတွင် အကြီးမားဆုံးဟု ယူဆကြသည်။ မြန်မာစစ်တပ်များ နှင့် နီးကပ်စွာတည်ရှိပြီး၊ ၎င်းတို့၏ တင်းကျပ်သောအုပ်ချုပ်မှုအောက်တွင်ရှိသော ယင်းနေရာများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အများဆုံးတွေ့ရှိရသောကြောင့် အမျိုးသားရွာသားများသည် စစ်အစိုးရအပေါ် စိတ်ပျက်ဒေါသထွက်မှုများက အမျိုးသမီးအပေါ် အကြမ်းဖက်မှုကို ပြန်ပြောင်းဖြစ်စေသည်ဟု တွေ့ရှိချက်များကယူဆကြသည်။




ချိုးဖောက်မှုများတွင် ကလေးငယ်များသည် အထူးသဖြင့် အကာအကွယ်မဲ့ကြသူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံအရှေ့ခြမ်းကဲ့သို့သော ကာလရှည်ပဋိပက္ခဖြစ်နေသော အခြေအနေအောက်တွင် စစ်မှုထမ်းဘဝသို့ ဆွဲဆောင်သိမ်းသွင်းမှုမှာ အပိုဆောင်းအန္တရာယ်ရှိမှု ဖြစ်သည်။ အိမ်ထောင်စု ၁၀ ရာခိုင်နှုန်းတွင် တအိမ်ထောင်လျှင် တဦးသည် လက်နက်ကိုင်အဖွဲ့များတွင် လက်ရှိပါဝင် နေကြသည်ဟု စစ်တမ်းကတွေ့ရှိခဲ့သလို မြန်မာစစ်တပ်နှင့်နှိုင်းယှဉ်ပါက အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ကလေးငယ်ပါဝင်နှုန်း အနည်းငယ်များပြားကြောင်းလည်း စစ်တမ်းက တွေ့ရှိခဲ့သည်။ ၂၀၀၇ ခုနှစ်အစောပိုင်းတွင် ကေအန်ယူနှင့် ကေအန်ပီပီမှ ကလေးငယ်များအား စစ်သားအဖြစ် စုဆောင်းခြင်းအား အဆုံးသတ်ရေးဝန်ခံချက်ကို လက်မှတ်ထိုးထားသော်လည်း အစိုးရမဟုတ်သောအဖွဲ့များ၏ စစ်ရေးလုပ်ငန်းများတွင် ကလေးငယ်ဦးရေ သိသိသာသာရှိနေသေးကြောင်း တွေ့ရှိချက်များက ယူဆကြသည်။ လက်နက်ကိုင်တော်လှန်ရေးသို့ ၎င်းတို့၏ သဘော ဆန္ဒအလျောက် ဝင်ရောက်လာသော အသက် ၁၈ နှစ်အရွယ်ကလေးငယ်များအား တားမြစ်ရန် သို့မဟုတ် စစ်မှုထမ်းအဖြစ်မှ ပယ်ဖျက်ရန်အတွက် ဒေသခံတပ်မှူးများမှ လက်တွန့်နေကြခြင်းကို ယင်းအချက်က ထင်ဟပ်စေသည်။

မြန်မာစစ်တပ်မှ ခွင့်ပြုထားသောကြောင့် ကလေးငယ်များသည် စစ်တပ်အတွင်းသို့ စစ်သားအဖြစ် စုဆောင်းခံနေရသော်လည်း စစ်တမ်းကောက်ယူသော မိသားစုအဖွဲ့ဝင်များတွင် နအဖလက်အောက်၌ စစ်မှုထမ်းနေသူ တဦးတယောက်မျှမရှိသည်ကို တွေ့ရှိရသည်မှာ အံ့သြဖွယ်ရာကောင်းလှသည်။ သို့သော် မြန်မာစစ်တပ်မှ စုဆောင်းသော ကလေးအများစုသည် မြို့ပြများမှဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာ အနီးအနားကျေးရွာများမှမဟုတ် ဟူသောအချက်မှာ ဖြစ်နိုင်ချေပိုများသည်။




ယင်းချိုးဖောက်မှုပုံစံများသည် အကာအကွယ်မဲ့ရခြင်း၏ အကြောင်းအရာများဖြစ်ကြလို အဟာရချို့တဲ့မှု အတိုင်းအတာနှင့် လူ့သက်တမ်းသည်လည်း အကာအကွယ်မဲ့မှု မည်မျှရှိသည်ကို တွက်ချက်ရာတွင် အထောက်အကူဖြစ်စေသည်။ အဟာရချို့တဲ့မှုသည် ဖွံ့ဖြိုးမှုအားနည်းနှင့် အသေအပျောက်များပြားခြင်း၊ လုံးပါးပါးခြင်း (ပိန်လှီခြင်း သို့မဟုတ် ဆိုးဆိုးဝါးဝါးအဟာရချို့တဲ့မှု)၊ ကြီးထွားမှုနှုန်းတန့်ခြင်း (အရပ်ပုခြင်း သို့မဟုတ် နာတာရှည်အဟာရချို့တဲ့မှု) နှင့် လူ့ခန္ဓာကိုယ်ကြီးထွားစေသော ဗီတာမင်ချို့တဲ့မှု (Micro-nutrient deficiencies) တို့နှင့်ဆက်နွယ်သည်။ ကလေးများအကြား အဟာရချို့တဲ့မှုအား တိုင်းတာခြင်းသည် လူဦးရေတခုလုံးအား တိုင်းတာခြင်းနှင့် တူညီသည်ဆိုသည့်အချက်အား ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည်။ ပုံမှန် အသုံးပြုသော နည်းလမ်းမှာ အသက် ၆ လနှင့် ၅၉ လအကြား ကလေးငယ်များ၏ အရပ်အလိုက် ကိုယ်ခန္ဓာအလေးချိန်တိုင်းတာမှု (WFH) နည်းလမ်းဖြင့် ယှဉ်ထိုးတွက်ချက်ကာ နိုင်ငံတကာ စံသတ်မှတ်ချက်တန်ဖိုးများမှ လွဲဖယ်မှုစံများ (Z scores) အရ မည်မျှဆိုးဝါးသော အဟာရချို့တဲ့မှု ဖြစ်နေသည်ကို ပြန်လည်အစီရင်ခံကြသည်။ လက်မောင်းအလယ်အဝန်း (MUAC) စစ်တမ်းက လွယ်လင့်တကူလုပ်၍မရသော အရေးပေါ်အခြေအနေများတွင် အလွယ်တကူ မြန်မြန်ဆန်ဆန် စစ်ဆေးမှုများလုပ်နိုင်ရန်အတွက် အစားထိုးနည်းလမ်းတခုကို ပေါ်ပြထားသည်။ MUAC စမ်းသပ်မှုတွင် အသက် ၁ နှစ်မှ ၅ နှစ်အရွယ်ကလေးငယ်တဦး၏ လက်မောင်းအဝန်းသည် ၁၂ ဒသမ ၅ စင်တီမီတာအောက်တွင်ရှိပါက ယင်းကလေးငယ်သည် ကမ္ဘာလုံးဆိုင်ရာဆိုးဝါးသော အဟာရချို့တဲ့မှု (GAM) ခံစားနေရသူအဖြစ် သတ်မှတ်နိုင်သည်။[54]

နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများနှင့်ပတ်သက်၍ ပြုလုပ်သော အခြားသောစစ်တမ်းများ နည်းတူ ယခုစစ်တမ်းသည်လည်း MUAC စမ်းသပ်မှုအား အသုံးပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော်

[54] The SHERE Project, 2004, “Humanitarian Charter and Minimum Standards in Disaster Response”, pp 108, 183.

လက်တွေ့ကွင်းဆင်းသည့်နေရာတွင် အလေးချိန်ကိရိယာများသယ်ယူသွားရန် လက်တွေ့အရ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဒုက္ခသည် စခန်းများ၌ နိုင်ငံတွင်းအခြေမဲ့ဘဝဖြင့် လောလောလတ်လတ်ရောက်ရှိလာသော ကလေးငယ်များကို အရပ်နှင့် ကိုယ်ခန္ဓာအလေးချိန် တိုင်းတာနည်းဖြင့် စမ်းသပ်ခဲ့သည်။ အန္တရာယ်ပြွန်းပြီး ခက်ခဲသော အခြေအနေများတွင် ဆောင်ရွက်ခဲ့သော အဟာရချို့တဲ့မှုလေ့လာချက်များနှင့် လွန်ခဲ့သော ၇ နှစ်အတွင်း တွေ့ရှိချက် များမှာ လွန်စွာကွဲပြားမှုရှိခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဟာရဖြည့်ဆည်းမှု အဆင့်အတန်းတွင် ကြီးကြီးမားမားပြောင်းလဲခဲ့ခြင်းထက် နည်းနာအရကန့်သတ်ချက်များကြောင့်ဖြစ်သည်။ သို့သော် ယခုနှစ် MUAC စစ်တမ်းမှ ရရှိလာသောရလဒ်များနှင့် ယမန်နှစ်က အသစ်ရောက်ရှိလာသော ဒုက္ခသည်များအား WFH နည်းဖြင့် ရယူထားသောရလာဒ်များအကြား နှိုင်းယှဉ်ချက်များက နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်နေသော ကလေးငယ်များအကြားတွင် ကမ္ဘာလုံးဆိုင်ရာ ဆိုးဝါးသောအဟာရချို့တဲ့မှု (GAM) ရာခိုင်နှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ခိုင်ခိုင်မာမာ ပြောဆိုနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်း[55] အရ အလွန်ဆိုးဝါးသော လူထုကျန်းမာရေး ပြဿနာတခုဖြစ်ပေါ်နေကြောင်းကို ယင်းအချက်ကပြဆိုနေသည်။။ ကလေးငယ် ၇ ဒသမ ၄ ရာခိုင်နှုန်းသည် ဆိုးဆိုးဝါးဝါးအဟာချို့တဲ့မှုဒဏ်ကို ခံနေရသည်ဟူသော မကြားသေးမီက ထုတ်ပြန်ထားသော နိုင်ငံတော်တိုင်းတာချက်ကိန်းဂဏန်းများနှင့် လုံးဝမတူကွဲပြားနေသည်။[56] ၎င်းင်းကိန်းဂဏန်းများအရ နိုင်ငံအဝှမ်းတွင် ကလးငယ်သုံးပုံတပုံသည် နာတာရှည်အဟာရချို့တဲ့မှုကို ခံစားရသည်ကို ညွှန်ပြနေသည်။[57] ထို့ကြောင့် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်နေသော ကလေးများ၏ ထက်ဝက်နီးပါးသည် ကြီးထွားမှုနှုန်းတန့်နေသည်ဟု ခန့်မှန်းနိုင်သည်။

# ၄ – ၂ ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများ

ချိုးဖောက်အနိုင်ကျင့်မှုများအား မဟန့်တားနိုင်သော်လည်း နိုင်ငံတွင်းအခြေမဲ့ လှည့်လည် နေထိုင်သူများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင်နေထိုင်သူများသည် ခြိမ်းခြောက်မှုများအား တောင့်ခံနိုင်ရန်၊ အကြမ်းဖက်မှုနှင့်အနိုင်ကျင့်ချိုးဖောက်မှုများ၏ အကျိုးဆက်များကို လျော့ပါး စေရန်အတွက် ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများစွာကို ရှာဖွေဖေါ်ထုတ်အသုံးပြုကြသည်။ ပဋိပက္ခ၏ ဓါးစာခံများသည် ခြိမ်းခြောက်မှု၏သဘာဝ၊ ချိုးဖောက်သူများ၏စိတ်နေသဘာဝနှင့် ဖြစ်နိုင်ချေရှိသော လက်တွေ့ကျသည့် တုန့်ပြန်ချက်များကို ကောင်းစွာ ကြေကြေညက်ညက်သိသော ဒူပေနာပေခံသော သံမဏိ အသက်ရှင်သန်သူများ ဖြစ်ကြသည်။ ယင်းဒေသခံ လုပ်နိုင်စွမ်းများအား အသိအမှတ်ပြုခြင်း နှင့် ပံ့ပိုးကူညီခြင်းသည် အထိရောက်ဆုံးသော လူသားချင်းဆိုင်ရာအကာအကွယ်ပေးခြင်း မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပင် ဖြစ်လိမ့်မည်။ ယခုစစ်တမ်းက လုံခြုံမှုနှင့်

55 World Health Organisation, 2000, *The Management of Nutrition in Major Emergencies*, Geneva
56 Ministry of Health, 2003, *Multiple Indicator Cluster Survey*, Dept of Health Planning, Yangon.
57 UNICEF, 2004, *The State of the World's Children*, New York, p 108

လုံခြုံရေးအတွက် ကြိုတင်အချက်ပြခြင်းနည်းလမ်းများ နှင့် အန္တရာယ်ထိန်းချုပ်ခြင်းနည်းလမ်းများ အပြင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဆုံးရှုံးမှုနှင့် ကျန်းမာရေးအခြေအနေနိမ့်ကျမှုတို့အား ရင်ဆိုင်ကျော်လွှားသော နည်းလမ်းများကိုလည်း စုံးစမ်းလေ့လာထားသည်။




ကြိုတင်အချက်ပြခြင်းနည်းလမ်းများသည် စစ်တပ်များချဉ်းကပ်လာခြင်းနှင့် အခြားသော ခြိမ်းခြောက်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ခွင့်ကို ပိုမိုအထောက်အကူဖြစ်စေသည်။ လွန်ခဲ့သော ၁၂ လအတွင်း ကျေးရွာလုံခြုံရေးအစောင့်များ၊ ကုန်သည်များ သို့မဟုတ် အရပ်သားများသည် ကျေးရွာသားများအတွက် တင်ကြိုသတိပေးခြင်း၏ အဓိကအရင်းအမြစ်များဖြစ်သည်ဟု ယခုစစ်တမ်း ကတွေ့ရှိခဲ့သည်။ လုံခြုံသော ပတ်ဝန်းကျင်တခုပေါ်ပေါက်ရေးအတွက် ဒေသခံလူထုအကြား သို့မဟုတ် လူထုအတွင်းရှိ လူမှုရေးအရင်းအမြစ်များသည် အရေးကြီးသောအချက်တခုအဖြစ် တည်ရှိနေကြောင်း ယင်းအချက်က ညွှန်ပြနေသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း စစ်တပ်လှုပ်ရှားမှု၏ ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ အရေးကြီးသော သတင်းအရင်းအမြစ်များ ဖြစ်ကြပြီး အထူးသဖြင့် ပုန်းအောင်းရာနေရာများနှင့် တိုင်းရင်းသားအပစ်ရပ်ဒေသများတွင် အထူးအရေးပါလှသည်။ ဆန့်ကျင်ဖက်အားဖြင့် ကျအုံ့ဆဲဆဲသောအန္တရာယ်အတွက် ဒေသခံ ရွာသားများ အသိပေးခြင်းအား အသေးအမွှားကိစ္စရပ်တခုဟု မြန်မာစစ်တပ်ကယူဆထားသည်။ ယခုတွေ့ရှိချက်များက အစိုးရမဟုတ်သောအဖွဲ့အစည်းများက မည်သို့ပင် နအဖ၏ထိန်းချုပ်မှု ကျယ်ပြန့်လာသည်ဖြစ်စေ ၎င်းင်းတို့သည်သာ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်အစစ်အမှန် ဖြစ်သည်ဟူသော ပြော ဆိုချက်ကို အတည်ပြုလက်ခံလိုက်သည်။




တွေ့ရှိချက်များအား ၂၀၀၅ ခုနှစ်တွင် ပုံစံတူမေးခွန်းကိုအသုံးပြုခဲ့ပြီး တွေ့ရှိခဲ့သောအချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ကုန်သည်များနှင့် အခြားသောအရပ်သားများသည် တင်ကြိုအချက်ပြခြင်း၏ အရင်းအမြစ်တခုအဖြစ် အရေးပါနေမှုသည် ကျဆင်းသွားခဲ့သည်ဟု သက်သေပြခဲ့သည်။ နအဖက တိုက်ပွဲများ ဖြစ်ပွားရာဒေသများအတွင်း လှုပ်ရှားသွားလာမှုအား တစတစကန့်သတ်လာခြင်းကို ယင်းအချက်ကပြဆိုနေသည်။ လူမှုရေးကွန်ယက်များနှင့် စီးပွားရေးအဝန်းအဝိုင်း ကျဉ်းမြောင်း လာခြင်း၏ရလာဒ်အဖြစ် စစ်တပ်များချည်းကပ်လာမှုနှင့်ပတ်သက်သော တင်ကြိုအချက်ပြရန် အတွက် အရပ်သားများသည် ကျေးရွာလုံခြုံရေးအစောင့်ကို ပိုမို၍မှီခိုအားထားလာကြရသည်။



ရပ်ပိုင်းဆိုင်ရာနှင့်အသက်မွေးဝမ်းကြောင်းလုံခြုံမှုအား ခြိမ်းခြောက်ခြင်းအား အိမ်ထောင်စုအဆင့် ရင်ဆိုင်ရန်နည်းလမ်းများမှာ နေရာဒေသအလိုက် လုံးဝမတူကွဲပြားမှုရှိနေသည်ကို ယင်းအချက်က ဆိုလိုသည်။ အစားအသောက်ရိက္ခာများကို နေရာအနှံ့ဝှက်ထားခြင်းနှင့် အရေးပေါ် ဖြစ်လာပါက အဆင်သင့်ပုန်းအောင်းနိုင်သော အစားထိုးပုန်းကျင်းများပြင်ဆင်ထားခြင်းသည် ပုန်းအောင်းရာ ဒေသများအတွင်းနေထိုင်နေသော အိမ်ထောင်စုများအကြား ကင်းလှည့်စစ်ကြောင်းများမှတဆင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအားလျော့ပါးစေရန် ပြင်ဆင်ကျသော အဓိကပြင်ဆင်မှုဖြစ်ခဲ့သည်။ သတင်းပေါက်ကြားမှုမရှိစေရန်အတွက် ယင်းအိမ်ထောင်စုများသည် ညအချိန်တွင်အလုပ်လုပ် ကြသည်။ ယင်းအချက်က ပုန်းအောင်းရာဒေသများတွင် ခြိမ်းခြောက်မှုများ မည်မျှဆိုးဝါးနေသည်ကို ပြဆိုနေသည်သာမက မိမိပိုင်ဆိုင်ရာမြေပေါ်တွင် အသက်ရှင်ရပ်တည်မည်ဟူသော ရွာသားများ၏ ခိုင်မာသောစိတ်ပိုင်းဖြတ်ချက်ကိုလည်း ပြဆိုနေခြင်းဖြစ်သည်။

ဆန့်ကျင်ဖက်အားဖြင့် လွန်ခဲ့သောနှစ်အတွင်း ရွှေ့ပြောင်းရေးစခန်းများနှင့် အုပ်ချုပ်ရေးအရ ရောထွေးသောဒေသများတွင် ခြိမ်းခြောက်မှုများနည်းပါးစေရန်အတွက် အဓိကနည်းလမ်းမှာ ဒဏ်ငွေ ပေးဆောင်ခြင်းနှင့် အမိန့်နာခံခြင်းတို့ဖြစ်ခဲ့သည်။ နအဖမှ ပေါ်တာနှင့်အလုပ်သမားတောင်းဆိုမှုနှင့် ၎င်းနှင့်ဆက်စပ်နေသော လူသားသုံးမိုင်းရှင်းခြင်းကဲ့သို့သောအန္တရာယ်များအား ငွေပေးခြင်းဖြင့် ရှောင်လွှဲနိုင်သည်ကို ယင်းအချက်ကထင်ဟပ်စေသည်။ ယင်းကဲ့သို့သော ငွေညှစ်ခြင်းသည် လက်နက်ကိုင်အတိုက်အခံများ၏ လှုပ်ရှားစစ်ကြောင်းများအပေါ် လက်စားချေလိုခြင်းကြောင့်သာ မကပဲ စစ်အစိုးရက ၎င်း၏ရှေ့တန်းတပ်ဖွဲ့များ၏မလုံလောက်မှုများကို ဖြည့်ဆည်းပေးရန် အတွက်လည်း ပါဝင်သည်ဟုခန့်မှန်းတွက်ဆနိုင်သည်။

၂၀၀၇ ခုနှစ်တွင် ယင်းမေးခွန်းအားပြန်လည်ဖြေဆိုချက်များနှင့် ၂၀၀၅ ခုနှစ်တွေ့ရှိချက်များသည် တသတ်မတ်တည်းကျသည်။ အကွဲပြားဆုံးသောတွေ့ရှိချက်မှာ ညအချိန်အလုပ်လုပ်ရမှုနှုန်းသည် ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒဏ်ငွေပေးဆောင်ရမှုသည် ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။



ကျေးရွာအဆင့်အသုံးပြုသော အန္တရာယ်လျော့ပါစေရေး စုပေါင်းနည်းလမ်းများသည်လည်း နေရာဒေသကိုလိုက်၍ မတူကွဲပြားကြသည်။ ၂၀၀၅ ခုနှစ်အချိန်တွင် လွန်ခဲ့သော ၁၂ လအတွင်း ရွှေ့ပြောင်းရေးစခန်းများနှင့် အုပ်ချုပ်ရေးအရရောထွေးသောဒေသများမှလာသော အများဆုံး အသုံးပြုသောနည်းလမ်းမှာ နအဖအာဏာပိုင်များကို မျက်နှာချိုသွေးရန် ရွာလူကြီးအား ပိုက်ဆံပိုင်းစုထည့်ပေးကြခြင်းဖြစ်ခဲ့သည်။ အမျိုးသမီးရွာသူကြီးခန့်အပ်ခြင်းသည်လည်း အခြားနေရာ များထက် ရွှေ့ပြောင်းရေးစခန်းများတွင် ပိုမို၍အရေးပါခဲ့သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ် စစ်တမ်းတွေ့ရှိချက်များနှင့်ယှဉ်ကြည့်ပါက ဖြစ်ပွားမှုများအားလုံးသည် နှစ်ဆမြင့်မားခဲ့သည်။

သို့သော် ကျေးရွာလုံခြုံရေး အစောင့်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးရွာများအားလုံခြုံသော နေရာသို့ပြောင်းရွှေ့ခြင်း နှင့် အစိုးရမဟုတ်သူအဖွဲ့များအား မြေမြုပ်မိုင်းများခင်းပေးရန် တောင်းဆိုခြင်းစသောနည်းလမ်းများသည် ပုန်းအောင်းနေသော ရွာသားများအကြား အတွေ့ရှိရဆုံး ဖြစ်ခဲ့သည်။ နေရာပြောင်းရွှေ့ခြင်းနှင့် မြေမြုပ်မိုင်းများအပေါ်အားကိုးနေရသော ပဋိပက္ခဖြစ်ပွားရာဒေသများတွင်အသုံးပြုသော မိမိကိုယ်ခုခံကာကွယ်ရေးနည်းများသည် မည်သို့မျှရေရှည်ခံသော အဖြေထုတ်ချက်များမဟုတ်ကြသကဲ့သို့ ယင်းနည်းလမ်းဆက်နွယ်သော ဝန်ထုတ်ဝန်းပိုးနှင့် အန္တရာယ်ရှိမှုသည်လည်း ကြီးမားလှသည်။ တကယ်တမ်းတွင်မူ ပုန်းအောင်းရာဒေသများအတွင်း ကျေးရွာသားများအတွက် လုံခြုံမှုနှင့်လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုအား ရင်ဆိုင်ဖြေရှင်းခြင်းမှာ အသက်ရှင်သန်ရေးအတွက် အခြေခံကျသောရုန်းကန်တိုက်ပွဲဝင်မှု တခုပင်ဖြစ်သည်။




ကြိုတင်အချက်ပြခြင်း၏အရင်းအမြစ်များတွင် လွန်ခဲ့သောနှစ်အတွင်း အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဖျက်ဆီးခံရခြင်းအား ရင်ဆိုင်ဖြေရှင်းသောနည်းနာများတွင် လူမှုရေးအရင်းအမြစ်သည် အရေးပါလှကြောင်း ထောက်ပြထားသည်။ နေရာပုံစံမျိုးစုံတွင် နိုင်ငံတွင်းအခြေမဲ့လှည့်လည် နေထိုင်သူများအတွက် အဓိကနည်းလမ်းတခုမှာ အိမ်နီးနားချင်းများမှအကူအညီရယူခြင်းနှင့်

ကုန်သည်များမှငွေချေးငှားခြင်း ဖြစ်သည်။ တည်ငြိမ်မှုမရှိသောပတ်ဝန်းကျင်တွင် အထူးသဖြင့် အကယ်၍ချေးငွေသည် အတိုးမပါသောချေးငွေဖြစ်ပါက ငွေချေးငှားခြင်းသည် ပစ္စည်းတခုခု အပေါင်ထားသောယုံကြည်မှုပေါ်တွင်သာ အားပြုရသည်။ အိမ်နီးနားချင်းများထံမှ ချေးငွေများ ရယူခြင်းနှင့် အကူအညီများရယူခြင်းသည် များများစားစားဖြစ်နေသောကြောင့် အခြေမဲ့အသိုင်း အဝန်းကြားနှင့် ပဋိပက္ခဖြစ်နေသောဒေသများအတွင်း ခိုင်မာသောဆက်ဆံရေးတခုရှိနေခြင်းကို ပြဆိုနေပြီး ထိုကဲ့သို့သောဆက်ဆံရေးမျိုးသည် ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်း၏ လက်တွေ့ကျသော အခြေခံနည်းလမ်းတခုဖြစ်သည်။ ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းများ၏ လူမှုရေးဆိုင်ရာ အခြေခံ အုတ်မြစ်တခုမှာ ပုန်းခိုကျင်းများတွင်နေထိုင်နေသော အကာအကွယ်မဲ့ဆုံးသော အသိုင်းအဝန်း၏ တုန့်ပြန်ချက်တခုလည်းဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်း ထိုနေရာများတွင်နေထိုင်သော လူဦးရေ၏ ထက်ဝက်နီးပါးသည် လူထုအခြေပြု အဖွဲ့အစည်းများထံမှ အကူအညီများရရှိခဲ့သည်။

ရွှေ့ပြောင်းရေးစခန်းများနှင့် အုပ်ချုပ်ရေးအရရောထွေးသောဒေသများတွင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဆုံးရှုံးရခြင်းအတွက် စီးပွားရေးအရရင်ဆိုင်ဖြေရှင်းရသောနည်းလမ်းမှာ ပိုင်ဆိုင်မှုပစ္စည်း များကိုရောင်းချခြင်းနှင့် ဝင်ငွေရသောအလုပ်အား ပြောင်းရွှေ့လုပ်ငန်းရခြင်းဖြစ်သည်။ ပိုင်ဆိုင်မှုပစ္စည်း များရောင်းချခြင်းကြောင့် ဆင်းရဲမှုမှခေတ္တအသက်ရှူပေါက်ရနိုင်သလို အိမ်မွေး တိရစ္ဆာန်များရောင်းချခြင်း သို့မဟုတ် ထုတ်ကုန်ပစ္စည်းများရောင်းချခြင်းသည်လည်း စီးပွားရေးအရ ပြန်လည်နလန်ထူနိုင်ရန်အတွက် ရေရှည်အမြင်တခုကိုလည်း စိုက်ထူပေးနိုင်သည်။ ပြောင်းရွှေ့ အလုပ်လုပ်ကိုင်ခြင်းကြောင့် အထူးသဖြင့် တည်ငြိမ်မှုမရှိသောပတ်ဝန်းကျင်တွင် မိသားစုများ တကွဲတပြားဖြစ်ရခြင်းနှင့် လူမနေထိုင်သောကြောင့် မြေယာဆုံးရှုံးရသောအန္တရာယ်ဆိုးကျိုးများကို တွေ့ရနိုင်သည်။




မကျန်းမာခြင်းများအား ရင်ဆိုင်ဖြေရှင်းကြရာတွင် သစ်ဥသစ်ဖုဆေးဝါးများ၊ ဘိန်းနှင့်ဆရာများ၊ နယ်စပ်ဖြတ်ကျော်အကူအညီများနှင့် ကုန်သည်များကိုသာအဓိကအားထားနေရခြင်းကြောင့် အစိုးရ၏ကျန်းမာရေးစနစ်ပြိုပျက်နေသည်ကို ယင်းအချက်ကပြဆိုနေသည်။ လွန်ခဲ့သောနှစ်အတွင်း ရွှေ့ပြောင်းရေးစခန်းများအတွင်း ဖြေဆိုသူသုံးပုံတပုံသည် အစိုးရဆေးပေးခန်းများတွင် ဆေးကုသ

ခံယူနိုင်ချိန်တွင် အခြားသောနေရာများတွင်ရှိသော နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ အတွက် ယင်းဆေးခန်းများတွင်ကုသခွင့်သည် ဥပက္ခာပြုခံထားရသည်။ ရွှေ့ပြောင်းရေးစခန်းများ တွင်ပင်လျှင် အနောက်တိုင်းဆေးဝါးများသည် အစိုးရဆေးပေးခန်းရှိဆရာဝန်များမှရရှိနိုင်သည်ထက် ကုန်သည်များမှရရှိမှုက နှစ်ဆပိုများသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမရှိသောကြောင့် ကုသနိုင်ပြီး ကာကွယ်ပေးနိုင်သော ကူးစက်ရောဂါများဖြစ်သည့် ဥပမာ ငှက်ဖျားကဲ့သို့ရောဂါများကြောင့် အသေအပျောက်နှုန်းမြင့်မားနေသည်။ ဆန့်ကျင်ဖက်အားဖြင့် နိုင်ငံတွင်းအခြေမဲ့လှည့်လည်နေထိုင်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုချို့တဲ့ခြင်းအား အထိရောက်ဆုံးသောစုပေါင်းဖြေရှင်းခြင်းနည်းလမ်းမှာ အစိုးရမဟုတ်သောသူများမှဆောင်ရွက်နေသောလုပ်ငန်းများကို ဆက်လက်ထားရှိခြင်းနှင့် နယ်စပ်ကျော်အကူအညီပေးရေးစီမံကိန်းများမှ ထောက်ပံ့ပေးသောစနစ်များဖြစ်ကြောင်းရှာဖွေတွေ့ရှိချက်များကဖော်ပြကြသည်။

# ၄ – ၃ အကာအကွယ်ပေးခြင်းအားစုံစမ်းလေ့လာမှု

